ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်း တောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်း များနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ် သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်၊ စနေနေ့။ Saturday, 18 May 2019 ၉၆၅၃

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘဲလင်း ၁၄၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တက်ရောက်ဖွင့်လှစ်

နေပြည်တော် မေ ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဘဲလင်း ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံဝင်းအတွင်း၌ တည်ဆောက်ပြီးသွားသည့် ၁၄၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။







နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့က ကျောက်ဆည်မြို့နယ် ဘဲလင်းသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံမှထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အား ၁၄၅ ဒသမ ၄၉ မဂ္ဂါဝပ်ကို မဟာဓာတ်အားလိုင်းပေါ်သို့ ပို့လွှတ်နိုင်ရန် စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးမင်းသူနှင့် ဦးဝင်းခိုင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ ဘဲလင်းသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ခဲ့ကြသည့် Powergen Kyaukse Co.,Ltd မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "လျှပ်စစ်ဓာတ်အားဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်တွေထဲက တစ်ခုဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ အိမ်နီးနားချင်းနိုင်ငံ အတော်များများမှာဆိုရင် ၈၀ ရာခိုင်နှုန်းကျော်၊ ၉၀ ရာခိုင်နှုန်းကျော်၊ ၁၀၀ ရာခိုင်နှုန်းပြည့် စသည်ဖြင့် လျှပ်စစ်ဓာတ်အားပေးနိုင်ပေမယ့် ကျွန်မတို့နိုင်ငံမှာ အခုအချိန်အထိ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရဲ့ ၅၀ ရာခိုင်နှုန်းတောင် မပြည့်သေးတာကို တွေ့နေရပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့နိုင်ငံအတွက် လျှပ်စစ်ဓာတ်အားပိုမိုရရှိဖို့ အများကြီးကြိုးစားနေဖို့ လိုပါတယ်။ လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးနိုင်ဖို့ အစိုးရအနေနဲ့ လျှပ်စစ်ဓာတ်အားလိုင်းသစ်တွေ ဖွင့်လှစ်ခြင်း၊ ဓာတ်အားခွဲရုံအသစ်တွေ ဖွင့်လှစ်ခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

**၅၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်မယ်လို့ မျှော်လင့်**

"ဒီနှစ်မကုန်ခင်မှာလည်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရဲ့ ၅၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ ဒါဟာ ကျွန်မတို့ ၂၀၁၆ ခုနှစ်တုန်းက

စာမျက်နှာ ၃ ကော်လံ ၁ သို့

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ဘိန်းအများဆုံး စိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကအတည်ပြု**

စာမျက်နှာ » ၅

**ပင်လယ်ကမ်းရိုးတန်းနှင့်ဆက်စပ်လျက်ရှိသည့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ သဘာဝသယံဇာတနှင့် အကျိုးစီးပွားများ ကာကွယ်ရေးကိစ္စများကို အချိန်နှင့်တစ်ပြေးညီ စီမံရေးဆွဲပေးရန် တိုက်တွန်းကြောင်းအဆိုကို အတည်ပြု**

စာမျက်နှာ » ၆



# ကြေးမုံ

## မေတ္တာတရားဖြင့် ငြိမ်းချမ်းသာယာဝပြောခြင်း

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ ဖြစ်သည်။ ကဆုန်ညောင်ရေသွန်းပွဲတော်နေ့ဟုလည်း ခေါ်ဆိုကြသည်။ ဤနေ့သည် အထူးမြတ်ဆုံးနေ့ဖြစ်သည်မှာ လွန်ခဲ့သည့်နှစ်ပေါင်း ၂၆၀၀ ကျော်က ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် ဖြစ်တော်မူစဉ်သမိုင်း၌ ဘုရားရှင် ဖွားမြင်တော်မူခြင်း၊ သဗ္ဗညုတဉာဏ်တော် ရရှိတော်မူခြင်းနှင့် မဟာပရိနိဗ္ဗာန်စံဝင်တော်မူခြင်းတို့ ဤကဆုန်လပြည့်နေ့တွင် ဖြစ်တော်မူခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

ကဆုန်လပြည့်နေ့ကဲ့သို့ ထူးမြတ်သည့် ဗုဒ္ဓဆိုင်ရာနေ့များတွင် ဗုဒ္ဓဘာသာကို ယုံကြည်မြတ်နိုးလေးစားတန်ဖိုးထားသော ဗုဒ္ဓဘာသာဝင် အပေါင်းတို့က အစဉ်အလာအားဖြင့် ကောင်းမှုကုသိုလ်များ ပွားများအားထုတ်ကြပြီး ကောင်းကျိုးများကို ဆောင်ကြဉ်းခဲ့ကြပေသည်။ ဗုဒ္ဓတရားတော်၏ မွန်မြတ်သောအကျင့်ကောင်းနှင့် လမ်းစဉ်မှန်ကို ယုံကြည်လက်ခံသောအားဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ဖြင့် ဤကဆုန်လပြည့်နေ့ကို ကုလသမဂ္ဂဗုဒ္ဓနေ့အဖြစ်သတ်မှတ်ခဲ့ပြီး နှစ်စဉ်နှစ်တိုင်း ဗုဒ္ဓနေ့ကျင်းပကြသည်မှာ ဂုဏ်ယူဖွယ်ဖြစ်သည်။

ဗုဒ္ဓတရား၏ အဆုံးအမအနှစ်ချုပ်မှာ ပုဂ္ဂိုလ်သတ္တဝါတိုင်း မိမိတို့၏ ကိုယ်၊ နှုတ်၊ စိတ်တို့ကိုစောင့်ထိန်းပြီး မေတ္တာတရားများပွားများကာ မကောင်းမှုကိုရှောင်ကြဉ်၍ ကောင်းမှုကို ဆောင်ကြဉ်းကြရန်ဖြစ်သည်။ ကိုယ်၊ နှုတ်၊ စိတ်သုံးပါးကိုထိန်းသိမ်းစောင့်ရှောက်သူသည် ကုသိုလ်မင်္ဂလာ တိုးပွားပြီး ဤဘဝမှာလည်း ယဉ်ကျေးသူအဖြစ်ဂုဏ်ထင်ကာ တမလွန်တွင်လည်း ကောင်းကျိုးချမ်းသာများ ဆင့်ကဲရရှိနိုင်မည် ဖြစ်သည်။

ဗုဒ္ဓတရားတော်အဆုံးအမအရ ဘိုး၊ ဘေး၊ ဘီ၊ ဘင် အစဉ်အဆက် ကျင့်သုံးနေထိုင်လာခဲ့ကြသော မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် ကိုယ်၊ နှုတ်၊ စိတ်ယဉ်ကျေး၍ ငြိမ်းအေးချမ်းသာသူများ ဖြစ်ခဲ့ကြသည်။ ကိုယ်၊ နှုတ်၊ စိတ်နှလုံးယဉ်ကျေးခြင်းသည် မေတ္တာစိတ်ဓာတ်ကိုအခြေခံရသဖြင့် အစဉ်အဆက် ဆရာသမား၊ မိဘတို့က မေတ္တာစိတ်ဓာတ်တို့ကို ထူထောင်ပေးခဲ့သည်။ ယခုနှစ်ကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓနေ့ အခမ်းအနားသည် ချစ်ခြင်းမေတ္တာတရားပွားများခြင်းမှတစ်ဆင့် ကမ္ဘာတစ်ဝန်းငြိမ်းချမ်းရေးအတွက် စုပေါင်းအင်အားဖြင့် ကြိုးပမ်းမည်ကို ထင်ဟပ်ဖော်ပြခဲ့သည်။

ဤကမ္ဘာမြေ၌ အကြမ်းဖက်မှုများ၊ အနိဋ္ဌာရုံများ ထူပြောနေချိန်တွင် မြတ်ဗုဒ္ဓ၏အဆုံးအမဖြစ်သည့် ချစ်ခြင်းမေတ္တာကိုလက်ကိုင်ထားပြီး ငြိမ်းချမ်းရေးနှင့် လူသားအချင်းချင်း သဟဇာတမျှတစွာနေထိုင်ရေးကို ဦးတည်ရမည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းသောကမ္ဘာကြီး တည်ဆောက်နိုင်ရေးအတွက် ဘာသာတရားတိုင်းသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ကမ္ဘာပေါ်ရှိဘာသာတရားတိုင်းသည် မိမိကိုယ်ကိုမိမိ ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ရန်၊ သူတစ်ပါးအား လေးစားရန်၊ လောဘ၊ ဒေါသနှင့် မုန်းတီးမှုများကိုလျှော့ချရန်နှင့် ငြိမ်းချမ်းစွာနေထိုင်ရန် လမ်းညွှန်ထားကြသည်။

မြတ်ဗုဒ္ဓညွှန်ပြသောလိုက်နာစောင့်ထိန်းအပ်သည့် အခြေခံအကျင့်တရားများနှင့် ဘာသာတရားတိုင်း၏ အဆုံးအမများကို ဆိုင်ရာဆိုင်ရာတို့က ကျင့်ကြံလိုက်နာအားထုတ်ကြမည်ဆိုလျှင် သဟဇာတမျှတသည့် လူ့အဖွဲ့အစည်းများမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောသည့် ကမ္ဘာကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ လူသားအားလုံးအနေဖြင့် ဘုံရပ်တည်ချက်ဖြစ်သည့် မေတ္တာ၊ အနှိုင်းမဲ့ကရုဏာနှင့် ခန္တီတရားတို့ကို လက်ကိုင်ထားမည်ဆိုပါက တစ်ကမ္ဘာလုံးငြိမ်းချမ်းမှု၊ ချမ်းသာကြွယ်ဝမှုတို့ကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ကဆုန်လပြည့်ဗုဒ္ဓနေ့၏ ထူးမြတ်သည့်နေ့ဖြစ်ခြင်းကို တစ်ကမ္ဘာလုံးက အသိအမှတ်ပြုလက်ခံထားပြီး ကမ္ဘာ့ကုလသမဂ္ဂဗုဒ္ဓနေ့များကို ကျင်းပနေပြီဖြစ်၍ ထူးမြတ်သည့်မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ မေတ္တာတရားလက်ကိုင်ထား၍ ငြိမ်းချမ်းသာယာဝပြောသော လူ့ဘောင်လောကကြီးဖြစ်ထွန်းအောင် လူသားတိုင်းက ဝိုင်းဝန်းကြိုးပမ်းဆောက်တည်ရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြန်မာနိုင်ငံပိုင် အနိမ့်ပံ့ဂြိုဟ်တုလွှတ်တင်ရေး လက်မှတ်ရေးထိုး


**နေပြည်တော် မေ ၁၇**

မြန်မာနိုင်ငံပိုင် အနိမ့်ပံ့ဂြိုဟ်တုလွှတ်တင်ရေးကို ၂၀၁၉ ခုနှစ် အောက်တိုဘာတွင် စတင်ဆောင်ရွက်ရန် ရည်ရွယ်သည့် LOI (Letter of Intent) ကို မေ ၁၅ ရက်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်မှတ်ရေးထိုးခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရသည်။

**လက်မှတ်ရေးထိုး**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများရှေ့မှောက်တွင် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်သွင်နှင့် ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးတက္ကသိုလ် Space Mission Center မှ ညွှန်ကြားရေးမှူး ပါမောက္ခ ယူကီဟီရို တာကာဟာရှီတို့က LOI လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မဲခေါင်နိုင်ငံများနှင့်ထိစပ်နေသော နယ်စပ် ၁၂ မြို့နယ်တွင် ဆေးယဉ်ပါးမှုထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်

**ရန်ကုန် မေ ၁၇**

မဲခေါင်မြစ်ဝှမ်းဒေသ၏ လေးနိုင်ငံထိစပ်မှုတွင် မြန်မာနိုင်ငံမှ စီမံချက်ဝင် ၁၂ မြို့နယ်ပါဝင်ပြီး ထိုဒေသများရှိ ရွှေ့ပြောင်းလုပ်သားများ၊ လူနည်းစုလူမျိုးများအကြား ဆေးယဉ်ပါးမှုနှင့် ကူးစက်မြန်ရောဂါများမဖြစ်ပွားစေရန် ကျန်းမာရေးဆိုင်ရာ လုံခြုံမှုထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း ကုသရေးဦးစီးဌာန အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ပြောရေးဆိုခွင့်ရှိသူထံမှ သိရသည်။

"မြန်မာနိုင်ငံရဲ့ နယ်စပ်ဒေသစီမံချက်ဝင် ၁၂ မြို့နယ်ကတော့ မဲခေါင်မြစ်ဝှမ်းဒေသ လေးနိုင်ငံနဲ့ထိစပ်နေတဲ့ဒေသတွေကို ရွေးတာပါ။ ဒီအထဲမှာ မြန်မာနိုင်ငံက တိုင်းဒေသကြီးနဲ့ ပြည်နယ်ရှိ မြို့ကြီးအချို့လည်း ပါဝင်နေတာပါ။ ဒီနယ်နိမိတ်တွေထဲက ရွှေ့ပြောင်းလုပ်သားတွေနဲ့ လူနည်းစုလူမျိုးတွေကြားမှာ ဆေးယဉ်ပါးမှုနဲ့ ကူးစက်မြန်ရောဂါတွေ မဖြစ်အောင်၊ မပြန့်ပွားအောင် ရောဂါပိုးတွေ နိုင်ငံတစ်ခုနဲ့တစ်ခု မပျံ့နှံ့အောင် နည်းလမ်းသုံးသွယ်နဲ့ ဆောင်ရွက်ပေးတာပါ။ ဒါက ADB ချေးငွေနဲ့ ဖော်ဆောင်တာပေါ့။ အိမ်နီးချင်းနိုင်ငံတွေအကြားမှာ ကျန်းမာရေးအရ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ကို ငွေအားလူအားနဲ့ ထိထိရောက်ရောက် အကျိုးရှိရှိဖြစ်အောင် ဆောင်ရွက်ပေးနေပါတယ်"ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပါမောက္ခ ဒေါက်တာဌေးဌေးတင် ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ)က ပြောသည်။

ထိုစီမံချက်ဝင် ၁၂ မြို့နယ်သည် မဲခေါင်မြစ်ဝှမ်းဒေသရှိ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ မြို့နယ်များပါဝင်သည်။ ထိုနိုင်ငံများနှင့် ထိစပ်နေသည့် မြန်မာနိုင်ငံတွင် ကယားပြည်နယ် လွိုင်ကော်မြို့၊ ရှမ်းပြည်နယ် တာချီလိတ်၊ ကျိုင်းတုံ၊ လားရှိုး၊ ကရင် ပြည်နယ်တွင် ဘားအံ၊ မြဝတီ၊ မွန်ပြည်နယ် မော်လမြိုင်၊ တနင်္သာရီတိုင်းဒေသကြီးရှိ ကော့သောင်းစသည့် စီမံချက်ဝင် မြို့နယ်များ ပါဝင်ကြောင်း သိရသည်။

စီမံချက်ဝင်မြို့နယ်များကို ကျန်းမာရေးလုံခြုံမှုပေးရာတွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ သက်သာသောအတိုးနှုန်းဖြင့် ကူညီသော ချေးငွေ US ဒေါ်လာ ၁၂ သန်းဖြင့် ဆောင်ရွက်ရခြင်းဖြစ်သည်။ ယင်းအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စီမံကိန်းသတ်မှတ်ချက်များ၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့၏ ဆုံးဖြတ်ချက်များဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် စတင်သက်ဝင်လှုပ်ရှားလာပြီး ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြောင်း၊ ထိုဆောင်ရွက်မှုတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ဗဟို)၊ အမျိုးသားဓာတ်ခွဲခန်းနှင့် သက်ဆိုင်ရာဆေးရုံများပါဝင်ကြောင်း ကုသရေးဦးစီးဌာန အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ သိရသည်။

စီမံချက်တွင် ကျန်းမာရေးဆိုင်ရာလုံခြုံမှုကို နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်ပေးရာ၌ လေးနိုင်ငံထိစပ်နေသော နယ်နိမိတ်များအကြားရှိ ရွှေ့ပြောင်းလုပ်သားများ၊ လူနည်းစုလူမျိုးများအကြား ကွာဟချက်မရှိစေရန် ကျန်းမာရေးဆောင်ရွက်ပေးခြင်း၊ ကူးစက်မြန်ရောဂါများ ခံစားရမှုတွင် အခြားသောပြည်သူများနှင့် တန်းတူထပ်တူဖြစ်ပွားနှုန်းလျော့ကျစေရေး၊ ကူးစက်မြန်ရောဂါများကို စုံစမ်းကြည့်ရှုထောက်လှမ်းရေးနှင့် ၎င်းရောဂါများမဖြစ်ပွားစေရန် တိုက်ခိုက်ဖြေရှင်းမည့် နည်းလမ်းများဖော်ထုတ်ရေးနှင့် ရောဂါပိုးများကို တိုက်ခိုက်ရန် ဓာတ်ခွဲခန်းအရည်အသွေးများကို မြှင့်တင်ရေးတွင် ဓာတ်ခွဲခန်းများ၏အဆောက်အအုံများ အဆင့်မြှင့်တင်ခြင်း၊ နိုင်ငံများ၏ကူးစက်မြန်ရောဂါများမပြန့်ပွားစေရန် ကူးစက်ရောဂါတွေ့ရှိသည်နှင့် နယ်စပ်ဒေသရှိဆေးရုံများတွင် ထိန်းသိမ်းထားရန်နှင့် ပျောက်ကင်းအောင်ကုသရန် ယင်းအတွက် ထိုသံသယရှိလူနာများကို နီးစပ်ရာ ဆေးရုံများတွင် ထိန်းသိမ်းထားနိုင်မည့် စနစ်တကျ အဆင့်မြှင့်တင်မှုများပြုလုပ်ထားရန်တို့တွင် အကုန်ကျခံကူညီခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ လိုအပ်သော ဓာတ်ခွဲပစ္စည်းများ ဝယ်ယူစေခြင်းစသည့်လုပ်ငန်းများကို ထို ADB ချေးငွေဖြင့် အချိုးကျခွဲဝေဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **မြင့်မောင်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၁၇**

ရန်ကုန်(ရွှေဈေး) ၁၀၅၃၀၀၀ - ၁၀၅၃၀၀၀ မန္တလေး(ရွှေဈေး) ၁၀၅၃၀၀၀ - ၁၀၅၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၅/၁၀၀၀ ကျပ် | ၁၀၁၀/၁၀၂၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၇၀ ကျပ် | ၁၀၁၀/၁၀၃၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၀/၉၁၀ ကျပ် | ၉၄၅/၉၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၆၅/၁၀၁၀ ကျပ် | ၁၀၂၅/၁၀၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၂၅/၉၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၃၅/၉၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၆၀/၈၆၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၆.၇ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၆.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၂.၂၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၄၁၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၇.၉၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၀၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၀၂.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၆၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၆.၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၇.၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျောက်ဆည်မြို့နယ် ဘဲလင်း ၁၄၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

### ❐ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ

၃၀ ရာခိုင်နှုန်းလောက်ကနေပြီးတော့ အခု ဒီနှစ်မကုန်မီ ၅၀ ရာခိုင်နှုန်းအထိ ရောက်ဖို့အတွက် ကြိုးစားနေခြင်းပဲ ဖြစ်ပါတယ်။ လာမယ့် ၂၀၂၅ မှာဆိုရင် တစ်နိုင်ငံလုံး ရာနှုန်းပြည့်သုံးစွဲနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။

#### သုံးစွဲနိုင်ပြီးဖြစ်

"အခုအစိုးရတာဝန်ယူပြီးနောက်ပိုင်း မန္တလေးတိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ခဲ့တဲ့ မြင်းခြံသဘာဝဓာတ်ငွေ့နဲ့ စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ ၂၂၅ မဂ္ဂါဝပ်၊ V Power ကုမ္ပဏီ မြင်းခြံ Gas Engine ဓာတ်အားပေးစက်ရုံ ၉၀ မဂ္ဂါဝပ်၊ ဒီနေ့ ဖွင့်လှစ်တဲ့ ကျောက်ဆည် (ဘဲလင်း)သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၁၄၅ မဂ္ဂါဝပ်နဲ့ ၂၀၁၆ ခုနှစ် မေလက စတင်လည်ပတ်ခဲ့တဲ့ မြင်းခြံ Gas Engine ဓာတ်အားပေးစက်ရုံ ၆၅ မဂ္ဂါဝပ် စုစုပေါင်း ၅၂၅ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်ပေးလျက်ရှိပြီး အဲဒီစက်ရုံတွေက ထုတ်လုပ်တဲ့ ဓာတ်အားတွေဟာ မန္တလေးတိုင်းဒေသကြီးရဲ့ သုံးစွဲမှုကို ထောက်ပံ့ပေးတဲ့အပြင် ဓာတ်အားစခန်းနဲ့ ချိတ်ဆက်ပို့လွှတ်နေတဲ့အတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ ပြည်သူ ပြည်သားများထံသို့ ရောက်ရှိနေပြီးတော့ သုံးစွဲနိုင်ပြီး ဖြစ်ပါတယ်။

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာ လျှပ်စစ်ဓာတ်အား လုံလုံလောက်လောက် ဖြန့်ဖြူးပေးနိုင်ရေးအတွက် ၂၃၀ ကေဗွီ အထက်ရဲရွာ-ရွှေစာရံ ဓာတ်အားလိုင်းစီမံကိန်း၊ ၂၃၀ ကေဗွီ မြင်းခြံ၊ မိတ္ထီလာ၊ တောင်တွင်းကြီး ဓာတ်အားလိုင်းစီမံကိန်း၊ ၅၀၀ ကေဗွီ မိတ္ထီလာ ဓာတ်အားခွဲစက်ရုံစီမံကိန်း၊ ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်း(မဂ္ဂါဝပ် ၆၀)လုပ်ငန်းတွေကိုလည်း ဆက်လက်ဆောင်ရွက်နေပါတယ်။

#### ဖွံ့ဖြိုးရေးအတွက် အဓိကကျတဲ့ကိစ္စနှစ်ခု

"အစိုးရတာဝန်ယူတဲ့ အချိန်ကစပြီးတော့ နိုင်ငံတိုးတက်ရေးအတွက်၊ ဖွံ့ဖြိုးရေးအတွက် အဓိကကျတဲ့ကိစ္စနှစ်ခုဟာ လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်ဓာတ်အားရရှိရေးပဲ ဖြစ်တယ်ဆိုတာ ကျွန်မတို့ သဘောပေါက်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လမ်းပန်းဆက်သွယ်ရေးကောင်းလာပြီ၊ လျှပ်စစ်ဓာတ်အားရလာပြီဆိုရင် ကျွန်မတို့ရဲ့နိုင်ငံသူ နိုင်ငံသားများရဲ့ဘဝ မြန်မြန်ကြီးကို တိုးတက်တယ်ဆိုတာ ကျွန်မတို့ သတိပြုမိပါတယ်။

"လျှပ်စစ်ဓာတ်အားရရှိတယ်ဆိုတာဟာ မီးခလုတ်လေးဖွင့်ရုံနဲ့ မီးလင်းရုံ တင်မကဘူး၊ မီးလင်းသွားခြင်းရဲ့ အကျိုးဆက်တွေကို ကျွန်မတို့ရဲ့ ပြည်သူ ပြည်သားတွေ ခံစားရပါတယ်။ အကျိုးဆက်တွေက အရိုးဆုံး၊ အရှင်းဆုံး ပြောရမယ်ဆိုရင် အိမ်အလိုက်၊ မိသားစုအလိုက် လျှပ်စစ်ဓာတ်အား မရတဲ့ အခြေအနေကနေပြီးတော့ ရတဲ့အခြေအနေကိုရောက်သွားရင် ကျောင်းသွားတဲ့ ကလေးတွေ စာကောင်းကောင်း ပိုပြီးတော့ ကျက်နိုင်တာကနေစပြီးတော့ မိဘတွေအနေနဲ့ အိမ်တွင်းမှာ လုပ်ငန်းကလေးတွေ လုပ်ချင်ရင်တောင်မှ လုပ်နိုင်တဲ့ အခြေအနေကို ရောက်သွားပါတယ်။ ဒါကြောင့်မို့ လျှပ်စစ်ဓာတ်အား ရရှိရေးဟာ ကျွန်မတို့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများကြီးကောင်းတယ်လို့ ဆိုလိုပါတယ်။

"လျှပ်စစ်ဓာတ်အားရရှိရေးဆိုရင် အလင်းနဲ့ ပြည်သူတွေက ဆက်စပ်ပြီးတော့ စဉ်းစားပါတယ်။ အမှောင်ကိုခွင်းလို့ အလင်းကိုရောက်ပြီဆိုတဲ့သဘောမျိုးပါ။ ဒါပေမယ့် အမှောင်ကိုခွင်းလို့ အလင်းကို ရောက်ပြီဆိုတာ ကျွန်မတို့ ဟိုးအရင်တုန်းက စာပေဗိမာန်ရဲ့ဆောင်ပုဒ်ဖြစ်ပါတယ်။ ဒါဟာ ပညာအလင်းကို ပေးခြင်းကို ဆိုလိုတာပါ။ ဒါကြောင့်မို့ ကျွန်မကတော့ ကျွန်မတို့ရဲ့ ပြည်သူ ပြည်သားတွေအားလုံးကို အသိပေးချင်တာကတော့ လျှပ်စစ်မီးရခြင်းဆိုတာဟာ ရုပ်ပိုင်းဆိုင်ရာအရ၊ နည်းပညာပိုင်းဆိုင်ရာအရ ပြည်သူတွေကို အလင်းပေးခြင်းပဲဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့နိုင်ငံ တကယ့်ကို လင်းဖို့ဆိုရင် ပြည်သူတွေကိုယ်တိုင် ကြိုးစားရမှာပါ။ လျှပ်စစ်မီးရဲ့လင်းနိုင်တဲ့အင်အားထက် ပိုပြီးတော့ကြီးတာဟာ ပညာအလင်းပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ပညာအလင်းထက် ပိုပြီးတော့တောင် တန်ဖိုးရှိတာဟာ မေတ္တာအလင်းပဲ ဖြစ်ပါတယ်။

"ဒါကြောင့်မို့ ကျွန်မတို့ရဲ့နိုင်ငံသူ နိုင်ငံသားများဟာ ပညာကြိုးစားရမယ်၊ ပညာရှိအောင် ဆောင်ရွက်ကြရမယ်၊ ပညာဆိုတာ အတန်းပညာကို ပြောနေတာ မဟုတ်ပါဘူး။ မှန်မှန်ကန်ကန် အခြေအနေတစ်ခုကို ပိုင်းခြားစိတ်ဖြာနိုင်တဲ့ အစွမ်းရှိတဲ့ ပညာ၊ ဒီလို ပိုင်းခြားစိတ်ဖြာပြီးတဲ့အခါကျရင် ပိုမိုပြီးတော့ အခြေအနေတွေ ကောင်းမွန်အောင်လို့ ဘယ်လိုလုပ်ရမလဲဆိုတာကို စဉ်းစားဆွေးနွေးပြီးတော့ တာဝန်ယူနိုင်တဲ့ ပညာ၊ အဲဒီလို အဆင့်ဆင့်ပညာတွေ ကျွန်မတို့မှာ လိုပါတယ်။

#### ပြည်ထောင်စုစိတ်ဓာတ်တွေ ပိုပြီးတော့ခိုင်မာ

"ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုဖြစ်တယ်ဆိုတာ ကျွန်မ သတိပေးပါတယ်။ ပြည်ထောင်စုဖြစ်တာကြောင့် ဒီနိုင်ငံမှာ ဘာပဲလုပ်လုပ် ကျွန်မတို့ တစ်နိုင်ငံလုံးအတွက် မျှမျှတတဖြစ်ရဲ့လားဆိုတာ စဉ်းစားပြီးမှ ကျွန်မတို့ ကြိုးစားပြီးတော့ လုပ်ပါတယ်။ တစ်နေရာတည်းမှာ စီးပွားရေးအမြင်တစ်ခုနဲ့ပဲ ဒီနေရာမှာတော့ လျှပ်စစ်မီးရရင် စီးပွားရေးက တိုးတက်မယ်။ မြန်မြန်ဆန်ဆန် ချမ်းသာမယ်ဆိုတဲ့ အမြင်တစ်ခုနဲ့ပဲ ကျွန်မတို့ ကြည့်လို့မရပါဘူး။ ကျွန်မတို့ရဲ့ ပြည်ထောင်စုစိတ်ဓာတ်တွေ ပိုပြီးတော့ ခိုင်မာရေးအတွက် ကျွန်မတို့မှာရှိတဲ့ ဓနအင်အားတွေ၊ နိုင်ငံတော်ရဲ့ဘဏ္ဍာနဲ့ ကျွန်မတို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံချင်တဲ့ ပြည်ပရော၊ ပြည်တွင်းက ပုဂ္ဂိုလ်တွေရောရဲ့ အင်အားတွေကို နိုင်ငံအတွက်ဖြစ်အောင် ဘယ်လိုသုံးမလဲလို့ စဉ်းစားတဲ့အခါမှာ ပြည်ထောင်စုဆိုတဲ့ အတွေးအခေါ်နဲ့ စဉ်းစားရပါတယ်။ ပြည်ထောင်စု တစ်ခုလုံးချမ်းသာလာရုံတင်မက ပိုပြီးတော့ ညီညွတ်လာအောင်လို့ တစ်ယောက်နဲ့တစ်ယောက်ကြားမှာ နားလည်မှုပိုပြီး ရှိလာအောင်လို့ ဦးတည်ပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ရပါတယ်။

#### ပညာတွေထက် မေတ္တာတွေကို တိုးပွားအောင်လုပ်

"ကျွန်မ စောစောကပြောသလိုပဲ လျှပ်စစ်ဓာတ်အားပေးရေးကို စဉ်းစားတဲ့အခါကျရင် ပိုက်ဆံတွက်တစ်ခုတည်းနဲ့ မစဉ်းစားပါဘူး။ နိုင်ငံရဲ့အနာဂတ်အတွက် ဘယ်လို အကျိုးပြုနိုင်မလဲဆိုတဲ့အချက်တွေကို အဓိကထားပြီးတော့ စဉ်းစားပါတယ်။ ကျွန်မတို့ နိုင်ငံပိုပြီးတော့ လင်းလာအောင် ပြည်သူပြည်သားများ ကြိုးစားပေးကြပါလို့ ထပ်တလဲလဲ မေတ္တာရပ်ခံခဲ့သလို ယခုလည်း ထပ်ပြီးမေတ္တာရပ်ခံချင်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးတဲ့အချိန်ကနေစပြီးတော့ ပြည်တွင်းငြိမ်းချမ်းရေး ၁၀၀ ရာခိုင်နှုန်းဆိုတာ မရခဲ့ပါဘူး။ တစ်ချိန်လုံး ဟိုနေရာမဟုတ် ဒီနေရာမှာ ပြည်တွင်းပဋိပက္ခမီးတွေက တောက်လောင်နေတာ တွေ့ရပါတယ်။ လျှပ်စစ်ဓာတ်အားထက်ပိုပြီးတော့ အရေးကြီးတာက ကျွန်မတို့နိုင်ငံမှာ တောက်နေတဲ့အပူမီးတွေကို ဘယ်လိုငြိမ်းသွားအောင်လုပ်ပေးနိုင်မလဲဆိုတာ ပညာတွေထက် မေတ္တာတွေကို တိုးပွားအောင်လုပ်ဖို့ဖြစ်ပါတယ်။

"လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခု အသစ်ဖွင့်တိုင်းဖွင့်တိုင်း လျှပ်စစ်ဓာတ်အားပေးမှုလုပ်ငန်းတစ်ခု အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်တိုင်း ဖော်နိုင်တိုင်း ပြန်ပြီးတော့သုံးသပ်ပါတယ်။ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တစ်ခုပိုပြီးတော့ရှိတဲ့အတွက် ဘယ်လိုကျွန်မတို့နိုင်ငံအတွက် အကျိုးရှိနိုင်မလဲ၊ စီးပွားရေးအရ ဘယ်လိုအကျိုးရှိနိုင်မလဲ၊ လူမှုရေးအရ ဘယ်လိုအကျိုးရှိနိုင်မလဲ၊ နိုင်ငံရေးအရဘယ်လိုအကျိုးရှိနိုင်မလဲဆိုတာကို စဉ်းစားရပါတယ်။ နိုင်ငံရေးဆိုတာ ကျွန်မ စောစောကပြောတဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံတဲ့နိုင်ငံရေးဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံတဲ့ နိုင်ငံရေးကို အားလုံးတညီတညွတ်တည်းနဲ့ ထမ်းဆောင်မယ်ဆိုရင် ဒီနိုင်ငံဟာ ဘယ်လို အခက်အခဲတွေ၊ ဘယ်လိုစိန်ခေါ်မှုတွေနဲ့ပဲ ရင်ဆိုင်ရရင်ဆိုင်ရ အမြန်တိုးတက်မယ်။ ခိုင်ခိုင်မာမာ အနာဂတ်အတွက် ထိန်းသိမ်းထားနိုင်တဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဖြစ်တည်လာနိုင်မယ်လို့ အဓိကယုံကြည်ပါတယ်။

"ဒါကြောင့် ပြည်သူကို အားကိုးတယ်။ ပြည်သူကို ယုံကြည်တယ်။ ပြည်သူကို အားကိုးပြီးတော့ ပြည်သူကို ယုံကြည်ပြီးတော့ နိုင်ငံရေးလုပ်ငန်းကို လုပ်ရပါတယ်။ ဒီမိုကရေစီ ဒီမိုကရေစီဆိုပြီးတော့ ပြောတဲ့အခါမှာ တချို့တွေက အခွင့်အရေးတွေကိုပဲ ဖိပြီးတော့ ပြောကြပါတယ်။ အခွင့်အရေးတွေကိုပဲ ဖိပြီးတော့ ပြောလို့မရပါဘူး။ တာဝန်ဝတ္တရားတွေကိုလည်း သိရမှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားရသွားပြီဆိုရင် လျှပ်စစ်မီးရခြင်းကြောင့် ပိုလာတဲ့ အလင်းရောင်တွေကို အများအတွက် အကျိုးရှိအောင်သုံးပါလို့ ကျွန်မက မေတ္တာရပ်ခံချင်ပါတယ်။ ကျောင်းသား ကျောင်းသူများဟာ အရင်တုန်းကထက် ပိုပြီးတော့ စာဖတ်နိုင်တဲ့အနေအထား၊ စာကျက်နိုင်တဲ့အနေအထား ရှိလာတဲ့အခါမှာ စာကျက်ခြင်းတွေ၊ စာဖတ်ခြင်းတွေဟာ အများအတွက်ဖြစ်ပါစေလို့ တိုက်တွန်းချင်ပါတယ်။

#### ဖွံ့ဖြိုးတိုးတက်တဲ့စိတ်ဓာတ်တွေ မွေးမြူဖို့လို

"တစ်နိုင်ငံလုံးကို မကြာမီကာလအတွင်း ၁၀၀ ရာခိုင်နှုန်းရဖို့ ကျွန်မတို့ရဲ့ မျှော်လင့်ချက်တွေ၊ စီမံကိန်းတွေအောင်မြင်တဲ့အခါမှာ ဒီနိုင်ငံဟာ တစ်မူထူးခြားပြီး တိုးတက်တဲ့ နိုင်ငံတစ်ခုဖြစ်လာစေချင်ပါတယ်။ ဘာဖြစ်လို့ တစ်မူထူးတယ်လို့ ပြောချင်တာလဲဆိုတော့ အခု ကမ္ဘာကြီးမှာဆိုရင် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှု အင်မတန်မှ ဦးစားပေးပါတယ်။ ဒီလို ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကို ဦးစားပေးလို့ ဖြစ်ပေါ်လာတဲ့ လူမှုရေးပြဿနာတွေကိုလည်း ဘယ်လိုဖြေရှင်းရမလဲဆိုတာ အခုထိ အဖြေမပေါ်သေးပါဘူး။ ကျွန်မတို့နိုင်ငံအနေနဲ့ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုက စရုံပဲရှိသေးတဲ့အပေါ်မှာ တိုးတက်ဆဲနိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်တဲ့အချိန်ကစပြီးတော့ တကယ်ကို ဖွံ့ဖြိုးတိုးတက်တဲ့ စိတ်ဓာတ်တွေကို မွေးမြူဖို့က လိုပါတယ်။ အဲဒီလို ဖွံ့ဖြိုးတိုးတက်တဲ့ စိတ်ဓာတ်တွေသာ ကျွန်မတို့မှာ ရှိမယ်ဆိုရင် ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုရှိနေတဲ့ နိုင်ငံတွေထက် ပိုပြီးတော့ ကျွန်မတို့ရဲ့ပြည်သူ ပြည်သားများဟာ အဖိုးတန်တဲ့၊ လူသားတွေကို အကျိုးပြုနိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လာမှာပါ။ အခု လျှပ်စစ်ဓာတ်အားပေးစက်ရုံ တစ်ခုပိုပြီးတော့ များလာခြင်းကြောင့် ကျွန်မတို့နိုင်ငံကြီး ငြိမ်းချမ်းဖို့အခွင့်အရေးတွေ ဖွံ့ဖြိုးတိုးတက်လာပါစေ။ ပြည်သူ ပြည်သားများဟာ ပြည်ထောင်စုကြီး တင်မက ကမ္ဘာကြီးကို အကျိုးပြုနိုင်တဲ့ လူသားများ ဖြစ်လာနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့ရင်းနဲ့ နိဂုံးချုပ်ပါတယ်"ဟု ပြောကြားသည်။

#### ရှင်းလင်းပြောကြား

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဓာတ်အားပေးစက်ရုံဆောင်ရွက်ခဲ့မှု၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းမှရရှိသော အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခဲ့မှု ဗီဒီယိုရုပ်သံမှတ်တမ်းကို ပြသပြီး ဓာတ်အားပေးစက်ရုံတည်ဆောက်ပေးမှုအတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က စက်ရုံအတွက်အင်ဂျင်များ သယ်ယူရန် ပံ့ပိုးကူညီပေးခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးသိန်းအောင်အား ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခဲ့ကြသည့် Powergen Kyaukse Co.,Ltd. မှ ဥက္ကဋ္ဌ ဦးမောင်ကျေးနှင့် တာဝန်ရှိသူများအား ဂုဏ်ပြုသစ်သီးခြင်းကိုလည်းကောင်း ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ Powergen Kyaukse Co., Ltd. ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ စဉ့်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကြည်မိုမိုလွင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အုန်းကြည်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်လင်းနှင့် Powergen Kyaukse Co.,Ltd. ဒါရိုက်တာ ဦးအောင်လှိုင်ဦးတို့က ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၄ သို့ ❖





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သမိုင်းဝင် တမုတ်ရှင်ပင်ရွှေဂူဘုရားတွင် ပြုပြင်ထိန်းသိမ်းထားမှုအခြေအနေများကို ကြည့်ရှုစဉ်။

❖ စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့က စက်ရုံမှထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အား ၁၄၅ ဒသမ ၄၉ မဂ္ဂါဝပ်ကို မဟာဓာတ်အားလိုင်းပေါ်သို့ ပို့လွှတ်နိုင်ရန် စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယခုဖွင့်လှစ်သည့်ဓာတ်အားပေးစက်ရုံသည် ပုဂ္ဂလိကပိုင်ကဏ္ဍ BOO စနစ်ဖြင့် ငါးနှစ်တာ ဓာတ်အားထုတ်လုပ်ခြင်းဆောင်ရွက်မည့် ဓာတ်ငွေ့အင်ဂျင်သုံးဓာတ်အားပေးစက်ရုံဖြစ်ပြီး ပြည်တွင်းထွက်သဘာဝဓာတ်ငွေ့ဖြစ်သည့် ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့ကုဗပေသန်း ၃၀ ကို အသုံးပြုကာ ဓာတ်အား ၁၄၅ မဂ္ဂါဝပ်ကို ရေတို ငါးနှစ်တာကာလအတွက် ဓာတ်အားထုတ်လုပ်မည်ဖြစ်ကြောင်း၊ စီမံကိန်းပြီးစီးအောင် တည်ဆောက်ရေးကာလ ၁၁ လခန့်သာ အချိန်ယူတည်ဆောက်ခဲ့ကြောင်း၊ ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်သည့် ၁၄၅ မဂ္ဂါဝပ်ဓာတ်အားကို ဘဲလင်း ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံနှင့် ချိတ်ဆက်ပြီး ၁၃၂ ကေဗွီ အောင်ပင်လယ်-တံခွန်တိုင် ဓာတ်အားလိုင်းဖြင့် မန္တလေးမြို့သို့ ၉၀ မဂ္ဂါဝပ်ပမာဏကိုလည်းကောင်း၊ ကျန်ရှိသည့် ၅၅ မဂ္ဂါဝပ်ကို ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့် စဉ့်ကိုင်နှင့် ကျောက်ဆည်မြို့တို့သို့ လည်းကောင်း ပို့လွှတ်ပေးလျက်ရှိပြီး ၎င်းဓာတ်အားများဖြင့် နိုင်ငံတော်ဓာတ်အားစနစ်မှတစ်ဆင့် လိုအပ်သောနေရာများသို့ ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

ယခုအစိုးရသစ်တက်ပြီးနောက်ပိုင်း မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဓာတ်ငွေ့အသုံးပြု၍ ဓာတ်အားထုတ်လုပ်မှုအနေဖြင့် Sembcorp ကုမ္ပဏီ၏ မြင်းခြံသဘာဝဓာတ်ငွေ့ဖြင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံမှ ၂၂၅ မဂ္ဂါဝပ်နှင့် V Power ကုမ္ပဏီ၏ မြင်းခြံ Gas Engine ဓာတ်အားပေးစက်ရုံမှ ၉၀ မဂ္ဂါဝပ်၊ ၂၀၁၆ ခုနှစ် မေလတွင် စတင်လည်ပတ်ခဲ့သည့် V Power ကုမ္ပဏီ၏ မြင်းခြံဓာတ်အားပေးစက်ရုံမှ ၆၅ မဂ္ဂါဝပ်ကို ထုတ်လုပ်ပေးလျက်ရှိပြီး ရေအားလျှပ်စစ်စက်ရုံများအနေဖြင့် ရဲရွာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၇၉၀ မဂ္ဂါဝပ်၊ ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၅၆ မဂ္ဂါဝပ်၊ ဆည်တော်ကြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၂၅ မဂ္ဂါဝပ် စုစုပေါင်း ၈၇၁ မဂ္ဂါဝပ်ကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သဘာဝအရင်းအမြစ်များကို အခြေခံ၍ နိုင်ငံတော်ဓာတ်အားစနစ်တွင် စုစုပေါင်း ၁၃၉၆ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်ပေးလျက်ရှိပြီး မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူများထံသို့ရောက်ရှိပြီး သုံးစွဲနေပြီဖြစ်ကြောင်း သိရသည်။

ယခုအစိုးရလက်ထက် သုံးနှစ်တာကာလအတွင်း မြို့ပေါင်း ၆၈ မြို့၊ ရွာပေါင်း ၅၁၉၁ ရွာအား ၂၄ နာရီ မီးသုံးစွဲနိုင်အောင် ပိုမိုတိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ၂၀၁၆ ခုနှစ်တွင် မီးသုံးစွဲသူ ၃၄ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုအခါ ၄၄ ရာခိုင်နှုန်းအထိ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအနေဖြင့် မြို့နယ် ၃၀၊ ကျေးရွာပေါင်း ၃၆၃၂ ရွာ၊ အိမ်ထောင်စုပေါင်း ၇၈၇၄၃၃ စု လျှပ်စစ်ဓာတ်အားရရှိလျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်သူများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားလုံလောက်စွာနှင့် ပိုမိုပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေး ဓာတ်အားမရရှိ မသုံးစွဲနိုင်သေးသောပြည်သူများ ဓာတ်အားရရှိသုံးစွဲနိုင်ရေးတို့အတွက် ရည်ရွယ်ပြီး ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈၇ သန်းအနက် ၄၄ ရာခိုင်နှုန်းခန့်မှာ ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိခဲ့ပြီး ယခုနှစ် ၂၀၁၉ ခုနှစ် နှစ်ကုန်တွင် ၅၀ ရာခိုင်နှုန်းအထိ လျှပ်စစ်မီးတိုးတက်ရရှိရန် ရည်မှန်းဆောင်ရွက်နေကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ၅၅ ရာခိုင်နှုန်း၊ ၂၀၂၆ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းအထက်နှင့် ၂၀၃၀ ပြည့်နှစ်တွင် ၁၀၀ ရာခိုင်နှုန်းအပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရည်မှန်းထားကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောက်ဆည်မြို့ ညောင်ပင်သောက်ကျေးရွာရှိ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင် တမုတ်ရှင်ပင်ရွှေဂူဘုရားသို့ ရောက်ရှိပြီး ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ကာ အလှူငွေများပေးအပ်လှူဒါန်းသည်။

သမိုင်းဝင် တမုတ်ရှင်ပင်ရွှေဂူဘုရားသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ကြောင်ပန်းကုန်း၊ ညောင်ပင်ဇောက်၊ ငယ်တိုးကျေးရွာအနီးတွင် တည်ရှိပြီး အနော်ရထာမင်းလက်ထက်တွင် လယ်တွင်း ၁၁ ခရိုင်မြို့များတွင် ရွှေဂူစေတီကိုးဆူကို တည်ထားခဲ့ရာ တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်မှာ တစ်ဆူအပါအဝင် ဖြစ်ကြောင်း၊ နရပတိစည်သူမင်းလက်ထက်တွင် ယိုယွင်းနေသော မူလစေတီတော် အထွတ်တင် တစ်ထပ်ဂူ ဘုရားငယ်ကို ကွမ်းတောင်ပေါက် နှစ်ထပ်ဂူဘုရားအဖြစ် ပြုပြင်ပြောင်းလဲခဲ့ကြောင်း။

ပင်းယခေတ် ဥစ္စနာမင်းလက်ထက်တွင် စေတီတော်၊ သိမ်တော်၊ ဆင်းတုတော်တို့ကို ထပ်မံလွှမ်းခြုံ၍ စေတီတော်အသစ် တည်ထားခဲ့ကြောင်း၊ သက္ကရာဇ် ၇၁၈ ခုနှစ်တွင် ပင်းယဘုရင် ဆင်ဖြူရှင် ကျော်စွာမင်း တမုတ်ရွှေဂူဘုရားသို့ ကြွရောက်လာပြီး ဘုရားမြေများနှင့် အမှုအလုပ်ကျွန်များကို လှူဒါန်းခဲ့ကြောင်း၊ ပင်းယခေတ်နောက်ပိုင်း ခေတ်အဆက်ဆက်တွင် ပြုပြင်ထိန်းသိမ်းမှုမရှိခြင်းနှင့် သဘာဝဘေးဒဏ်များကြောင့် ပြိုကျပျက်စီး၍ ဘုရားကုန်းတော်တစ်ခုလုံး တောချုံများဖုံးလွှမ်းခဲ့ကြောင်း။

၁၉၁၅ ခုနှစ်တွင် ကြောင်ပန်းကုန်းကျေးရွာနေ ဦးစံထွားက ပြိုကျပျက်စီးနေသော ဘုရားကုန်းတော်ကြီး၏ထိပ်တွင် ဉာဏ်တော် ၂၁ ပေရှိ ကိုးတောင်ပြည့်စေတီတစ်ဆူကို အသစ်ထပ်မံတည်ဆောက်ခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်တွင် ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ သီတင်းသုံးနေထိုင်ပြီး ဘုရားကုန်းတော်၏ မြောက်ဘက်ခြမ်းကို ရှင်းလင်းရာမှ မူလစေတီတော်၏ မြောက်ဘက်မုခ်ကို တွေ့ရှိခဲ့ကြောင်း၊ ၁၉၉၄ ခုနှစ်တွင် ဆရာတော်၏ ဦးဆောင်မှုဖြင့် ဒေသခံရွာသားများက ဆက်လက်ရှင်းလင်းရာ မူလစေတီတော် ပန္နက်၊ ပစ္စယာ၊ လှေကားခုံတို့ကို ထပ်မံတွေ့ရှိခဲ့သဖြင့် ပြုပြင်ခွင့်ကို ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တောင်းခံခဲ့ရာ ၂၀၀၈ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ရှေးမူမပျက် ပြန်လည်ပြင်ဆင်ခွင့်ပြုခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်တွင် အင်္ဂတေပန်းတော့ အနုစိတ်လက်ရာများဖြင့် တန်ဆာဆင်ထားသော မြောက်ဘက်မျက်နှာလှည့် နှစ်ထပ်စေတီတော်ကြီး ထပ်မံပေါ်ထွက်ခဲ့ကြောင်း၊ စေတီတော်ကြီး၏ အတွင်းအပြင်တွင် ပုဂံခေတ် အင်္ဂတေပန်းတော့ ရုပ်ကြွလက်ရာဒီဇိုင်းများ၊ နံရံဆေးရေးပန်းချီများ၊ ဇာတ်တော်နံပါတ်စဉ်များနှင့် ဇာတ်တော်အမည် ရေးထိုးထားသော ငါးရာ့ငါးဆယ်သရုပ်ဖော် ဖောင်းကြွရုပ်ပုံများ၊ ရုပ်ပွားတော်များနှင့် စေတီတော်လေးမျက်နှာရှိ မုခ်ဦးတံကဲကနုတ်ပန်းများ ထွက်ပေါ်လာကြောင်း၊ တမုတ်ရွှေဂူကြီးဘုရားသည် ပုဂံခေတ်၊ ပင်းယခေတ် ဗိသုကာလက်ရာများ ရှေးမူလက်ရာမပျက် ကျန်ရှိနေခြင်းကြောင့် တန်ဖိုးမြင့်မားသောစေတီတော်ကြီးတစ်ဆူဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောက်ဆည်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး မြို့ကြီးရေလှောင်တမံသို့ ရောက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် စက်လှေဖြင့် တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုသည်။ ထိုသို့ လိုက်လံကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်တို့က မြို့ကြီးရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေ ဖြန့်ဝေပေးနေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မော်တော်ယာဉ်များဖြင့် တမံပတ်လမ်းအတိုင်း တမံတည်ဆောက်ထားမှုအခြေအနေနှင့် ရေယူအဆောက်အအုံကို လိုက်လံကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေပေးဝေနေမှု၊ ရေသိုလှောင်ထားရှိမှုနှင့် တမံအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြို့ကြီးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုသည်။

မြို့ကြီးရေလှောင်တမံ တည်ဆောက်နိုင်ခြင်းကြောင့် ဇော်ဂျီရေလှောင်တမံမှ ထုတ်လွှတ်လိုက်သောရေများနှင့် ရေလှောင်တမံနှစ်ခုအကြား စီးဆင်းလာသည့်ရေများကို စုပေါင်းသိုလှောင်၍ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၃၀ ထုတ်လုပ်နိုင်ပြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီဆည်ရေသောက် ဧက ၈၂၀၀၀ ကို ရေပေးဝေနိုင်ခဲ့သည့်အပြင် မိတ္ထီလာလွင်ပြင်ရှိ ဧက ၃၃၀၀၀ ကိုလည်း စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဇော်ဂျီရေလှောင်တမံအထက်ပိုင်းတွင် တည်ဆောက်ဆဲကျိုင်းခမ်းရေလှောင်တမံပြီးစီးပါက စီးဆင်းလာမည့် ရေ ၁၁ ဒသမ ၅ သိန်း ဧကပေကို ထိန်းချုပ်နိုင်ပြီး ဇော်ဂျီရေသောက်စနစ်အတွက် ရေပမာဏ ခုနစ်သိန်းနှင့် ကင်းတားလက်ယာမြောင်း၏ ပြောင်းပြာလိုင်းဇင် ရေသောက်ဧရိယာအတွက် ရေပမာဏ ၄ ဒသမ ၅ သိန်းကိုလည်း ထုတ်လွှတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ရုံတွင် ၁၅ မဂ္ဂါဝပ် စက်နှစ်လုံးတပ်ဆင်ထားကာ တစ်နှစ်လျှင် ယူနစ် သန်းပေါင်း ၁၃၅ သန်းခန့် ထုတ်လုပ်နိုင်ပြီး ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ရွှာင် (ပင်းတယ)၊ တီကျစ်၊ ပင်လောင်း၊ ပေါင်းလောင်းဒေသများ၏ သဘာဝပတ်ဝန်းကျင်အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**




မြို့ကြီးရေလှောင်တမံကို တွေ့ရစဉ်။

# ဘိန်းအများဆုံး စိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန်အတွက် ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကအတည်ပြု


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး


ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်


တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်


စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်


ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်


မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး

**နေပြည်တော် မေ ၁၇**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့တွင် **မြန်မာနိုင်ငံရှိ ဘိန်းအများဆုံး စိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန်အတွက် အစိုးရပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်က အတည်ပြုခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်က **တောင်ကုတ်မြို့နယ်တွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက သားဖွားသင်တန်းကျောင်းဖွင့်မည်ဆိုပါက ခုတင် ၂၀၀ ရှိသည့် ဆေးရုံတွင်သာ ဖွင့်၍ရပါကြောင်း၊ ကျောက်ဖြူ ခုတင် ၂၀၀ ဆံ့တွင် ပြည်နယ်အစိုးရဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မှ ဖြစ်စေ မြေနေရာရရှိရေး ဆောင်ရွက်ပေးမည်ဆိုပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဘတ်ဂျက်တွင် ထည့်သွင်း၍ သင်တန်းကျောင်းဖွင့်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **ရပ်စောက်မြို့နယ် ကောင်းဘို့ကျေးရွာ ကောင်းဘို့ကျန်းမာရေးဌာနကို ကောင်းဘို့ကျေးရွာတိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရွာပေါင်း ၇၅ ရွာ၊ လူဦးရေ ၃၃၀၀၀ ကျော်ရှိပြီး တောင်ပေါ်ရွာဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည်ကိုလည်း တွေ့ရပါကြောင်း၊ တိုက်နယ်ဆေးရုံဖွင့်မည့် စံ ၅ ချက်လုံးဖြင့် ကိုက်ညီသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ မြေနေရာ ၅ ဒသမ၅ ဧကကိုလည်း လှူဒါန်းထားပါကြောင်း၊ ထို့ကြောင့် တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ရေးကိစ္စ ထွက်လာပြီးမှ စဉ်းစားမည်ဖြစ်သော်လည်း လိုအပ်သည်များကို အဆင်သင့်လုပ်ထားပြီး ထွက်လာသည်နှင့်တစ်ပြိုင်နက် အမြန်ဆုံးရအောင် လုပ်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၏ **ရွေးကောက်ပွဲစနစ်များ၊ ရွေးကောက်ပွဲဆိုင်ရာ ဗဟုသုတများကို စာသင်ကျောင်းများတွင် သင်ကြားပေးခြင်း၊ ကျောင်းတွင်းရွေးကောက်ပွဲများမှတစ်ဆင့် ရွေးကောက်ပွဲအလေ့အထများကို ကျောင်းသား၊ ကျောင်းသူ လူငယ်များ ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၏ **ကန်ပက်လက်မြို့နယ်အတွင်းရှိ မကြားအိမ်နူး၊ လုံအိမ်နူး၊ အောက်ကန့်၊ လဲပုံကျေးရွာအုပ်စုများရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများအား ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း၊** ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း၏ **ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့(၂၅) ခုတင်ဆံ့ဆေးရုံ၌ ဆရာဝန် တစ်ဦး တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့်၏ **တိုက်ကြီးမြို့နယ် အဖျောက်မြို့ စံပြဆေးရုံကို (၂၅) ခုတင်ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပြီး ဥပဓိရုပ်မကောင်းတော့သည့် ဝန်ထမ်းအိမ်ရာများအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များနှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုထားသည့် သဘောတူညီချက်ကိုကို လွှတ်တော်သို့တင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုကို ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက တင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သဘောကွဲလွဲသည့် အချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်က **နိုင်ငံတစ်ဝန်းတွင် စိုးရိမ်ဖွယ်မြင့်မားစွာ ဖြစ်ပွားလျက်ရှိသော ကင်ဆာရောဂါဆိုးအား ဖြစ်ပွားမှုလျော့ကျစေရန် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ ဖြစ်ပွားစေနိုင်သည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ထိရောက်စွာ အသိပညာပေး တားဆီးကာကွယ်စောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် ကင်ဆာရောဂါသည် မိမိတို့နိုင်ငံတွင်သာမက ကမ္ဘာနှင့်တစ်ဝန်း မြင့်မားစွာ ဖြစ်ပွားသေဆုံးလျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် စာရင်းများအရ ကမ္ဘာတစ်ဝန်းတွင် လူပေါင်း ၁၈ ဒသမ ၁ သန်းဖြစ်ပွားခဲ့ပြီး ၉ ဒသမ ၆ သန်းသေဆုံးခဲ့ပါကြောင်း၊ ကမ္ဘာတွင် သေဆုံးမှု ဒုတိယအများဆုံးရောဂါဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ်စာရင်းအရ ရောဂါအသစ်ဖြစ်ပွားသူ ၆၇၅၅၄ ဦးရှိပြီး ၅၁၀၅၉ ဦး သေဆုံးခဲ့ပါကြောင်း၊ သုတေသနပြုချက်များအရ အမျိုးသား ၅ ယောက်တွင် ၁ ယောက်ကင်ဆာဖြစ်ပွားနေပြီး အမျိုးသမီး ၆ယောက်တွင် ၁ ယောက် ဖြစ်ပွားနေပါကြောင်း၊ ကင်ဆာနှင့် သေဆုံးသူများ၏ ၇၀ ရာခိုင်နှုန်းသည် ဝင်ငွေနိမ့်ကျသူများ၊ ဝင်ငွေအလယ်အလတ်ရှိသူများဟု WHO က ဆိုပါကြောင်း။

ကင်ဆာရောဂါဖြစ်ပွားရသည့်အကြောင်းရင်းများမှ သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သည့် လေထုညစ်ညမ်းမှုကြောင့်ဖြစ်ပွားခြင်း၊ စားသောက်နေထိုင်မှုနှင့် အန္တရာယ်ရှိသည့် အစားအသောက်များကြောင့် ဖြစ်ပွားခြင်းနှင့် မျိုးရိုးဗီဇကြောင့် ဖြစ်ပွားခြင်းတို့ဖြစ်ပါကြောင်း၊ အဖြစ်များသည့် ကင်ဆာရောဂါ၏ သုံးပုံတစ်ပုံသည် ကာကွယ်၍ရသည်ဟု ဆိုပါကြောင်း၊ ကာကွယ်တားဆီးခြင်း၊ စောစီးစွာ ရှာဖွေစမ်းသပ်ခြင်းနှင့် ကုသမှုခံယူခြင်းကြောင့် လူ့အသက် ၃ ဒသမ ၇ သန်းအထိ နှစ်စဉ်ကယ်တင်နိုင်သည်ဟု ဆိုပါကြောင်း။

ဂျပန်အစိုးရသည် နိုင်ငံသူ နိုင်ငံသားများအတွက် ဘေးကင်းလုံခြုံစိတ်ချရသည့် စားသောက်ကုန်များကိုသာ တင်သွင်းရောင်းချခွင့်ပြုပါကြောင်း၊ နိုင်ငံသားများ ကျန်းမာရေးဆိုးကျိုးဖြစ်စေနိုင်သည့် စားသောက်ကုန်များကို လုံးဝတင်သွင်းရောင်းချခွင့်မပြုစေဘဲ အထူးကြပ်မတ်စိစစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားများ ကင်ဆာရောဂါဘေးဆိုးမှ ကင်းလွတ်ပြီး သက်ရှည်ကျန်းမာရောဂါကင်းဝေးစေရန် အဆိုတင်သွင်းအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် တင်သွင်းသည့် **မြန်မာနိုင်ငံရှိ ဘိန်းအများဆုံး စိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစိုးရပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေးက ဘိန်းစိုက်ပျိုးမှုကို ဆက်ပြီး အခွန့်ရှည်စေသည့် အကြောင်းတစ်ခုသည် ကာလရှည်ကြာနေပြီဖြစ်သည့် ပြည်တွင်းစစ်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးက နိုင်ငံ၏အနာဂတ်အတွက် အလွန်အရေးကြီးပါကြောင်း၊ မူးယစ်ဆေးပြဿနာနှင့် ဘိန်းစိုက်ပျိုးမှု လျော့နည်းကျဆင်းရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးစိတ်ဆန္ဒရှိရှိဖြင့် စစ်မှန်သည့် ငြိမ်းချမ်းရေးကို ဖြစ်ထွန်းအောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

တာဝန်ရှိသူများအနေဖြင့်လည်း ဘိန်းစိုက်တောင်သူများ၏ ဘဝနှင့် ခံစားချက်ကို နားလည်အောင် ကြိုးစားပြီး တင်းကျပ်သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒများကို လက်တွေ့ကျအောင် ပြင်ဆင်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးက ဘိန်းစိုက်တောင်သူများ အစားထိုးသီးနှံအောင်မြင်စေရန် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးတွင် ကုန်ထုတ်လမ်းများ ကောင်းမွန်ရန်ဆောင်ရွက်ခြင်း၊ နှစ်တိုနှစ်ရှည်သီးနှံများ စိုက်ပျိုးစေခြင်း၊ မြေယာများပြုပြင်ခြင်း၊ ထွက်ရှိလာသည့် အစားထိုးသီးနှံများ ဈေးကွက်ဝင်ရန် ဆောင်ရွက်ပေးခြင်းဖြင့် ဘိန်းစိုက်တောင်သူများ၏ ဝင်ငွေမြင့်တက်စေခြင်း၊ နိုင်ငံတော်အစိုးရနှင့် ဆက်စပ်သောဝန်ကြီးဌာနများ၊ စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်ကြီးများ၊ မိတ်ဖက်အဖွဲ့အစည်းများပါ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အရေးကြီးဆုံးဖြစ်သည့် နယ်မြေအေးချမ်းရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းများအပြင် အောင်မြင်နိုင်ရန် အထူးအရေးကြီးလှပါကြောင်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး၊ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး၊ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဇစ်တာခလိုက်၊ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်မိုး၊ ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်း၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်းနှင့် ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖိုးမောင်တို့က ဆွေးနွေးကြသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လူသားမျိုးနွယ်တို့၏ အန္တရာယ်ဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့နိုင်ငံ၏ တားဆီးကာကွယ်မှုစွမ်းအားဖြင့် လည်းကောင်း၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများဖြင့် လည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ အနာဂတ်တွင်လည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေတွင် နိုင်ငံတော်အစိုးရ၏ အတိတ်က ဆောင်ရွက်ချက်များ၊ လတ်တလောဆောင်ရွက်ချက်များ၊ အနာဂတ်ကာလတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါးအန္တရာယ်သည် မြန်မာတစ်မျိုးသားလုံးအတွက်သာမက ကမ္ဘာ့လူသားအားလုံးအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့်အတွက် တားဆီးကာကွယ်ခြင်း၊ အစားထိုးစီမံကိန်းများ ဆောင်ရွက်ပေးခြင်းစသည့် လုပ်ငန်းစဉ်များသည် ကြီးမားကျယ်ပြန့်ပါကြောင်း၊ ကြီးမားကျယ်ပြန့်ခြင်းနှင့်အတူ နည်းပညာ၊ အချိန်နှင့် ငွေကြေးအင်အား ပမာဏများပြားစွာ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဘိန်းအစားထိုးလုပ်ငန်းစဉ်များအား ပုဂ္ဂလိကလုပ်ငန်းရှင်များက တက်တက်ကြွကြွ လက်တွဲပူးပေါင်းကူညီဆောင်ရွက်မည်ဆိုပါက ဒေသခံတောင်သူများအတွက် များစွာအကျိုးရှိမည့်လုပ်ငန်းတစ်ရပ်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါကြောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရများနှင့်လည်း ဆက်သွယ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် အဆိုအား အတည်ပြုပေးပါရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အဆိုအားအတည်ပြုပေးပါရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအားအတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို မေ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ပင်လယ်ကမ်းရိုးတန်းနှင့်ဆက်စပ်လျက်ရှိသည့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ သဘာဝသယံဇာတနှင့် အကျိုးစီးပွားများ ကာကွယ်ရေးကိစ္စများကို အချိန်နှင့်တစ်ပြေးညီ စီမံရေးဆွဲပေးရန် တိုက်တွန်းကြောင်း အဆိုကို အတည်ပြု

**နေပြည်တော် မေ ၁၇**
ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ပင်လယ်ကမ်းရိုးတန်းနှင့်ဆက်စပ်လျက်ရှိသည့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ သဘာဝသယံဇာတနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ အချိန်မီနှင့် အမြန်ဆုံးအန္တရာယ်ကာကွယ်တားဆီးရေးကိစ္စများကို ကြိုတင်စီမံခြင်းနှင့် ပြည့်စုံလုံလောက်သော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ စီမံရေးဆွဲပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုခဲ့သည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ၏ **မြန်မာနိုင်ငံရှိ ဆည်မြောင်းတာတမံများ မိုးရာသီကာလ မိုးသည်းထန်စွာ ရွာသွန်းချိန်များတွင် ရေလှောင်တမံကျိုးပေါက်မှုများကို ကာကွယ်ရန် မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရေလှောင်ပမာဏများပြားသည့် တမံများနှင့် သက်တမ်းရင့်တမံများ ဘေးကင်းလုံခြုံစွာဖြင့် ရေရှည်ကြံ့ခိုင်နိုင်ရန် ရည်ရွယ်၍ လက်ရှိအခြေအနေအရပ်ရပ် သုံးသပ်မှုနှင့်အတူ ဖြည့်စွက်ရန်လိုအပ်သည့် လုပ်ငန်းစဉ်များကို ဌာနအနေဖြင့် သိရှိလိုက်နာဆောင်ရွက်နိုင်ရန်အတွက် ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီနှင့် ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်းတို့မှ အင်ဂျင်နီယာပညာရှင်များအနေဖြင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းရှိသကဲ့သို့ ဆက်လက်ဆောင်ရွက်သွားရန် အစီအမံများလည်းရှိပြီးဖြစ်ပါကြောင်း။


ဒုတိယဝန်ကြီး
ဦးလှကျော်


မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၉)မှ ဦးမြမင်းဆွေ


ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း


ကယားပြည်နယ် မဲဆန္ဒနယ်
အမှတ်(၉)မှ ဦးစိုးသိန်း


ရှမ်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၈)မှ ဒေါ်မမလေး


ဒုတိယဝန်ကြီး
ဒေါက်တာခဲမြင့်ဆွေ

## ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေကို ထိခိုက်စေနိုင်သည့် အကြောင်းတရားများနှင့် ဖြစ်လာနိုင်ဖွယ်ရှိသော အားနည်းချက်များကို လေ့လာဖော်ထုတ်ရရှိမှုများနှင့်အညီ အရေးပေါ်ကြိုတင်ကာကွယ်မှု စီမံချက်များကို စနစ်တကျ ရေးဆွဲဆောင်ရွက်သွားရန် စီမံထား

ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ကူညီမှုဖြင့် Dam Safety သင်တန်းများကို ကျွမ်းကျင်ပညာရှင်များက မိမိတို့၏ ဌာနဝန်ထမ်းများ၊ အင်ဂျင်နီယာများကို သင်တန်းများပို့ချပေးလျက်ရှိပြီး ယင်းနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ကျင်းပပေးလျက်ရှိပါကြောင်း၊ အဆိုပါ သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများမှရရှိလာသည့် နည်းပညာဗဟုသုတများကို အခြေခံ၍ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေကို ထိခိုက်စေနိုင်သည့် အကြောင်းတရားများနှင့် ဖြစ်လာနိုင်ဖွယ်ရှိသော အားနည်းချက်များကို လေ့လာဖော်ထုတ်ရရှိမှုများနှင့်အညီ အရေးပေါ်ကြိုတင်ကာကွယ်မှု စီမံချက်များကို စနစ်တကျ ရေးဆွဲဆောင်ရွက်သွားရန် စီမံထားပြီးဖြစ်ပါကြောင်း။

ထို့ပြင် မိုးရာသီကာလ မိုးသည်းထန်စွာ ရွာသွန်းလာသည့်အခါတွင် တည်ဆောက်ပြီး ရေလှောင်တမံများအတွင်း ရေစီးဝင်မှုများကြောင့် ရေသိုလှောင်ထိန်းသိမ်းနိုင်မှုအခြေအနေများအရ တမံများကျိုးပေါက်လာနိုင်မှုဖြစ်စဉ်များကို ထိန်းသိမ်းကာကွယ်သွားနိုင်ရေးအတွက် ၂၀၁၈ ခုနှစ်အတွင်း ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးကြောင့် ရေလှောင်တမံများအပေါ်တွင် အကျိုးသက်ရောက်မှုဖြစ်စဉ်နှင့် အတွေ့အကြုံများကို သင်ခန်းစာယူ၍ တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံများ ရေရှည်တည်တံ့ကြံ့ခိုင်ရန်နှင့် ဘေးကင်းလုံခြုံရန်အတွက် ယခင်ကထက် ပိုမိုအလေးထား စီမံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ **ကယားပြည်နယ်မှ ထုတ်လုပ်ပေးလျက်ရှိသော ဘီလူးချောင်းရေအားလျှပ်စစ် ဝင်ငွေများမှ ပြည်နယ်သူ/ပြည်နယ်သားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေခြင်း အလို့ငှာ သင့်တော်သောမျှဝေမှု** Resource Sharing **ထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကယားပြည်နယ်မှ ထုတ်လုပ်ပေးလျက်ရှိသော ဘီလူးချောင်းရေအားလျှပ်စစ်ဝင်ငွေများမှ ပြည်နယ်သူ ပြည်နယ်သားများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေခြင်းအလို့ငှာ သင့်တော်သော မျှဝေမှု Resource Sharing ထောက်ပံ့ပေးရန် လက်ရှိအခြေအနေတွင် သီးခြားရေးဆွဲထားသည့် အစီအစဉ်မရှိသေးပါကြောင်း၊ သို့သော် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုများကို လွှတ်တော်အသီးသီးက ပြဋ္ဌာန်းပေးသော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိခြင်း၊ အခွန်ဝေစုများ နှစ်စဉ်ခွဲဝေပေးခြင်း၊ အထူးကိစ္စအနေဖြင့် ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သယံဇာတခွဲဝေသုံးစွဲခြင်း (Resource Sharing) များနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုရှိရန်၊ တာဝန်ယူမှု တာဝန်ခံမှုရှိရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ပိုမိုမျှတကောင်းမွန်သော စီမံခန့်ခွဲမှုဖြစ်စေရန် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးအပါအဝင် သုံးသပ်ဆွေးနွေးမှုများကို အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု၏ အခြေခံများအဖြစ် ချမှတ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး၏ **ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်းရှိ အော်ဂဲနစ်သီးနှံစိုက်ပျိုးသည့် တောင်သူများအား နိုင်ငံတော်မှ ပြည်တွင်း၊ ပြည်ပဈေးကွက် ချိတ်ဆက်ပေးနိုင်ရန်နှင့် လိုအပ်ချက်များကို မည်သို့ကူညီထောက်ပံ့ပေးနိုင်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကလည်းကောင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၏ **ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ ကုလားပုန်းနတ်ချောင်း ရေငန်တားတာတမံတွင် ဆည်ဖို့ရန် ကျန်နေသည့် အရှည်ပေ (၂၁၀၀၀)ကို ဆက်လက်ဆည်ဖို့ပေးရန်နှင့် လုံလောက်သော ရေနုတ်ပေါက်များကို ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ **မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံ - ညောင်ဦးမြို့နယ်အတွင်းရှိ လွန်ခဲ့သောနှစ်ပေါင်း ၉၀၀ခန့် ပုဂံခေတ် ကျန်စစ်သားမင်းကြီး တည်ဆောက်ခဲ့သော မြကန်တမံကြီးအား ဘက်စုံပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**တို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်ကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့ပြင် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ဟေး၏ **ချင်းပြည်နယ် ဟားခါးမြို့ရှိ မြို့ပေါ်(၈)ရပ်ကွက်အတွင်းရှိ အဓိကချောင်းသွယ် (၆)ခုမှ နှစ်စဉ်မိုးရာသီတိုင်း ရေကြီးပြီး ချောင်းရေတိုက်စားမှုကြောင့် ဖြစ်ပေါ်သော မြေပြိုမှုများကို ကာကွယ်ထိန်းသိမ်းရန်အတွက် ၎င်းတို့ထဲမှ (၄)ခု သို့မဟုတ် (၂)ခုအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် သမ္မတ၏ အထူးရန်ပုံငွေဖြင့် လျာထားထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊** မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၏ **အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနအနေဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မှတ်တမ်းများကို ဥပဒေနှင့်အညီ မည်ကဲ့သို့ လွှဲပြောင်းရယူထိန်းသိမ်းထားသည်ကို သိရှိလိုခြင်းနှင့် မော်ကွန်းထိန်းသိမ်းခြင်း အရေးကြီးမှုကို ပြည်သူများ သိရှိနားလည်စေရန် ပညာပေးလုပ်ငန်းများ မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း၏ **ချင်းပြည်နယ် ပလက်ဝမြို့တွင် အခွန်ဦးစီးဌာနရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**တို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၏ **မြန်မာ့ပင်လယ်ဆိပ်ကမ်းတစ်ခုဖြစ်သော ရခိုင်ပြည်နယ် မဒေးကျွန်း ရေနက်ဆိပ်ကမ်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေနံစိမ်းများကို ပိုက်လိုင်းမှတစ်ဆင့် သယ်ယူရန်အတွက် တန်ချိန်သုံးသိန်းခန့်အရွယ်ရှိ ရေနံဆီတင်သင်္ဘောကြီးများ ယင်းဆိပ်ကမ်းသို့ ဝင်ရောက်လျက်ရှိရာ ကြီးမားသည့် မတော်တဆထိခိုက်မှုအန္တရာယ်များ အချိန်မရွေး ဖြစ်ပေါ်စေနိုင်ပြီး ပမာဏများပြားသော ဆီယိုဖိတ်မှုများ** (Heavy Oil Pollution) **ဖြစ်ပေါ်နိုင်စေရာ ပင်လယ်ကမ်းရိုးတန်းနှင့်ဆက်စပ်လျက်ရှိသည့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ သဘာဝသယံဇာတနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ အချိန်မီနှင့် အမြန်ဆုံးအန္တရာယ်ကာကွယ်တားဆီးရေးကိစ္စများကို ကြိုတင်စီမံခြင်းနှင့် ပြည့်စုံလုံလောက်သော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ စီမံရေးဆွဲပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်ထွဋ်က မိမိတို့ရေပိုင်နက်အတွင်း ဆီယိုဖိတ်မှု ဖြစ်ပွားသည်နှင့်တစ်ပြိုင်နက် အရေးပေါ် တန်ပြန်ပြုလုပ်ဆောင်ရွက်နိုင်ရန်အတွက် ကျောက်ဖြူ၊ စစ်တွေ၊ သံတွဲ၊ ဟိုင်းကြီး၊ ရန်ကုန်၊ ထားဝယ်၊ မြိတ်စသော ဆိပ်ကမ်းမြို့များတွင် Oil Spill Recovery Depot များဖွင့်လှစ်ထားရှိသင့်ပါကြောင်း၊ ရေထုညစ်ညမ်းမှုနှင့်သက်ဆိုင်သော ကျွမ်းကျင်သူများရှိနေရန်လည်း လိုအပ်ပါကြောင်း၊ ရေထုညစ်ညမ်းမှုဖြစ်စဉ်အား ကာကွယ်ရန်နှင့် တန်ပြန်ဆောင်ရွက်ရန် လိုအပ်သော Equipments Machines and Chemical များ အရန်သင့်ရှိနေရန် အစိုးရက ဖြည့်ဆည်းထားရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ကမ်းရိုးတန်းနေ ပြည်သူလူထုအား ရေထုညစ်ညမ်းမှုကြောင့် နစ်နာဆုံးရှုံးရမည်ကို နားလည်သဘောပေါက်စေရန် အသိပညာပေးဟောပြောမှုများ၊ သင်တန်းများ ဆွေးနွေးပို့ချထားသင့်ပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅တွင် နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု ပါရှိပါကြောင်း၊ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများဖြစ်သော UNCLOS, IMO Conventions, MARPOL Convention ထုတ်ပြန်ပြီး ပြည်တွင်း၊ ပြည်ပဥပဒေများဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေ၊ Merchant Shipping Act တို့အား အခြေခံကာ ခေတ်နှင့်အညီ လိုက်လျောညီထွေဖြစ်သော နိုင်ငံတော်လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသားအကျိုးစီးပွားကာကွယ်ရေးများကို ခိုင်ခိုင်မာမာအာမခံရှိသော ဥပဒေတစ်ရပ်အား ပြည့်စုံစွာ ပြုစုပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်းက ကျောက်ဖြူမြို့နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများသည် ယခင်က လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်းများဖြင့် ငြိမ်းချမ်းစွာ အသက်မွေးဝမ်းကျောင်း ပြုခဲ့ကြသော်လည်း ၎င်းရေနံကုမ္ပဏီများ ဝင်ရောက်ချိန်မှစ၍ ပတ်ဝန်းကျင် အရင်းအမြစ်များ ပျက်စီးချွတ်ယွင်းလာခြင်း၊ ဒေသခံများ လူနေမှုဘဝလုံခြုံမှုမရှိတော့ခြင်းနှင့် လယ်ယာမြေသိမ်းပိုက်ခံရခြင်း၊ ငါးဖမ်းလုပ်ငန်းပျက်သုဉ်းလာမှုကြောင့် အခြားနေရာများသို့ ရွှေ့ပြောင်းနေထိုင်နေရခြင်းစသည့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာဆိုးကျိုးများ ရှိနေသည်ကို ကြားသိရပါကြောင်း။

မိမိတို့ ပင်လယ်ကမ်းရိုးတန်းနှင့် သဘာဝအရင်းအမြစ်များကို မည်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဆို ကြိုတင်ကာကွယ်ရန် အထူးအရေးကြီးသကဲ့သို့ မိမိတို့၏ ဌာနေတိုင်းရင်းသားများ၏ ရေရှည်ရှင်သန်နေထိုင်ရေးကိုလည်း အထူးအလေးအနက်ထား လုပ်ဆောင်ပေးသင့်ပါကြောင်းနှင့် ရေနံယိုဖိတ်မှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များ အမြန်ဆုံးချမှတ်ရန် လိုအပ်နေပြီ ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် ပင်လယ်ပြင် ရေနံယိုဖိတ်မှုနှင့်ပတ်သက်၍ အများပြည်သူနားလည်သိရှိနိုင်ရန် အချိန်နှင့်တစ်ပြေးညီ သိသာပွင့်လင်းမှုရှိရှိ လုပ်ဆောင်ပေးမှသာ ဌာနေတိုင်းရင်းသားသာမက ပြည်သူတစ်ရပ်လုံးစိုးရိမ်ပူပန်မှုများ လျော့ကျသွားမည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

**စာမျက်နှာ ၇ သို့** ❖

# တရုတ်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေးအသင်း ဖွင့်ပွဲအခမ်းအနားနှင့် ၂၀၁၉ ခုနှစ် ပထမအကြိမ် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၁၇**

တရုတ်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေးအသင်း ဖွင့်ပွဲအခမ်းအနားနှင့် ၂၀၁၉ ခုနှစ် ပထမအကြိမ် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအခမ်းအနားအား ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ယနေ့ ကျင်းပသည်။

**တက်ရောက်**

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးဟောင်း Mr. Guan Mu၊ တရုတ်-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေးအသင်းမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် အခြားဆွေးနွေးပြောကြားသူများက တရုတ်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေးအသင်း၏ ရည်ရွယ်ချက်နှင့်အညီ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။




**သတင်းစဉ်**

# အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေးဥပဒေကြမ်းပြုစုရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၁၇**

အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေး ဥပဒေ(မူကြမ်း) အလုပ်ရုံဆွေးနွေးပွဲကို Grand Amara ဟိုတယ်၌ ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း(UNCAC) ကို အတည်ပြုလက်မှတ်ရေးထိုးပြီးနောက် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ စတင်၍ သက်ရောက်မှုရှိခဲ့ပါကြောင်း၊ ဤကွန်ဗင်းရှင်း၏ အပိုဒ် ၃၃ နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုများဆိုင်ရာ အကြောင်းခြင်းရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်ထံသို့ လုံလောက်သော အကြောင်းပြချက်များအရ သဘောရိုးဖြင့် သတင်းပေးသူတစ်ဦးဦးအပေါ် မတရားသဖြင့်ပြုမူဆက်ဆံခြင်းမှ အကာအကွယ်ပေးရန် သင့်လျော်သော အရေးယူဆောင်ရွက်ချက်များကို ပြည်တွင်းဥပဒေစနစ်အတွင်း၌ ထည့်သွင်းပြဋ္ဌာန်းရန် အဖွဲ့ဝင်နိုင်ငံတိုင်းသည် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၁၈-၂၀၂၁) လုပ်ငန်းစဉ် ၁/၄ တိုင်ကြားသူနှင့် သတင်းပေးသူအား အကာအကွယ်ပေးရန် စီမံဆောင်ရွက်ခြင်း ခေါင်းစဉ်အောက် ပန်းတိုင် ၁/၄၇၁ တွင် "ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေးနှင့် သက်ဆိုင်သော ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရန် အစီအမံများဆောင်ရွက်ခြင်း"ဟု ဖော်ပြထားပြီး ဆောင်ရွက်ပြီးစီးရန် မျှော်မှန်းအချိန်ကာလ ၂၀၁၉၊ ၂၀၂၀ ဟု သတ်မှတ်ထားကြောင်း၊ အပြည်ပြည်ဆိုင်ရာကတိကဝတ်များအပေါ် လေးစားလိုက်နာမှုရှိသည့်အနေဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအောင်မြင်ရေးအတွက် လိုအပ်ချက်တစ်ရပ်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့်လည်းကောင်း၊ ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေးဥပဒေတစ်ရပ် လိုအပ်ကြောင်းကို ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါကြောင်း။

ဤဥပဒေသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကိစ္စတစ်ခုတည်းနှင့် ပတ်သက်နေခြင်း မဟုတ်ကြောင်း၊ အစိုးရဌာနများ၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ အားလုံးတွင် ထုတ်ဖော်သတင်းပေးသူများသည် ငွေကြေးခဝါချမှု၊ မူးယစ်ဆေးဝါးကုန်သွယ်မှု၊ လူကုန်ကူးမှု၊ အစားအစာနှင့် ဆေးဝါးအတုပြုလုပ်မှု၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ လိမ်လည်မှု၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှု၊ လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပေးမှု၊ ငွေညှစ်မှု၊ အထက်အောက်အနိုင်ကျင့်မှု၊ ဆရာမွေး တပည့်မွေးမှုစသည့်ကိစ္စများ အပါအဝင် ဖော်ထုတ်တိုက်ဖျက်ရာတွင်လည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်ကြောင်း၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် အင်စတီကျူးရှင်းများ ဖြောင့်မတ်တည်ကြည်မှုရှိပြီး ညီညွတ်ခိုင်မာစေရန်အတွက် အကျင့်ဖောက်ပြန်မှုများကို ဆက်လက်ထွေးပိုက်မထားတော့ဘဲ ရဲရဲဝံ့ဝံ့ရှင်းထုတ်ကြရမည်ဖြစ်ကြောင်း၊ ယနေ့အချိန်မှ စလုပ်မှသာ နောင်ဆယ်စုနှစ်တစ်ခုမှာ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်လာရန်အတွက် မျှော်လင့်နိုင်မည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာကိုယ်စားလှယ်များအနေဖြင့် ယနေ့ဆွေးနွေးမည့် အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံ့ဝန်ထမ်းလောက ဂုဏ်သိက္ခာ ပြန်လည်မြင့်မားလာစေရေးအတွက်၊ နောက်လူများအတွက် ဘယ်လိုအုပ်ချုပ်ရေးစနစ်မျိုး၊ ဘယ်လိုလုပ်ငန်းခွင် အခြေအနေ၊ ဘယ်လိုစည်းစနစ်ကျင့်ဝတ်မျိုးများနှင့် အမွေပေးထားခဲ့ချင်သလဲဆိုသည်ကို သမိုင်းတွင်မှတ်ကျောက်တင် ပြသနိုင်ရန်အတွက်၊ စိတ်ကောင်းစေတနာရှိစွာ၊ အမြော်အမြင်ကြီးမားစွာ၊ ဘက်လိုက်ခြင်းကင်းစွာနှင့် ဖြောင့်မတ်တည်ကြည်စွာ စဉ်းစားဆွေးနွေးပေးကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ဆက်လက်၍ UNODC Country Office မှ Ms. Marie Pegie Cauchois က Whistle-blower Protection (WBP) ဆိုသည်မှာ ပထမဦးစွာ စုံစမ်းထောက်လှမ်း၍ အရေးယူရာတွင် အထောက်အကူပြုနိုင်ရန်ဖြစ်ကြောင်း၊ ထုတ်ဖော်သတင်းပေးသူအား လက်တုံ့ပြန်ခြင်းမခံရအောင် အကာအကွယ်ပေးရမည်ဖြစ်ကြောင်း၊ ဖြောင့်သောသဘောဖြင့် သတင်းပေးသူအား အကာအကွယ်ပေးနိုင်ရေးအတွက် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း(UNCAC)အပိုဒ် ၃၃ နှင့်အညီ ဥပဒေရှိသင့်ကြောင်း၊ ဤဥပဒေပြဋ္ဌာန်းနိုင်မှသာ ထုတ်ဖော်သတင်းပေးသူများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ပထမဆုံးခြေလှမ်းအနေဖြင့် ဤအလုပ်ရုံဆွေးနွေးပွဲဆောင်ရွက်ခြင်းကို ကြိုဆိုပါကြောင်းနှင့် လိုအပ်သည့် နည်းပညာအကူအညီများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြင်ပဥပဒေပညာရှင်၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး UNODC၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်UNDPနှင့် ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ရှိသူများက အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေး ဥပဒေ(မူကြမ်း)အပေါ် ဆွေးနွေးကြသည်။

အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြင်ပဥပဒေပညာရှင်၊ UNODC၊ UNDPမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




**သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

ထို့နောက် **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ**က အဆိုနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ၊ နည်းဥပဒေအပြင် အပြည်ပြည်ဆိုင်ရာစံနှုန်းများဖြစ်သည့် (ISGOTT) နှင့် (BUNKER 2001) တို့အရ စီမံဆောင်ရွက်လျက်ရှိပြီး National Contingency Plan For Marine Pollution များကို တင်ပြအတည်ပြုပြီးပါက ၎င်းစီမံချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း ရေနံတင်သင်္ဘောများနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများသည် မိမိနိုင်ငံ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်ခြင်းများ မဖြစ်ပေါ်စေရေး ကြိုတင်စီမံထားရှိပြီး ဖြစ်ပွားလာပါက ဆိုးကျိုးအနည်းဆုံး ဖြစ်စေရန်၊ ထိခိုက်မှုများအတွက် နစ်နာကြေးများရရှိရေးကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်လျက်ရှိခြင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိနေပါကြောင်း။

အဆိုသည် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ပျက်စီးမှုများ၊ တိုင်းရင်းသားပြည်သူလူထု၏ လူမှုစီးပွားဘဝများ ကာကွယ်နိုင်ရန် ရည်ရွယ်၍ တင်သွင်းလာခြင်းဖြစ်သည့်အတွက် အဆိုကို အတည်ပြုလက်ခံသော်လည်း အဆိုပါလုပ်ငန်းစဉ်များသည် ကြီးမားကျယ်ပြန့်လှပြီး သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်တွင်း၊ ပြည်ပပညာရှင်များ အားလုံးပါဝင်ပေါင်းစပ်ညှိနှိုင်းသွားရမည့် ကိစ္စဖြစ်သည့်အတွက် အချိန်ယူဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို မေ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင် (သတင်းစဉ်)**

»» ကျောဖုံးမှ

လုပ်ငန်း ၄၈ ခုကို စိစစ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာန ၂၅ ခုတို့မှ ၂၀၁၈ ခုနှစ် ခြောက်လ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်း ၂၉၉၁ ခုကို တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီက စိစစ်အတည်ပြုပေးခဲ့ပါကြောင်း။

**နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံ**

တတိယတစ်နှစ်တာ ကာလအတွင်း ရခိုင်ပြည်နယ် မောင်တောခရိုင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းများအတွက် ရွာလေးရွာတွင် Assemble Board House ၄၃ လုံး တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ အပ်နှံသော တရားလွှတ်တော်များ၊ ဆေးရုံကြီးများ၊ တက္ကသိုလ်ကောလိပ်များ ၂၀၁၈ ခုနှစ် ခြောက်လဘဏ္ဍာနှစ်တွင် ၃၈၄ ခုနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၃၁၉ ခု ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦ သုတေသနဓာတ်ခွဲခန်းများရုံး (အထက်မြန်မာပြည်)နှင့်(အောက်မြန်မာပြည်)တို့က အဆောက်အဦများ အရည်အသွေးထိန်းသိမ်းစစ်ဆေးခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ ခုနှစ် ခြောက်လ ဘတ်ဂျက်အတွင်း အဆောက်အဦ ဦးစီးဌာနမှ တာဝန်ယူဦးစီးဆောက်လုပ်သော တည်ဆောက်ရေးလုပ်ငန်း ၆၁ ခုအပြင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် အခြားဝန်ကြီးဌာနများက အပ်နှံခဲ့သော တည်ဆောက်ရေးလုပ်ငန်း ငါးခု၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လုပ်ငန်း ၃၃ ခုတို့၏ အရည်အသွေးထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လမ်းဦးစီးဌာနအနေဖြင့် ကချင်ပြည်နယ်၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်- ပူတာအိုလမ်းတွင် ကွန်ကရစ်ခင်းခြင်း (၁၃/၁)မိုင်၊ ကျောက်စီရေမြောင်း တည်ဆောက်ခြင်း နှစ်မိုင်နှင့် လိုအပ်သော နေရာများတွင် ကျောက်စီမြေကာနံရံတည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ကယားပြည်နယ်၌ ၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်းတွင် ၂၄ ပေ အကျယ် AC ခင်းခြင်း ခုနစ်ဖာလုံ၊ Box Culvert တည်ဆောက်ခြင်း သုံးစင်း၊ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်းတွင် Box Culvert တည်ဆောက်ခြင်း ၁၈ စင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တောင်ငူ-မော်ချီး-လွိုင်ကော် လမ်းအား JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ ဖားဆောင်း- မယ်ဆည်နန်-မယ်စဲ့-နန်းမန်းလမ်းတွင်(၁၈) ပေ အကျယ်ကတ္တရာခင်းခြင်း (၂/၄)မိုင်စသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

**လမ်းအဆင့်မြှင့်တင်**

ကရင်ပြည်နယ်၌ ၂၀၁၈ ခုနှစ်(ဧပြီလမှစက်တင်ဘာလအထိ)တွင် သထုံ-ဘားအံ-ကော့ကရိတ်-မြဝတီလမ်းတွင် လေးလမ်းသွားတိုးချဲ့ခြင်းနှင့် မြေတာပေါင်ချဲ့ခြင်း၊ သံဖြူဇရပ်-ဘုရားသုံးဆူလမ်းတွင် RC တံတား တည်ဆောက်ခြင်း ခုနစ်စင်း စသည့် လုပ်ငန်းများဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်းတွင် JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ အိန္ဒူ-ကော့ကရိတ်လမ်းတွင် ADB ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ချင်းပြည်နယ်၌ ၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ)တွင် မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်းတွင် RC ရေထုတ်ပြွန် ၁၂ လုံးနှင့် ကျောက်စီမြေထိန်းနံရံ သုံးစင်း၊ သိုင်းငင်း-တီးတိန်လမ်းတွင် RC ရေထုတ်ပြွန်ခုနစ်စင်းနှင့် ကျောက်စီရေမြောင်း တည်ဆောက်ခြင်း တစ်မိုင် စသည့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဟားခါး-မတူပီလမ်းအား ၁၈ ပေအကျယ် ကွန်ကရစ်ခင်းခြင်း ၁၀ မိုင်၊ မတူပီ-ပလက်ဝလမ်းတွင် ၁၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်း ၁၀ မိုင်၊ တီးတိန်-တွန်းဇံ-ကျီခါးလမ်းတွင် ၁၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်း လေးမိုင်၊ ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း ၁၈ မိုင် စသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလထိ)တွင် မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းတွင် ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ခုနစ်ဖာလုံ၊ Box Culvert တည်ဆောက်ခြင်းနှင့် တံတားကြမ်းခင်းချဲ့ခြင်း ကိုးစင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရွှေဘို-မြစ်ကြီးနားလမ်းတွင် ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၃၂/၃ ဒသမ ၈၅ မိုင်၊ ရောင်ဟီး-ပင်လည်ဘူးလမ်းတွင် ကွန်ကရစ်ခင်းခြင်း ၁၃ မိုင်၊ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းတွင် အမာခံလမ်းခင်းခြင်း ၁၁ မိုင်၊ မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းတွင် ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၃/၃ မိုင်၊ မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းတွင် JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။


ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ရှင်းလင်းပြောကြားစဉ်။

**ဆောင်ရွက်လျက်ရှိ**

တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လေညာ-ရတနာပုံလမ်းတွင် ကွန်ကရစ်ခင်းခြင်း သုံးမိုင်နှင့် ထားဝယ်-ထီးခီးလမ်းတွင် NEDA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း။

ပဲခူးတိုင်းဒေသကြီး၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တောင်ငူ-မော်ချီး-ဒီမော့ဆိုလမ်းတွင် ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း နှစ်ဖာလုံ၊ RC Box Culvert တည်ဆောက်ခြင်း လေးစင်း၊ဒိုက်ဦး-စစ်တောင်းလမ်းတွင် JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်းတွင် JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ မုံရွာလမ်းတွင် RC Box Culvert တည်ဆောက်ခြင်း သုံးစင်း၊ မိုင်၊ ဖာလုံတိုင် စိုက်ထူခြင်း၊ တံတားတည်ဆောက်ခြင်း တစ်စင်း၊ မြေသားတာပေါင် တည်ဆောက်ခြင်း ၂/၄ မိုင်၊ ကတ္တရာလမ်းချဲ့ခြင်းတစ်မိုင် ပဲခူး-သနပ္ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်းတွင် ကွန်ကရစ်လမ်းပုခုံး၊ ကွန်ကရစ်ရေမြောင်း၊ ပလက်ဖောင်း ပြုလုပ်ပေးခြင်း ၀/၂ မိုင် စသည့်လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း။

မကွေးတိုင်းဒေသကြီး၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်းတွင် ၁၈ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း လေးမိုင်၊ ဂန့်ဂေါ-ကလေးလမ်းတွင် ၁၈ ပေအကျယ်ကတ္တရာခင်းခြင်း ခြောက်ဖာလုံ၊ မင်းဘူး-အမ်းအပိုင်းတွင် ၁၈ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ခုနစ်ဖာလုံ၊ ဂန့်ဂေါ-အိုက္ကားလမ်းတွင် ကျောက်စီရေမြောင်း တည်ဆောက်ခြင်း ၄၃၃၀ ပေ၊ ကျောက်စီရေမြောင်းနှင့်တွဲလျက် မြေထိန်းနံရံတည်ဆောက်ခြင်း ၉၈၄ ပေ၊ RC ရေထုတ်ပြွန်တည်ဆောက်ခြင်း ငါးစင်း၊ နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား(မကွေး)လမ်းတွင် ၁၈ ပေ အကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ခြောက်ဖာလုံ၊ နေပြည်တော်-တောင်ညို-ချောင်းနက် တောင်တွင်းကြီး လမ်းတွင် ပေ ၄၀ အကျယ် မြေတာပေါင်ချဲ့ခြင်း သုံးမိုင်၊ ၁၈ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၄ ဒသမ ၅ ဖာလုံ၊ ပခုက္ကူ-ဆိပ်ဖြူလမ်းတွင် ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း ခုနစ်ဖာလုံ၊ မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူလမ်းတွင် ၁၈ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း လေးဖာလုံ စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

မန္တလေးတိုင်းဒေသကြီးအနေဖြင့် ၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ)တွင် မန္တလေး-မိုးကုတ်လမ်းအား JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်း ဆောင်ရွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း တစ်မိုင်၊ ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း တစ်မိုင်၊ ရန်ကုန်-ပြည်-မန္တလေးလမ်းတွင် ၂၄ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း သုံးမိုင်၊ တွင်းငယ်-မိုးမိတ်လမ်းတွင် ၁၈ ပေအကျယ်ကတ္တရာ လမ်းချဲ့ခြင်း ၁/၃မိုင် စသည့်လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း။

**ကတ္တရာလမ်းသစ်ခင်း**

မွန်ပြည်နယ်၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း သံဖြူဇရပ်-ဘုရားသုံးဆူလမ်းတွင် ကတ္တရာလမ်းသစ်ခင်းခြင်း ၁/၂ မိုင်၊ မုဒုံ-ချောင်းနှစ်ခွ- မဲသရော-လှိုင်ကွယ်လမ်းတွင် AC ထပ်ပိုးလွှာခင်းခြင်း တစ်မိုင်၊ လေးကေ-ကတိုင်တီလမ်းတွင် မြေလမ်းပြုပြင်ထိန်းသိမ်းခြင်း၊ တရနာ-ဘုရားကုန်းလမ်းတွင် JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်၌ ၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ)တွင် ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းအား World Bank ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်း-အောင်သပြေ-ဗန္ဓုလလမ်းတွင် ပေ ၄၀ အကျယ် မြေတာပေါင်ချဲ့၍ အမာခံလမ်းခင်းခြင်း ၂/၇ မိုင်၊ မောင်တော (ကြိမ်ချောင်း)-တောင်ပြို-နယ်စပ်ခြံစည်းရိုးချဉ်းကပ်လမ်းတွင် ပေ ၄၀ အကျယ် မြေတာပေါင်ချဲ့၍ အမာခံလမ်းခင်းခြင်း ၁/၂ မိုင်စသည့်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျောက်ပန္နူ-အင်းဒင်-စေတီပြင်တောင်ကျော်လမ်းတွင် လမ်းအဆင့်မြှင့်တင်ခြင်း၊ ကြိမ်ချောင်း-ဂုပ္ပိတောင်ကျော်လမ်းတွင် အမာခံလမ်းခင်းခြင်း ၆/၅ မိုင်နှင့် RC တံတားတည်ဆောက်ခြင်း နှစ်စင်း၊ ဥဒေါင်း-ညောင်ချောင်း-မေယုတောင်ကျော်လမ်းတွင် အမာခံလမ်းခင်းခြင်းနှင့် RC Box Culvert အစင်း ၆၀ တည်ဆောက်ခြင်း၊ သက်ကိုင်ညာ-ပဒဂါးတောင်ကျော်လမ်းတွင် လမ်းသစ်ဖောက်လုပ်ခြင်း၊ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်လမ်းတွင် ကွန်ကရစ်လမ်းခင်းခြင်း ရှစ်မိုင်နှင့် အမာခံလမ်းခင်းခြင်း ၃/၃ မိုင်၊ ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းတွင် World Bank ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း စသည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပဲခူး-သနပ္ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်းတွင် ADB ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ မအူပင်-တွံတေးလမ်းတွင် သံကူကွန်ကရစ် မြေကာနံရံ ပေ ၄၁၀ တည်ဆောက်ခြင်း၊ တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်းတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁/၁ မိုင်၊ အမှတ်(၇) လမ်းမကြီး (မြို့ပတ်လမ်း)တွင် ကတ္တရာခင်းခြင်း တစ်မိုင်၊ သန်လျင်-သီလဝါ လမ်းမကြီးတွင် JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ ကော့မှူး-ဝါးဘလောက်သောက်-သရက်တောလမ်းတွင် ကတ္တရာခင်းခြင်း ၁၃/၄ မိုင် စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ကွန်ကရစ်ရေပြွန် တည်ဆောက်**

ရှမ်းပြည်နယ်၌ ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိတွင် ဟန်မြင့်မိုရ်-မြို့ကြီး-ရွာင်-အောင်ပန်းလမ်းတွင် ၁၈ ပေအကျယ် ဒုအခြေခံလွှာချဲ့ခင်းခြင်း ၂/၁ မိုင်၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံး လမ်းတွင် ၁၈ ပေ အကျယ် ဒုအခြေခံလွှာချဲ့ခင်းခြင်း ၁၂/၂ မိုင်၊ Box Culvert တည်ဆောက်ခြင်း ငါးစင်း၊ ကွန်ကရစ် ရေပြွန်တည်ဆောက်ခြင်း ၁၀ စင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မိတ္ထီလာ- တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းတွင် ၂၄ ပေအကျယ် ကွန်ကရစ်ခင်းခြင်း ငါးဖာလုံ၊ ပေ ၄၀ အကျယ် လမ်းတာချဲ့ခြင်း၊ ကျောက်စီရေမြောင်း တည်ဆောက်ခြင်း ၁၁၄၈ ပေ၊ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၂/၄ မိုင်၊ ၂၄ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း ၁/၄ မိုင်၊ ဟန်မြင့်မိုရ်-မြို့ကြီး-အောင်ပန်းလမ်းအား JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ တောင်ငူ-လိပ်သို-ယာဒို-ဟိုပုံးလမ်းတွင် ၁၈ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း ၁/၄ မိုင်နှင့် JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ အောင်ပန်း-ပင်လောင်း-မိုးဖြဲ-လွိုင်ကော်လမ်းတွင် ၁၈ ပေအကျယ် ကတ္တရာခင်းခြင်း ၂/၂ မိုင်၊ Box Culvert တည်ဆောက်ခြင်း ခြောက်စင်း၊ မိုင်းပန်-မုံးထ-မုံးထော်လမ်းတွင် မြေတာပေါင်ချဲ့ခြင်း၊ တွင်းငယ်-မိုးမိတ်လမ်းတွင် ကတ္တရာခင်းခြင်း ၅/၆ မိုင်၊ RC တံတားတည်ဆောက်ခြင်း တစ်စင်း၊ လားရှိုး-မန်စံလမ်းတွင် ၂၈ ပေအကျယ် AC ခင်းခြင်း ခုနစ်ဖာလုံ၊ သီပေါ-ပန်လုံ-နမ္မတူလမ်းတွင် ၁၈ ပေ အကျယ်ကတ္တရာလမ်းချဲ့ခြင်း ၂/၁ မိုင် စသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်းတွင် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းနှစ်စင်း၊ ကတ္တရာလမ်းခင်းခြင်း တစ်မိုင်၊ ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်းတွင် ကတ္တရာလမ်းခင်းခြင်း ၃/၃ မိုင်၊ အမာခံလမ်းခင်းခြင်း (၁) မိုင်၊ တံတားနှစ်စင်း၏ ချဉ်းကပ်လမ်းနှစ်ဖက် ကတ္တရာခင်းခြင်း၊ ကြိမ်ပင်ဆည်-စကြေ့-ခနေဖြူဇလွန်လမ်းတွင်ကွန်ကရစ်လမ်းခင်းခြင်း ခြောက်ဖာလုံ၊ ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းတွင် JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းတွင် ကတ္တရာလမ်းခင်းခြင်း နှစ်မိုင်၊ မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းနှင့် ရန်ကုန်-ပုသိမ်လမ်းတို့တွင် ADB ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

**နေပြည်တော်ကောင်စီနယ်မြေ**

နေပြည်တော်ကောင်စီနယ်မြေ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား (မကွေး) လမ်းတွင် Gabion Box များဖြင့် အောက်ခြေမြေထိန်းနံရံတည်ဆောက်ခြင်း ပေ ၁၅၀၀၊ နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီး လမ်းတွင် Gabion Box များဖြင့် အောက်ခြေမြေထိန်းနံရံတည်ဆောက်ခြင်း ပေ ၁၅၀၀၊ တပ်ကုန်းမှ ရန်ကုန်-မန္တလေးအမြန်လမ်းသို့ ဆက်သွယ်သောလမ်း (အမှတ် ၅လမ်း) တွင် ကွန်ကရစ်ခင်းခြင်း ၁/၅ မိုင်၊ ဘီလပ်မြေစက်ရုံ(တောင်စဉ်အေး)-နန့်လွင်စန်း-ပြဒါးချောင်း အထက်ပေါင်းလောင်းလမ်းတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၀/၇ ဒသမ ၅ မိုင်၊ RC Box Culvert တည်ဆောက်ခြင်း နှစ်စင်း၊ ကျောက်စီရေမြောင်း တည်ဆောက်ခြင်း ပေ ၃၂၈၀၊ မွန်းတည့်ခွင့်-ကျည်တောင်-ခေါ်မ-ညောင်ပင်သာလမ်းတွင် ကတ္တရာလမ်းခင်းခြင်း ၁/၁ မိုင် စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

တံတားဦးစီးဌာနအနေဖြင့် ကချင်ပြည်နယ်တွင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ တီယာန်ဇွပ်တံတား ၂၉၆ ပေ၊ ဒရုခတံတား ၁၉၇ ပေအား ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ချင်းတွင်းမြစ်ကူး တံတားကြီးများဖြစ်သည့် ခန္တီး-ဆင်သေ-လဟယ်လမ်းပေါ်ရှိ ချင်းတွင်း တံတား(ခန္တီး) ၂၆၅၁ ပေနှင့် အောင်ဇေယျ-ကက်သာ-ဟုမ္မလင်းလမ်းပေါ်ရှိ ချင်းတွင်းတံတား (ဟုမ္မလင်း) ၂၇၆၂ ပေတို့အား တည်ဆောက်ပြီးစီးခဲ့ပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးတွင် သမုတ်လွတ်လွတ် တံတား ၁၂၈၇ ပေ၊ ပုလုံးတုံးတုံးတံတား ပေ ၂၄၀၀ နှင့် တနင်္သာရီတံတား ၁၄၄၄ ပေတို့အားလည်း တည်ဆောက်လျက်ရှိပါကြောင်း။

**စစ်တောင်းမြစ်ကူးတံတားကြီးများတည်ဆောက်**

ပဲခူးတိုင်းဒေသကြီးတွင် စစ်တောင်းမြစ်ကူး တံတားကြီးများဖြစ်သည့် စစ်တောင်း မြစ်ကူးတံတား(ရေတာရှည်) ပေ ၈၀၀၊ စစ်တောင်းမြစ်ကူးတံတား (အုတ်ဖြတ်) ပေ ၆၂၀၊ စစ်တောင်းမြစ်ကူးတံတား (မြို့စိုး) ပေ ၁၂၀၀ နှင့် တောင်ငူ-ကျောက်ကြီး-ရွှေကျင်-ဝင်းကံလမ်းပေါ်ရှိ ရွှေကျင်တံတား ပေ ၁၆၈၀ တို့ကိုလည်း တည်ဆောက်လျက်ရှိပါကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်းပေါ်ရှိ မြစ်သာမြစ်ကူးတံတား (ဂန့်ဂေါ) ပေ ၈၀၀ တည်ဆောက်ပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း၊ မုန်းချောင်းတံတား(ပွင့်ဖြူ) ပေ ၁၃၀၀ နှင့် ယော(ကံတွင်း) တံတား ပေ ၉၀၀ တို့ကိုလည်း တည်ဆောက်လျက်ရှိပြီး မကြာမီ ပြီးစီးတော့မည်ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီးအတွင်း ညောင်ဦး-မြင်းခြံလမ်းပေါ်ရှိ ဆင်တဲဝ တံတား ၉၃၅ ပေအား တည်ဆောက်လျက်ရှိပြီး ပြီးစီးတော့မည်ဖြစ်ပါကြောင်း။

မွန်ပြည်နယ်အတွင်းရှိ ကျိုက်မရော-စံပယ်ဂူ-ကော့ပနော လမ်းပေါ်ရှိ အတ္တရံ မြစ်ကူး(စံပယ်ဂူ)တံတား ၂၁၁၃ ပေကိုလည်း စတင်တည်ဆောက်နေပြီဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်းရှိ ရန်ကုန်- စစ်တွေလမ်းပေါ်ရှိ ဒါးလက်ချောင်း တံတား ပေ ၉၆၀၊ တိမ်ညိုတံတား ပေ ၃၆၀၊ မြေပုံ- မင်းပြားလမ်းပေါ်ရှိ ကြပ်စင်တံတား ပေ ၁၉၂၀ နှင့် စစ်တွေမြို့ပေါ်ရှိ ဆတ်ရိုးကျတံတား ၁၆၄၂ ပေတို့အားလည်း တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ ဩစတြီးယားချေးငွေဖြင့် သံပေါင်ဝယ်ယူသည့် ကင်းချောင်းတံတား ၁၂၅၆ ပေနှင့် ရာမောင် တံတား ၁၃၀၀ ပေတို့ကိုလည်း တည်ဆောက်လျက်ရှိပါကြောင်း။ **စာမျက်နှာ ၉ သို့ »»**

»» စာမျက်နှာ ၈ မှ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဂျပန်နိုင်ငံ JICA အကူအညီဖြင့် ဒေါပုံ (သာကေတ) တံတား ပေ ၈၃၀ အား တည်ဆောက်နိုင်ခဲ့ပြီး ကိုရီးယားနိုင်ငံချေးငွေဖြင့် တည်ဆောက်မည့် မြန်မာ-ကိုရီးယား (ဒလ)ချစ်ကြည်ရေးတံတားနှင့် ဂျပန်နိုင်ငံ ချေးငွေဖြင့် တည်ဆောက်မည့် ပဲခူးမြစ်ကူးတံတား (သန်လျင် တံတားအမှတ်-၃)တို့မှာ စတင်တည်ဆောက်နေပြီဖြစ်ပါကြောင်း။

**စတင်တည်ဆောက်**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် သီပေါ - ပန်လုံ-နမ့်ဆန် လမ်းပေါ်ရှိ လေလုတံတား ပေ ၃၆၀ တည်ဆောက်နိုင်ခဲ့ပြီး သံလွင်မြစ်ကူးတံတားများဖြစ်သည့် မိတ္ထီလာ-တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်းပေါ်ရှိ တာကော်တံတား ပေ ၁၀၅၀ နှင့် မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်ရှိ သံလွင်မြစ်ကူးတံတား (တာဆန်း) ပေ ၈၅၉ တို့မှာ စတင်တည်ဆောက်နေပြီ ဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ချောင်းသာ-ရွှေသောင်ယံလမ်းပေါ်ရှိ ရွှေသောင်ယံတံတား (မကြီးချောင်း) ၈၇၇ ပေအား တည်ဆောက်ပြီးစီးခဲ့ပြီး ငဝန်မြစ်ကူးတံတား(လေးမျက်နှာ)နှင့် မြောင်းမြတံတားအသစ်ကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ စော်ကဲတံတား ၂၄၆၁ ပေ၊ ကျွန်းပြဿဒ်တံတား ၂၃၆၂ ဒသမ ၅ ပေ၊ ကျွန်းကုန်းတံတား ၇၈၇ ဒသမ ၅ ပေ၊ ပုသိမ်တံတားအမှတ်(၂) ၂၃၁၈ ပေတို့ကို တည်ဆောက်လျက်ရှိပြီး ရွှေလောင်းတံတား၊ ဝါးခယ်မတံတားနှင့် လပွတ္တာ (ပင်လယ်လေး) တံတားတို့ကိုလည်း အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိပါကြောင်း။

အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် အခြေခံပြည်သူများ နေထိုင်ရေးအဆင်ပြေစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာ စီမံကိန်းများမှ အိမ်ခန်းစုစုပေါင်း ၃၃၂၂ ခန်းကို ပြည်သူများ နေထိုင်နိုင်ရန် တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

အခြားတိုင်းဒေသကြီးများတွင်လည်း အိမ်ရာစီမံကိန်းများ ဆောင်ရွက်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အိမ်ခန်းပေါင်း ၆၇၆ ခန်းပါဝင်သော ဉမ္မာဒန္တီအိမ်ရာ စီမံကိန်းနှင့် အိမ်ခန်းပေါင်း ၉၆ ခန်း ပါဝင်သော ပြည်တော်သာအိမ်ရာ၊ ကရင်ပြည်နယ် ဘားအံမြို့တွင် အိမ်ခန်းပေါင်း ၄၈ ခန်းပါဝင်သော ကြာအင်းတောင် အိမ်ရာတို့အား တည်ဆောက်ရောင်းချပေးလျက်ရှိပါကြောင်း။

**တည်ဆောက်လျက်ရှိ**

ဝန်ထမ်းများနေထိုင်မှု အဆင်ပြေစေရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ၎င်းတို့၏ တိုင်းဒေသကြီး၊ ပြည်နယ်ဘတ်ဂျက်ဖြင့် ဝန်ထမ်းအိမ်ရာ ၁၅၇ လုံး၊ အခန်းပေါင်း ၂၄၈၄ ခန်းနှင့် ပြည်ထောင်စုဘဏ္ဍာငွေဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များတွင် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာ တိုက် ၂၅ လုံး၊ အခန်း ၈၆၀ ခန်းအား တည်ဆောက်လျက်ရှိပါကြောင်း။

Construction, Housing and Infrastructure Development Bank (CHIDB) အနေဖြင့် ပြည်သူများ အိမ်ရာပိုင်ဆိုင်နိုင်ရေးအတွက် အိမ်ရာစုဆောင်းငွေစနစ် (Housing Mortgage)စနစ်ဖြင့် ပြည်သူများ အိမ်ရာပိုင်ဆိုင်နိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အိမ်ရာစုဆောင်းငွေထားရှိသူ ၂၅၁၀၉ ဦး၊ ငွေ ၂၃ ဒသမ ၅၃ ဘီလီယံ စုဆောင်းနိုင်ခဲ့ပါကြောင်း၊ အိမ်ရာဝယ်ယူသူ ၂၇၂၀ ဦးကို ငွေကျပ် ၃၅ ဒသမ ၁၇ ဘီလီယံ ထုတ်ချေးဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ယခင်စုဆောင်းငွေ ၃၀ ရာခိုင်နှုန်းရှိသူများကို အတိုးနှုန်း ၁၂ ရာခိုင်နှုန်း ချေးငွေကာလ ၁၅ နှစ်အထိ ထုတ်ချေးပေးခဲ့ပြီး ယခု JICA ချေးငွေအရင်းအမြစ်ဖြင့် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်း အနည်းဆုံး ၁၅ နှစ်ဖြင့် ထုတ်ချေးပေးနိုင်ရန် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ အထောက်အကူပြုနိုင်ရေး အတွက် ရည်ရွယ်၍ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် CHID Bank (Construction, Housing and Infrastructure Development Bank) အဖြစ် ရည်မှန်းချက်၊ မျှော်မှန်းချက်များ တိုးမြှင့်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့ပေါင်း ကိုးမြို့တွင် ဘဏ်ခွဲပေါင်း ၁၂ ဘဏ်အထိ တိုးချဲ့ဖွင့်လှစ်ပြီး ပြည်သူများ နေရေးအဆင်ပြေစေရန် အတွက် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း ရှင်းလင်းပြောကြားစဉ်။

ကျေးလက်လမ်းများအား လမ်းအဆင့်အတန်း Class A,B,C ခွဲခြားသတ်မှတ်ထားပြီး ဦးစားပေး(၁)၊ ဦးစားပေး(၂)၊ ဦးစားပေး(၃)များခွဲခြား၍ Class A လမ်းများအား တိုင်းဒေသကြီး၊ ပြည်နယ်များမှ စီမံခန့်ခွဲပြီး Class B နှင့် C လမ်းများကို ပြည်ထောင်စုမှ စီမံခန့်ခွဲရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ ခွင့်ပြုပြီးဖြစ်ပါကြောင်း။

ကျေးလက်လမ်းအရှည် ၅၅၅၀၇ မိုင် (၈၉၃၁၁ km) အား တာဝန်ယူဆောင်ရွက်လျက်ရှိပြီး Class(A)-အဓိကလမ်းမကြီးများ (သို့) မြို့ (သို့) မြို့တော်များ တိုက်ရိုက်ချိတ်ဆက်သောလမ်း၊ Class(B)-Class(A) သို့ ဆက်သွယ်သည့်လမ်း၊ အဓိကကျေးရွာချင်းဆက်လမ်း၊ Class(C) -Class(B)သို့ ဆက်သွယ်သည့်လမ်း၊ အဓိက ကျေးရွာချင်းဆက်လမ်းများမဟုတ်သည့် လမ်းများနှင့် စိုက်ပျိုးရေယာသို့ ဆက်သွယ်သည့်လမ်းဟူ၍ သတ်မှတ်ပါကြောင်း။

စီမံခန့်ခွဲမှုအပိုင်းတွင် Class(A) - ၂၅၆၃၅/ ၂ မိုင် (၄၆ ရာခိုင်နှုန်း) တိုင်းဒေသကြီး၊ ပြည်နယ်မှ စီမံခန့်ခွဲပြီး Class(B) - ၁၇၃၂၀/၆ မိုင် (၃၁ ရာခိုင်နှုန်း)နှင့် Class(C) - ၁၂၅၅၁/၀ မိုင် (၂၃ ရာခိုင်နှုန်း) ပြည်ထောင်စုမှ စီမံခန့်ခွဲပါကြောင်း။

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) ခြောက်လအတွင်း ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် (မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လမ်း၊ တံတား လုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၁၀၆၇၃၁ ဒသမ ၈၂ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ လမ်းလုပ်ငန်းတွင် ကွန်ကရစ်လမ်း- ၁၇၅ မိုင် ၇ ဖာလုံ၊ ကတ္တရာလမ်း - ၃၅ မိုင် ၁ ဖာလုံ၊ ကတ္တရာထပ်ပိုး - သုညမိုင် ၇ ဖာလုံ၊ ကျောက်ချောလမ်း -၂၀၁ မိုင် ၄ ဖာလုံ၊ ဝံ၊ ဂျင်းလမ်း- ၄၀၈ မိုင် ၄ ဖာလုံ၊ မြေသားလမ်း - ၂၈၅ မိုင် ၄ ဖာလုံ စုစုပေါင်း- ၁၁၀၇ မိုင် ၃ ဖာလုံ ဆောင်ရွက်နိုင်ခဲ့ပြီး တံတားလုပ်ငန်းတွင် ကွန်ကရစ် - ၁၀၆ စင်း (၃၁၃၇ ပေ)၊ သစ်သားတံတား- ၁၁ စင်း (၇၀၈ ပေ)၊ ဘေလီတံတား - လေးစင်း(ပေ ၆၅၀)၊ ရေကျော်- ၂၂ စင်း (၂၀၂၈ ပေ)၊ Box Culvert - ၄၅၉ စင်း (၂၃၂၈ ပေ)၊ အခြား- ၂၁ စင်း (၄၈၂၆ ပေ) စုစုပေါင်း- ၆၂၃ စင်း (၁၃၆၇၇ ပေ) ဆောင်ရွက်နိုင်ခဲ့ကြောင်း။

**ရန်ပုံငွေဖြင့် ဆောင်ရွက်**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် (မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လမ်း၊ တံတားလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၃၂၆၈၁၄ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ လမ်းလုပ်ငန်းတွင် ကွန်ကရစ်လမ်း-၃၁၇ မိုင် ၇ ဖာလုံ၊ ကတ္တရာလမ်း - ၃၀၉ မိုင် ၀ ဖာလုံ၊ ကတ္တရာထပ်ပိုး -၁၆ မိုင် ၄ ဖာလုံ၊ ကျောက်ချောလမ်း - ၄၅၆ မိုင် ၆ ဖာလုံ၊ ဝံ၊ ဂျင်းလမ်း- ၈၈၄ မိုင် ၃ ဖာလုံ၊ မြေသားလမ်း-၈၈၀ မိုင် ၆ ဖာလုံ စုစုပေါင်း -၂၈၆၅ မိုင် ၂ ဖာလုံ ဆောင်ရွက်နိုင်ခဲ့ပြီး တံတားလုပ်ငန်းတွင် ကွန်ကရစ်- ၄၅၇ စင်း (၂၆၉၀၅ ပေ)၊ Box Culvert -၁၀၀၄ စင်း (၄၅၇၂ ပေ)၊ ရေကျော်-၇၃ စင်း (၈၁၈၂ ပေ)၊ ဘေလီတံတား- ၁၈ စင်း (၂၂၂၀ ပေ)၊ ကြိုးတံတား- ၁၉ စင်း (၄၄၈၅ ပေ)၊ အခြား - ၃၂ စင်း(၁၅၃၄၃ ပေ) စုစုပေါင်း -၁၆၂၀ စင်း (၆၂၅၅၂ ပေ) ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက လက်ရှိမြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးမှုအခြေအနေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးဖောင်းပွမှုနှုန်းထိန်းသိမ်းရန် တစ်နည်းအားဖြင့် ဈေးနှုန်းများ တည်ငြိမ်မှုရှိမည့် စီးပွားရေးတိုးတက်မှုကိုရရှိစေရန် သီးသန့်ငွေကြေးပမာဏအား ရည်မှန်းချက်ထားရှိသည့် ငွေကြေးမူဝါဒမူဘောင် (Reserve Money Targeting Monetary Policy Framework)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သီးသန့်ငွေကြေးပမာဏအား ရည်မှန်းချက် (Reserve Money Target) ထားရှိနိုင်ရန် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း (GDP)၊ ငွေဖောင်းပွမှုနှုန်း (Inflation)၊ ငွေကြေးလည်ပတ်နှုန်း (Velocity)၊ ငွေကြေးဆပွားကိန်း(Money Multiplier)တို့အပေါ် အခြေခံ၍ တွက်ချက်ပါကြောင်း။

**ရည်မှန်းချက်ထားရှိဆောင်ရွက်**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နိုင်ငံ၏ရည်မှန်းချက်ဖြစ်သည့် စီးပွားရေးတိုးတက်မှုနှုန်း ၇ ဒသမ ၆ ရာခိုင်နှုန်းအား ငွေဖောင်းပွမှုနှုန်း ၅ ဒသမ ၅ ရာခိုင်နှုန်းအတွင်း ထားရှိဆောင်ရွက်နိုင်ရန် သီးသန့်ငွေကြေးပမာဏ တိုးတက်မှုနှုန်းအား ၁၁ ရာခိုင်နှုန်းနှင့် စုစုပေါင်းငွေကြေးပမာဏ တိုးတက်မှုနှုန်းအား ၂၁ ရာခိုင်နှုန်းအတွင်းရှိစေရန် ရည်မှန်းချက်ထားရှိ ဆောင်ရွက်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စီးပွားရေးစနစ်ရှိ ငွေကြေးပမာဏအား ခန့်မှန်းတွက်ချက်၍ ရည်မှန်းချက်ထက် ကျော်လွန်နေပါက အပ်ငွေလေလံခေါ်ယူပြီး ပိုလျှံသည့်ငွေကြေးပမာဏများအား နုတ်သိမ်းရပါကြောင်း၊ အပ်ငွေလေလံခေါ်ယူခြင်းကို ၂၀၁၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး အပ်ငွေလေလံများအား နှစ်ပတ်လျှင်တစ်ကြိမ်ဖြင့် လေလံသက်တမ်း ၁၄ ရက်၊ ၂၈ ရက်နှင့် ၄၂ ရက် ကာလများအတွက် ခေါ်ယူပါကြောင်း။

နိုင်ငံတော်အစိုးရ၏ တတိယ(၁)နှစ်တာကာလဖြစ်သည့် ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လကုန်အထိ ၁၂ လတာကာလအတွင်း အပ်ငွေလေလံ (၂၅) ကြိမ်ခေါ်ယူကာ တစ်ကြိမ်လျှင် ပျမ်းမျှ ၂၈၁ ကျပ်ဘီလီယံဖြင့် ဈေးကွက်အတွင်းမှ ပိုလျှံငွေကြေးများကို နုတ်သိမ်းနိုင်ခဲ့ပါကြောင်း၊ ထိုသို့ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးပမာဏ (တစ်နည်းအားဖြင့် ငွေဖောင်းပွမှု)အား ရည်မှန်းချက်အတွင်း ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လကုန်အထိ ၁၂ လတာကာလအတွင်း လေလံအောင်မြင်ခဲ့သည့် ပျမ်းမျှအပ်ငွေ လေလံအတိုးနှုန်းများမှာ အနိမ့်ဆုံး ၂ ဒသမ ၉၄ ရာခိုင်နှုန်းနှင့် အမြင့်ဆုံး ၇ ဒသမ ၁၃ ရာခိုင်နှုန်းအတွင်း ရှိခဲ့ပါကြောင်း။

**ငွေရေးကြေးရေးကဏ္ဍ**

မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်တွင် ပြဋ္ဌာန်းခဲ့သော ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ ယင်းဥပဒေအရ ၂၀၁၇ ခုနှစ် ဇူလိုင် ၇ ရက်တွင် ထုတ်ပြန်သည့် စည်းမျဉ်းလေးရပ်တို့နှင့်ဆက်စပ်၍ နောက်ဆက်တွဲ ညွှန်ကြားချက် ငါးခုကိုလည်း ၂၀၁၈ ခုနှစ် မေ ၃ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းတို့မှာ သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံနှုန်းများအတွက် ညွှန်ကြားချက်၊ ဘဏ်ဒါရိုက်တာများဆိုင်ရာ ညွှန်ကြားချက်၊ ပြင်ပ စာရင်းစစ်များဆိုင်ရာညွှန်ကြားချက်၊ ဆက်နွယ်သူများဆိုင်ရာ ညွှန်ကြားချက်နှင့် အဓိကကျသည့် အကျိုးစီးပွားများ ရယူခြင်းဆိုင်ရာ ညွှန်ကြားချက်တို့ဖြစ်ပြီး အထက်ပါ ညွှန်ကြားချက်များသည် ဘဏ်များ၏ စီမံခန့်ခွဲမှု (Banks' Governance) ကောင်းမွန်စေရေးအတွက် ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် CBN-NET (RTGS) System အား International Standard နှင့်အညီ ဖြစ်စေရေးအတွက် ဂျပန်နိုင်ငံမှ ထောက်ပံ့သည့် အကူအညီအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် JICA တို့ ပူးပေါင်း၍ CBN-NET Phase I ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၈ ခုနှစ် ဩဂုတ် ၈ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် JICA တို့ လက်မှတ်ရေးထိုးခဲ့သည့် ကူညီထောက်ပံ့ရေးသဘောတူစာချုပ်အရ CBN-NET Phase II ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းအစီအစဉ်တွင် ဘဏ်များ၏ System နှင့် CBM ၏ System ကို တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း (STP with Commercial Bank)၊ ဘဏ်များအကြား Message ပေးပို့ခြင်းတွင် စံထားရှိခြင်း (ISO 20022 Adoption)၊ ငွေလွှဲယ်ကူမှု အကာအကွယ်ပြုနိုင်ခြင်း (Liquidity Saving Facility)၊ ပမာဏနည်းငွေပေးချေမှုများကို အချိန်နှင့်တစ်ပြေးညီ စာရင်းရှင်းလင်းခြင်း (ACH)၊ ချက်လက်မှတ်ကို ပုံရိပ်စနစ်ဖြင့် စာရင်းရှင်းလင်းခြင်း (Cheque Truncation)၊ ငွေပေးချေစာရင်းရှင်းလင်းမှုဆိုင်ရာ အရေးကြီးအချက်အလက်များအား Dashboard တွင် ပြသအချက်ပေးခြင်း (Alert and Dashboard Function)၊ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ဒုတိယအရန်အဖြစ် သုံးစွဲမည့် Data Centre နှင့် အချက်အလက်များ ပြန်လည်ရယူရန်အစီအစဉ်များ(DR Site and Data Redundancy)၊ သုံးစွဲသူများမှန်ကန်ကြောင်း စိစစ်နိုင်ခြင်း (User Authentication)၊ အခြား System များ (ဥပမာ- YSX, Auction System များနှင့် ချိတ်ဆက်ခြင်း) (Automatic Data Linkage) အစီအစဉ်များ ပါဝင်ပါကြောင်း။

**Online မှ အခွန်ပေးဆောင်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ အခွန်ထမ်းများအနေဖြင့် မည်သည့်ဘဏ်မှမဆို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ ပြည်တွင်းအခွန်များဦးစီးဌာနစာရင်းသို့ CBN-NET System Customer Credit Transfer Function ကို အသုံးပြု၍ Online မှ အခွန်ပေးဆောင်ခြင်းအား ဆောင်ရွက်နိုင်မည့်အစီအစဉ်ကို စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ငွေရေးကြေးရေးကဏ္ဍ ဖြေလျှော့ပေးသည့် အခြားအစီအစဉ်များအနေဖြင့် ယခုအချိန်ထိ ပြည်တွင်းဘဏ်များ၏ ချေးငွေများကို တစ်နှစ်သက်တမ်းရှိ စာရင်းပိုထုတ်ချေးငွေနှင့် သုံးနှစ်ထက်မပိုသော ကာလသတ်မှတ်ချက် ချေးငွေများအား ထုတ်ချေးခွင့်ပြုပါကြောင်း၊ ဘဏ်များ၏ ချေးငွေအခြေခံ ပိုမိုကျယ်ပြန့်လာစေရေးနှင့် ပြည်သူများ အိမ်ရာပိုင်ဆိုင်မှု အခွင့်အလမ်းတိုးမြှင့်စေရန် ရည်ရွယ်၍ ဘဏ်များအား စုစုပေါင်းချေးငွေ၏ ငါးရာခိုင်နှုန်းထက်မပိုသော အိမ်ရာချေးငွေများကို သုံးနှစ်ထက် ကျော်လွန်၍ ချေးယူခွင့်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ခွင့်ပြုခဲ့ပါကြောင်း။

ထို့အတူ အိမ်ရာချေးငွေများမှအပ နိုင်ငံ့စီးပွားရေး အတွက် အထောက်အကူပြုနိုင်သည့် ချေးငွေများဖြစ်ပါက အထက်ပါခွင့်ပြုသည့် စုစုပေါင်းချေးငွေ၏ ငါးရာခိုင်နှုန်း အတွင်း ကိစ္စရပ်တစ်ခုချင်းအလိုက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ တင်ပြ၍ အတည်ပြုချက်ရရှိက ထုတ်ချေးရန် ခွင့်ပြုခဲ့ပါကြောင်း။

လက်ရှိအချိန်အထိ ခွင့်ပြုခဲ့သည့် နိုင်ငံခြားဘဏ် ဘဏ်ခွဲအရေအတွက်သည် ၁၃ ဘဏ်ဖြစ်ပြီး နောက်ထပ် နိုင်ငံခြားဘဏ် ဘဏ်ခွဲများ သင့်လျော်သည့် အရေအတွက်ဖြင့် ထပ်မံခွင့်ပြုသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ခွင့်ပြုရာတွင် ယခင်ကဲ့သို့ နိုင်ငံခြားဘဏ်များ၏ ဘဏ်ခွဲများ (Branch)အဖြစ် ခွင့်ပြုခြင်းသာမက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းဆောင်ရွက်သည့် နိုင်ငံခြားဘဏ်၏ လက်အောက်ခံဘဏ်များ (Subsidiary)အဖြစ် ဆောင်ရွက်လိုပါက ခွင့်ပြုသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိနိုင်ငံခြားဘဏ် ဘဏ်ခွဲများ (Branch)အနေဖြင့်လည်း လက်အောက်ခံဘဏ်များ (Subsidiary)အဖြစ် ပြောင်းလဲဆောင်ရွက်လိုပါက ခွင့်ပြုပေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**လုပ်ငန်းများ စတင်ဆောင်ရွက်**

လက်အောက်ခံဘဏ်များ (Subsidiary)အဖြစ် ဆောင်ရွက်မည့် နိုင်ငံခြားဘဏ်များသည် လက်လီဘဏ်လုပ်ငန်း (Retail Banking)ကို ဆောင်ရွက်ခွင့်ရရှိကြမည်ဖြစ်၍ ပြည်တွင်းဘဏ်များနည်းတူ လုပ်ငန်းဆောင်ရွက်ခွင့်ရှိကြမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းရှိ ကော်ပိုရိတ်များအနေဖြင့်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့် လည်းကောင်း ချေးငွေရရှိနိုင်မှု အခွင့်အလမ်း တိုးတက်လာစေရန် အတွက် ချေးငွေအချက်အလက်များကို စုစည်း၍ ငွေချေးသည့်ဘဏ်များ သို့မဟုတ် အခြားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ပံ့ပိုးပေးမည့် ချေးငွေသတင်းအချက်အလက်ဌာနကို တည်ထောင်နိုင်ရန် ၂၀၁၈ ခုနှစ် မေ ၁၇ ရက်တွင် ခွင့်ပြုချက်ထုတ်ပေးခဲ့ပါကြောင်း၊ ချေးငွေသတင်းအချက်အလက်ဌာနသည် လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မည့် အခြေအနေရှိပါကြောင်း။

စာမျက်နှာ ၁၀ သို့ »»

»» စာမျက်နှာ ၉ မှ

ပြည်တွင်းပုဂ္ဂလိကဘဏ်များအား နိုင်ငံခြားဘဏ်များသို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုပြုနိုင်ရန် စုစုပေါင်းမတည်ရင်းနှီးငွေ၏ ၃၅ ရာခိုင်နှုန်းအထိ ပြည်ပရင်းနှီးမြှုပ်နှံမှုကို လက်ခံဆောင်ရွက်ခွင့်ပြုကြောင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ခွင့်ပြုခဲ့ပါကြောင်း၊ နိုင်ငံခြားဘဏ် ဘဏ်ခွဲများအနေဖြင့် လိုင်စင်ထုတ်ပေးစဉ်က နိုင်ငံခြားကော်ပိုရိတ်များအတွက်သာ ငွေထုတ်ချေးခွင့်ကို ခွင့်ပြုခဲ့သော်လည်း ပြည်တွင်းကော်ပိုရိတ်များ ဘဏ္ဍာငွေဖြည့်ဆည်းမှု အဆင်ပြေချောမွေ့စေ၍ နိုင်ငံစီးပွားရေးကို အထောက်အကူပြုစေရန် ပြည်တွင်းကော်ပိုရိတ်များသို့ နိုင်ငံခြားငွေနှင့် မြန်မာကျပ်ငွေ နှစ်မျိုးလုံး ထုတ်ချေးခွင့်ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ခွင့်ပြုခဲ့ပါကြောင်း။

**အသိပညာပေးအစီအစဉ်များ ဆောင်ရွက်**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်မှုများအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများသည် သတင်းပို့အဖွဲ့အစည်းများတွင် အဓိကအခန်းမှပါဝင်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ်ကွပ်ကဲရသည့် ကြီးကြပ်ရေးအာဏာပိုင် (Supervisory Authority) ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/ CFT)ဆိုင်ရာ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ခဲ့ပြီး ဘဏ်များ၏ AML/ CFT ဆိုင်ရာ တိုးတက်လိုက်နာရေးကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံ၏ AML/CFT ဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်မှုအစီရင်ခံစာ (National Risk Assessment Report) ရေးဆွဲခြင်း၊ အမျိုးသားအဆင့် မဟာဗျူဟာ (မူကြမ်း) ရေးဆွဲခြင်း၊ အာရှနှင့် ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG) မှ မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာ အကောင်အထည်ဖော်မှုများအပေါ် အကဲဖြတ်ရာတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်းသည့် မေးခွန်းများ ဖြေကြားခြင်းတို့ကို ဆက်စပ်ဝန်ကြီးဌာနများဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအပါအဝင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခွင့်ပြု**

ဘဏ်ဝန်ဆောင်မှု လက်လှမ်းမမီသည့်ဒေသများမှ ပြည်သူများအတွက် ငွေရေးကြေးရေးဝန်ဆောင်မှုများကို တိုးမြှင့်ရရှိစေရန် ဆောင်ရွက်ချက်များအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အများပြည်သူများအတွက် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ရရှိစေရန်အတွက် ပုဂ္ဂလိကဘဏ်များအား ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ၂၀၁၉ ခုနှစ် မတ်လကုန်အထိ ပုဂ္ဂလိကဘဏ် ၂၇ ဘဏ်မှ ဘဏ်ခွဲပေါင်း ၁၈၄၄ ခု ဖွင့်လှစ်ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ချေးငွေလိုအပ်နေသော လုပ်ငန်းရှင်များနှင့် အများပြည်သူသို့ တစ်ဖက်တစ်လမ်းမှ ချေးငွေပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများ (Non-Bank Financial Institutions- NBFIs) ကိုလည်း တည်ထောင်ခွင့်ပြုလျက်ရှိရာ ၂၀၁၉ ခုနှစ် မတ်လကုန်တွင် NBFI ၂၅ ခုကို ခွင့်ပြုပြီးဖြစ်ပါကြောင်း။

ဘဏ်ခွဲဖွင့်လှစ်နိုင်ခြင်းမရှိသည့်နေရာများရှိ ပြည်သူများအား ဘဏ်လုပ်ငန်းဝန်ဆောင်မှုရရှိစေရန် ဘဏ်ခွဲသို့မဟုတ် ဘဏ်၏ Agent မှတစ်ဆင့် Mobile Application ကို အသုံးပြု၍ ဝန်ဆောင်မှုပေးနိုင်ရန် ဘဏ်များအား မိုဘိုင်းဘဏ်လုပ်ငန်း (Mobile Banking) ဆောင်ရွက်ခွင့်ပြုခဲ့ရာ ၂၀၁၉ ခုနှစ် ဧပြီလကုန်တွင် ပုဂ္ဂလိကဘဏ် ၁၀ ဘဏ်အား မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ ဘဏ်များအပြင် မိုဘိုင်းကွန်ရက်အော်ပရေတာများနှင့် ဘဏ်မဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်း



ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်း ရှင်းလင်းပြောကြားစဉ်။

များကပါ Mobile Application ကို အသုံးပြု၍ ဝန်ဆောင်မှု (Mobile Financial Services- MFS) ပေးနိုင်ရန် ရည်ရွယ်၍ မိုဘိုင်းကွန်ရက် အော်ပရေတာသုံးခုနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုတို့အား မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခဲ့ပါကြောင်း၊ နောက်ထပ် မိုဘိုင်းကွန်ရက်အော်ပရေတာ တစ်ခုကိုလည်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ယခင်က ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနတစ်ခုဖြစ်ပြီး တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့် ရည်မှန်းချက်တာဝန်(၄)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ "အုပ်ချုပ်ရေးယန္တရား စနစ်တကျလည်ပတ်နိုင်အောင် စီမံခန့်ခွဲခြင်းဖြင့် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန်"ဟူသော မျှော်မှန်းချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပင်မလုပ်ငန်းတာဝန်များမှာ မြေယာစီမံခန့်ခွဲခြင်းလုပ်ငန်း၊ ယစ်မျိုးစီမံခန့်ခွဲခြင်းလုပ်ငန်း၊ အခွန်လေးမျိုး ကောက်ခံခြင်းလုပ်ငန်း၊ မြို့နှင့် ကျေးရွာများ စနစ်တကျဖွဲ့စည်းရေးလုပ်ငန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း၊ အသင်းအဖွဲ့များ ဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ပြုရေးလုပ်ငန်း၊ ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းလုပ်ငန်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေဆိုင်ရာလုပ်ငန်း စသည်တို့ ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ တတိယ(၁)နှစ်တာကာလအတွင်း ကျေးရွာမြေပုံဂရန် ထုတ်ပေးနိုင်မှုအခြေအနေမှာ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုတွင် မြို့နယ် ၂၇၅ မြို့နယ်နှင့် ကျေးရွာ ၂၇၅ ရွာ စုစုပေါင်း ၅၀၀ ဖြစ်ပါကြောင်း၊ မြေပုံဂရန်ထုတ်ပေးနိုင်မှုအခြေအနေမှာ သာသနာ့ဂရန် ၁၂၇ ခု၊ ဗုဒ္ဓသိမ် ၅၃ ခု၊ စားကျက်မြေ ၄၂ ခု၊ ငါးကေအထက် မြေပုံဂရန် ၁၂၃ ခု၊ ငါးကေအောက် မြေပုံဂရန် ၁၅၂၉၉ ခု၊ ကျေးရွာမြေပုံဂရန် ၅၀၀ တို့ဖြစ်ပါကြောင်း။

**အခွန်စည်းကြပ်ကောက်ခံ**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယစ်မျိုးမူဝါဒမှာ အရက်သောက်စားခြင်း အလေ့အထပြန့်ပွားခြင်းကို အားပေးခြင်းမရှိစေရန်၊ အရက်ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှုမရှိစေဘဲ အရက်များအပေါ် တွင် အခွန်ကြီးမြှင့်နိုင်သမျှ ကြီးမြှင့်ကောက်ခံရန်၊ မူးယစ်စေတတ်သော အရက်ကိုရောင်းချခြင်းမှ အခွန်ငွေရရှိစေရန်အလို့ငှာသာမဟုတ်ဘဲ ၎င်းကို သောက်စားသုံးစွဲခြင်း ခေါင်းပါးစေရန် ရည်ရွယ်၍ အရက်ရောင်းချခြင်းကို အခွန်စည်းကြပ်ကောက်ခံသည်ဟု အမြဲနှလုံးသွင်းရန်တို့ ဖြစ်ပါကြောင်း။

ယစ်မျိုးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ဖမ်းဆီးအရေးယူမှုအနေဖြင့် ယစ်မျိုးစီမံခန့်ခွဲရေးလုပ်ငန်းတွင် လိုင်စင်ချထားရေးနှင့် လိုင်စင်ခွန်ကောက်ခံရေး၊ တားဆီးနှိမ်နင်းရေးဟူ၍ အပိုင်းနှစ်ပိုင်းရှိရာ လိုင်စင်ခွင့်ပြုခြင်း၊ စည်းကမ်းပျက်လိုင်စင်များ အရေးယူခြင်း၊ ယစ်မျိုးခွန်ကောက်ခံခြင်းစသည့် ယစ်မျိုးစီမံခန့်ခွဲခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ယစ်မျိုးသက်ဝင်ပစ္စည်းများကို လိုင်စင်ခွင့်ပြုချက်မရှိဘဲ ရောင်းဝယ်၊ ဖြန့်ဖြူး၊ ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖမ်းဆီးအရေးယူခြင်းစသည့် တားဆီးနှိမ်နင်းခြင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က လည်းကောင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းကို တရားရုံးအဆင့်ဆင့်က လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ တတိယ(၁)နှစ်တာကာလအတွင်း တရားမဝင်ယစ်မျိုးလုပ်ငန်း လုပ်ကိုင်သူ ၅၂၀၂ ဦးကို ဖမ်းဆီး၍ အမှု ၅၁၈၄ မှု၊ ယစ်မျိုးလိုင်စင် စည်းကမ်းဖောက်ဖျက်သူ ၅၇၅ ဦးအား အမှု ၇၅၄ မှုကို အမှုဖွင့်တရားစွဲဆိုအရေးယူနိုင်ခဲ့ပါကြောင်း။

**အခွန်လေးမျိုးကို ကောက်ခံလျက်ရှိ**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ယစ်မျိုးခွန်၊ မြေခွန်၊ တာတမံခွန်နှင့် ဓာတ်သတ္တုခွန် စသည့် အခွန်လေးမျိုးကို ကောက်ခံလျက်ရှိပါကြောင်း၊ ယစ်မျိုးခွန်ကောက်ခံခြင်းကို ယခင်က ပြည်ထောင်စုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာနှင့် လိုင်စင်နှုန်းထားများကို နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီ သတ်မှတ်ကောက်ခံခဲ့သော်လည်း ယခုအခါ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များက ဒေသနှင့်ကိုက်ညီဆီလျော်သည့် နှုန်းထားများဖြင့် ယစ်မျိုးခွန်ဥပဒေပြဋ္ဌာန်းပြီး ယစ်မျိုးခွန်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကောက်ခံ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းလျက်ရှိပါကြောင်း၊ ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်တွင် ပြည်ထောင်စုဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာဖြင့် အခွန်နှုန်းထားသတ်မှတ်ပြီး ကောက်ခံရရှိသော အခွန်ငွေများကို ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်းသို့ ပေးသွင်းလျက်ရှိပါကြောင်း။

မြေခွန်နှင့် တာတမံခွန်ကောက်ခံရာတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက အခွန်နှုန်းထားများသတ်မှတ်၍ နှစ်စဉ် မြေခွန်စည်းကြပ်ခြင်းကို ဆောင်ရွက်ပြီး ထွက်ရှိလာသည့်ပြေစာအရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အခွန်ကောက်ခံ၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ် ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းလျက်ရှိပါကြောင်း၊ ဓာတ်သတ္တုခွန်ကောက်ခံရာတွင် တွင်းထွက်စက်မှုကုန်ကြမ်းအဆင့်နှင့် အလှဆင်ကျောက်အဆင့်တွင် ပါဝင်ခြင်းမရှိသည့် လမ်းခင်းကျောက်၊ တည်ဆောက်ရေးလုပ်ငန်းသုံးကျောက်စရစ်၊ သဲကျောက်၊ ထုံးကျောက်၊ သဲနှင့်မြေစေးစသည့် ဓာတ်သတ္တုပစ္စည်းများအပေါ် ကောက်ခံခြင်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာဖြင့် နိုင်ငံတစ်ဝန်းလုံးတစ်ပြေးညီ သတ်မှတ်ကောက်ခံ၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းလျက်ရှိပါကြောင်း။

**စီမံခန့်ခွဲလျက်ရှိ**

ယစ်မျိုးဆိုင်ရာ စီမံခန့်ခွဲမှုမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် အရက်၊ ဘီယာ၊ ဝိုင်ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ရသင့်ရထိုက်သော ယစ်မျိုးခွန်အပြည့်အဝရရှိစေခြင်း စသည်တို့ကို တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲလျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ ဘဏ္ဍာနှစ်အတွင်း အခွန်လေးမျိုး ကောက်ခံရန်ငွေကျပ် ၁၈၁၀၁ ဒသမ ၆၄၆ သန်းလျာထားခဲ့ရာ ငွေကျပ် ၂၀၃၉၆ ဒသမ ၇၄၁ သန်း ကောက်ခံရရှိခဲ့သဖြင့် အခွန်ကောက်ခံနိုင်မှု ၁၁၂ ဒသမ ၆၈ ရာခိုင်နှုန်းအထိ ကောက်ခံနိုင်ခဲ့ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ချက်များအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နိုင်ငံတော်က တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ ရန်ပုံငွေကျပ် ၄၈၀ ဒသမ ၀၀ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ရန်ပုံငွေကျပ် ၂၄၅ ဒသမ ၀၀ သန်း ခွဲဝေခွင့်ပြုပေးခဲ့ရာ လုပ်ငန်းပေါင်း ၂၅၄ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တတိယ(၁)နှစ်တာကာလအတွင်း ရန်ပုံငွေကျပ် ၂၈၄ ဒသမ ၅၀ သန်း ခွင့်ပြုပေးခဲ့ရာ လုပ်ငန်းပေါင်း ၉၈ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

အသင်းအဖွဲ့များ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းအပိုင်းတွင် ယခင်က အသင်းအဖွဲ့များ ဖွဲ့စည်းရာ၌ ဗဟိုအဖွဲ့အစည်း တစ်ခုတည်းမှသာ ဆောင်ရွက်ပေးခဲ့ရာမှ ယခုအခါ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၊ နေပြည်တော်ကောင်စီမှတ်ပုံတင်ရေးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသမှတ်ပုံတင်ရေးအဖွဲ့၊ ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၊ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ အဆင့်ဆင့်က ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**မှတ်ပုံတင်ခွင့်ပြု**

နိုင်ငံတော်အစိုးရ၏ တတိယ(၁)နှစ်တာကာလအတွင်း ပြည်ထောင်စု မှတ်ပုံတင်ရေးအဖွဲ့၏ ဆောင်ရွက်ချက်များအနေဖြင့် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ပြင်ဆင်သည့် နည်းဥပဒေများနှင့်အညီ အသင်းအဖွဲ့များအား နိုင်ငံတော်အစိုးရ၏ တတိယ(၁)နှစ်တာ သက်တမ်းကာလအတွင်း ပြည်တွင်းအသင်းအဖွဲ့ ၂၁၁ သင်းနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ ၂၈ သင်း စုစုပေါင်း ၂၃၉ သင်းတို့အား မှတ်ပုံတင်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ တတိယ(၁)နှစ်တာကာလအတွင်း ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုအခြေအနေမှာ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုတွင် စုစုပေါင်း အရေအတွက် ၁၄၁၁၄၅၆ ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနလက်အောက်သို့ ပြောင်းရွှေ့ပြီးနောက် လက်ရှိအချိန်တွင် အုပ်ချုပ်ရေးယန္တရား တည်ငြိမ်ရေးကာလအဖြစ် ၂၀၁၉ ခုနှစ် ပထမ သုံးလတာကာလကို သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ နေပြည်တော်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့ပါကြောင်း၊ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် "ပြုပြင်ပြောင်းလဲမှုအစ ထွေအုပ်က" ဆိုသည်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မျှော်မှန်းချက် (Vision)၊ ၎င်း Vision သို့ ရောက်ရှိရန် လုပ်ဆောင်နိုင်မည့် နည်းလမ်း၊ အထူးတာဝန်များ (Mission)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျင့်သုံးဆောင်ရွက်လျက်ရှိသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲရမည့်အချက်များ၊ အသွင်သဏ္ဌာန်ပြောင်းလဲခြင်းအတွက် လုပ်ဆောင်သင့်သည့်အချက်များ၊ ရပ်/ ကျေးအဆင့်အထိ ပိုမိုထိရောက်သည့် ဝန်ဆောင်မှုများပေးနိုင်ရေး ဆောင်ရွက်ရမည့် အချက်များနှင့် ရှေ့ဆောင်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

**အဂတိကင်းစွာ စိစစ်သုံးသပ်**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြေယာစီမံခန့်ခွဲရေး၊ ယစ်မျိုးစီမံခန့်ခွဲရေး၊ မြို့/ ကျေးရွာများ စနစ်တကျ ဖွဲ့စည်းနိုင်ရေး၊ ပြည်သူဗဟိုပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် အသင်းအဖွဲ့များအား ဥပဒေနှင့်အညီ စနစ်တကျဖွဲ့စည်းရေးတို့ကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေးလုပ်ငန်းစဉ်တွင်ပါဝင်သည့် တိုင်ကြားလာသော တိုင်ကြားစာများအပေါ် ဘက်လိုက်မှုကင်းစွာ၊ အဂတိကင်းစွာ စိစစ်သုံးသပ်တင်ပြနိုင်ရေး ပြည်သူလူထုအား ဝန်ဆောင်မှုပေးရာတွင် စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့် အချိန်ကြန့်ကြာမှုမရှိအောင် ဆောင်ရွက်ပေးရေးတို့ကိုလည်း အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ မီးရှို့ဖျက်ဆီးခံလိုက်ရသည့် ပလက်ဝ တံတား တည်ဆောက်ရေးစီမံကိန်းပစ္စည်းများအား စီမံဆောင်ရွက်သွားမည့် အခြေအနေ၊ ပလက်ဝ-မီဇိုရမ်လမ်းဖောက်လုပ်နေမှုနှင့် လမ်းဖောက်လုပ်နေသည့် ဝန်ထမ်းများအား ဖမ်းဆီးခေါ်ဆောင်သွားမှု၊ မေယုတောင်ဖြတ်လမ်းလေးလမ်း ဖောက်လုပ်နေမှု၊

စာမျက်နှာ ၁၁ သို့ »»

# ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၁၇**

ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body-BGB)လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယခုအချိန်တွင် ပုံနှိပ်၊ ရုပ်မြင်၊ ရေဒီယို စသည့် မီဒီယာလုပ်ငန်းများအားလုံးသည် စီးပွားရေးအရ ရုန်းကန်နေရသည်ကို အသိအမှတ်ပြုပါကြောင်း၊ ဒီမိုကရေစီ ရင့်သန်လာသည်နှင့်အမျှ ပုဂ္ဂလိကပိုင် မီဒီယာများ၏အခန်းကဏ္ဍ ပိုမိုအရေးပါလာရမည်ဟု ခံယူထားပါကြောင်း၊ အခက်အခဲများကို ညှိနှိုင်းဆွေးနွေး ပူးပေါင်းဖြေရှင်းသွားနိုင်ရန်အတွက် ပွင့်ပွင့်လင်းလင်းတင်ပြကြစေလိုပါကြောင်း ပြောကြားသည်။

ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ရှေ့ဆက်လက်ဆောင်ရွက်မည့် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စက်မှုဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနခွဲနှင့် အစည်းအဝေးတက်ရောက်လာကြသည့် FM ပုဂံ၊ ပတ္တမြား FM၊ ချယ်ရီ FM၊ ရွှေ FM၊ Forever Group Co., Ltd၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်၊ Family Entertainment Group၊ Mizzima Media Company Limited၊ DVB Multimedia Group Company Limited၊ Fortune Broadcasting Company Limited၊ KMA Tele Media Holdings Company Limited၊ My Multi Media Group Company Limited တို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် စက်မှုပိုင်းဆိုင်ရာနှင့် စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ အခက်အခဲများကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ **သတင်းစဉ်**

# China Myanmar Economic Corridor Office of CECCM နေပြည်တော်ရုံးခွဲ ဖွင့်လှစ်




**နေပြည်တော် မေ ၁၇**

China Myanmar Economic Corridor Office of CECCM (China Enterprises Chamber of Commerce in Myanmar) နေပြည်တော်ရုံးခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ Grand Aster Villa Office Building ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်၊ China Enterprises Chamber of Commerce in Myanmar (CECCM)ဥက္ကဋ္ဌ မစ္စတာ လျိုရင်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်စိုးတို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာနိုင်ငံရှိ ၉၉ ရာခိုင်နှုန်းကျော်သော စီးပွားရေးလုပ်ငန်းများသည် MSMEs လုပ်ငန်းများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်း၊ တရုတ်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ ခေတ်မီကုန်ထုတ်လုပ်မှု၊ Green Industry၊ စက်မှုလယ်ယာ စိုက်ပျိုးရေးနှင့်သက်ဆိုင်သော MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း၊ မြန်မာနိုင်ငံ၏ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာရေး၊ နည်းပညာနှင့် ဈေးကွက်ဆိုင်ရာ အခက်အခဲများ တည်ရှိနေသေးကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွင့်အလမ်းကောင်းများရရှိရေးအတွက် တရုတ်နိုင်ငံဘဏ်များကလည်း ကူညီထောက်ပံ့မှုများပေးစေလိုကြောင်း အဆိုပါအခမ်းအနားတွင် ပြောကြားခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်က နေပြည်တော် ရုံးခွဲဖွင့်လှစ်နိုင်ခြင်းသည် တရုတ်-မြန်မာ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် မြန်မာ-တရုတ် လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံအစိုးရသက်ဆိုင်ရာ ဌာနများအကြား ဆက်သွယ်ရေး၊ ကူးလူးဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့အတွက် များစွာအထောက်အကူပြုနိုင်ပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံ "Belt and Road"နှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အတူတကွ တည်ဆောက်မှုမြှင့်တင်ရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

China Myanmar Economic Corridor Office ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် မြန်မာ-တရုတ် နှစ်နိုင်ငံလုပ်ငန်းရှင်များ စီးပွားရေးလုပ်ကိုင်ရာတွင် ပွင့်လင်းမြင်သာစွာနှင့် အဆင်ပြေချောမွေ့စွာဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ အကျိုးစီးပွားအတွက် ဖော်ဆောင်နိုင်မည်ဖြစ်ပြီး ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ China Myanmar Economic Corridor မှတစ်ဆင့် MSDP ၏ Project Bank နှင့် လျှပ်စစ်မီးလုံလောက်မှုရှိရေး၊ လမ်းတံတားများ အဆင့်မြှင့်တည်ဆောက်ရေး၊ ဆက်သွယ်ရေးကဏ္ဍ ပိုမိုမြှင့်တင်ရေး၊ ဆောက်လုပ်ရေး၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ နည်းပညာနှင့် သုတေသနဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

၁၇-၅-၂၀၁၉

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆၈/၂၀၁၉ )**
၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
( ၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက် )

**အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ သူရိယလမ်းနှင့် မြတ်လေးရုံ လမ်းထောင့်၊ အမှတ်(ဒ/၃၂၂၀၆ )တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]** ကို ၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]**၏မှတ်ပုံတင်အမှတ်သည်(၁၁၄) ဖြစ်ပါသည်။

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

»» စာမျက်နှာ ၁၀ မှ

ရခိုင်ပြည်နယ်ရှိ လမ်းတံတားစီမံကိန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ဝန်ထမ်းများ၏ လုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတစ်ဝန်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောက်လုပ်မည့်တံတားများ၊ တန်ဖိုးနည်းအိမ်ရာ ဖော်ထုတ်မှုအခြေအနေနှင့် အများပြည်သူနေထိုင်မှု၊ နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများနေထိုင်ရန်အတွက် အိမ်ရာဖော်ဆောင်မှု၊ ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်း စတင်ဆောင်ရွက်မည့် ကာလ၊ မြဝတီတံတားတည်ဆောက်ပြီးစီးမှုနှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံ ဆက်သွယ်သွားလာမှုအခြေအနေ၊ Eco Green City အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဆွာချောင်းတံတားပြင်ဆင် ဆောင်ရွက်နေမှု၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက်ရှိ ကျူးကျော်ဈေးဆိုင်များ ဖယ်ရှားသွားမည့် အစီအစဉ်တို့ကို မေးမြန်းကြသည်။

ထို့အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနတို့၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံငွေကျပ်တစ်သောင်းတန် ထုတ်လုပ်ရန် ဆောင်ရွက်နေမှု၊ Digital Currency နှင့် ပတ်သက်သည့် မူဝါဒ၊ အသက်အာမခံကုမ္ပဏီများကို ဖြေလျှော့ပေးသွားမည့်အခြေအနေ၊ ဒေါ်လာငွေတန်ဖိုး တည်ငြိမ်ရေး၊ ကုန်သွယ်ရေး လိုငွေပြမှု၊ SME လုပ်ငန်းများ၏ ချေးငွေအတိုးနှုန်း၊ ဗဟိုဘဏ်တွင် နိုင်ငံခြားအရန်ငွေထားရှိမှု၊ မြေယာ စီမံခန့်ခွဲရေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဝန်ထမ်းများ ခန့်ထားမှုအခြေအနေ၊ မြို့နယ်/ခရိုင်များတွင် အမျိုးသမီးအုပ်ချုပ်ရေးမှူးများ ခန့်ထားမှု၊ ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးဆောင်ရွက်နေမှု၊ နေပြည်တော်တွင် ဆန္ဒထုတ်ဖော်မှုများနှင့် ပတ်သက်သည့် မူဝါဒ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြုပြင်ပြောင်းလဲ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အခက်အခဲ၊ စိန်ခေါ်မှုများကို မေးမြန်းကြရာ ဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ **မျိုးထွန်း၊ နန္ဒာဟန်**

## ❖ VUC မှ

အီရန်ကလပ် Mes Sungun Varzeqau FC၊ ဗီယက်နမ် ကလပ် Thai Son Nam FC၊ လက်ဘနွန်ကလပ် Bank of Beirut FC၊ ကာတာကလပ် AI Rayyan SC၊ တာဂျစ်ကစ္စတန်ကလပ် Soro Company၊ ဥဇဘက်ကစ္စတန်ကလပ် AGMK FC၊ တောင်ကိုရီးယားကလပ် Star FS Seoul နှင့် ကူဝိတ်ကလပ် Kazma SC တို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို ဇွန် ၂၇ ရက်တွင် အာရှဘောလုံးအဖွဲ့ချုပ်ရုံးတည်ရှိရာ မလေးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် VUC FC သည် ဆီဒင်သတ်မှတ်ချက် Pot 4 တွင် ပါဝင်လျက်ရှိသည်။

မြန်မာဖူဆယ်ကလပ်အသင်းများသည် ယခုနှစ်တွင် အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲနှင့် အာရှ ဖူဆယ်ကလပ်ပြိုင်ပွဲနှစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ၂၀၁၈-၂၀၁၉ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲနှင့် 2018 MFF Open Cup ဖူဆယ်ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည့် MIU အသင်းသည် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့သောကြောင့် ဖူဆယ်လိဂ်တွင် ဒုတိယရသည့် VUC အသင်းက အာရှကလပ် ဖူဆယ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ **ရှိုင်းထက်ဇော်**

# နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ ရုပ်တုထားရှိ


ဦးသန့်၏မြေး ဦးသန့်မြင့်ဦးနှင့် ဂျပန်စီးပွားရေးလုပ်ငန်းရှင် တိုကုရှင်ကာဆိုင်တို့အား တွေ့ရစဉ်။

**လုမ္ဗိနီ မေ ၁၇**
ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ ပုံစံတူကျောက်ဆစ်ရုပ်တုကို မေ ၁၇ ရက်က လုမ္ဗိနီဥယျာဉ်၌ ထားရှိဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဂေါတမဗုဒ္ဓမြတ်စွာဘုရား ဖွားမြင်ရာနေရာဖြစ်သော လုမ္ဗိနီဥယျာဉ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးသန့်၏ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှုများကို ပြည်သူများ အမှတ်တရရှိစေရန် ရည်ရွယ်ကာ အဆိုပါ ဦးသန့်ရုပ်တုအား ထုဆစ်ထားရှိခြင်း ဖြစ်သည်။

ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်သော ဂျပန်စီးပွားရေးလုပ်ငန်းရှင် တိုကုရှင်ကာဆိုင်က ဦးသန့်ရုပ်တုနှင့် ရုပ်တုထားရှိမည့်ဥယျာဉ်နေရာတို့အား ငွေကြေးအမြောက်အမြား အကုန်အကျခံကာ တည်ဆောက်လှူဒါန်းခဲ့သည်။ ယင်းသို့ ဦးသန့်ရုပ်တု ထုဆစ်ထားရှိခြင်းဖြင့် လုမ္ဗိနီမြို့ ဖွံ့ဖြိုးတိုးတက်မှုတွင် ဦးသန့်၏ ကြိုးပမ်းမှုများကို နောင်လာနောက်သားများ အောက်မေ့သတိရစေမည်ဖြစ်သည်ဟု ဂျပန်စီးပွားရေးလုပ်ငန်းရှင် တိုကုရှင်ကာဆိုင်က ယနေ့ ကျင်းပခဲ့သည့် ကျောက်ဆစ်ရုပ်တုဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ဂျပန်စီးပွားရေးလုပ်ငန်းရှင် တိုကုရှင်ကာဆိုင်သည် လုမ္ဗိနီမြို့တွင် ဗုဒ္ဓဘာသာဝင်ခရီးသွားများ အဓိကတည်းခိုလေ့ရှိသည့် 'လုမ္ဗိနီဟိုတယ်ကာဆိုင်' ပိုင်ရှင်တစ်ဦးဖြစ်သည်။

ဦးသန့်သည် ၁၉၆၁ မှ ၁၉၇၁ ခုနှစ်အတွင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးတာဝန်များကို ထမ်းရွက်ခဲ့သည်။ ပထမဆုံးသော အာရှတိုက်သား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တစ်ဦးလည်း ဖြစ်သည်။

ဦးသန့်သည် ၁၉၆၇ ခုနှစ်တွင် လုမ္ဗိနီဥယျာဉ်သို့ အလည်အပတ်ရောက်ရှိခဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ဦးသန့်၏ အားထုတ်ခဲ့မှုများကြောင့် လုမ္ဗိနီဥယျာဉ်သည် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားရှိအပ်သော ဘာသာရေးဆိုင်ရာ နေရာတစ်ခုဖြစ်လာခဲ့သည်။

လုမ္ဗိနီဥယျာဉ်သို့ ဦးသန့် အလည်အပတ်ရောက်ရှိခဲ့ပြီး သုံးနှစ်ခန့်အကြာတွင် လုမ္ဗိနီဥယျာဉ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကုန်ကျစရိတ်ကမကထပြုပေးသော နိုင်ငံတကာကော်မတီအဖွဲ့ ရောက်ရှိခဲ့သည်။ ထို့နောက် ၁၉၇၈ ခုနှစ်တွင် ဂျပန်ဗိသုကာပညာရှင် ကန်ဇိုတန်ဂီနှင့်တွေ့ဆုံပြီး လုမ္ဗိနီဥယျာဉ်တော်တည်ဆောက်ရေး ဒီဇိုင်းရေးဆွဲကာ ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားရာ လုမ္ဗိနီဥယျာဉ်တော်ကို စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

လုမ္ဗိနီဥယျာဉ်တော်၏ ဖွံ့ဖြိုးတိုးတက်မှုများသည် ဦးသန့်၏ မေတ္တာစေတနာကြီးမားမှုများမှ အခြေတည်ကာ အောင်မြင်ဖြစ်ထွန်းခဲ့ခြင်းဖြစ်သည်ဟု လုမ္ဗိနီဗုဒ္ဓတက္ကသိုလ် ဒုတိယအကြီးအကဲ Hridaya Ratna Bajracharya က ဆိုသည်။

ဂေါတမဗုဒ္ဓမြတ်စွာဘုရား ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်တော်ကြီးသည် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရှိရာ နေရာတစ်ခုဖြစ်ပြီး ဤမျှအရေးကြီးသောနေရာသည် ဦးသန့်၏ ကြိုးပမ်းအားထုတ်မှုများကြောင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့မြင်ရသည်မှာ အလွန်ပင်ဝမ်းသာပီတိဖြစ်မိပါကြောင်း ဦးသန့်၏ မြေးဖြစ်သူ ဦးသန့်မြင့်ဦးက ဦးသန့်ရုပ်တု ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

**ကျိုဒိုနယူးစ်**



# ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများ၌ ပါဝင်ရန် တပ်ဖွဲ့ဝင် ၂၉၈ ဦးကို ဆဋ္ဌမအကြိမ်အဖြစ် ကမ္ဘောဒီးယား စေလွှတ်

**ဖနောင်ပင် မေ ၁၇**
ကမ္ဘောဒီးယားနိုင်ငံမှ အမျိုးသမီးတပ်ဖွဲ့ဝင် ၂၅ ဦး အပါအဝင် တပ်ဖွဲ့ဝင် ၂၉၈ ဦးကို အာဖရိကအနောက်ပိုင်းဒေသ၌ စစ်နွံနစ်နေသည့် မာလီနိုင်ငံသို့ မေ ၁၇ ရက်တွင် စေလွှတ်ခဲ့သည်။ ယင်းကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များသည် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းသည့် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ မာလီနိုင်ငံအတွင်း တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။

လွန်ခဲ့သည့်တစ်နှစ်အတွင်းက မာလီနိုင်ငံအတွင်း ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံမှ တပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှု တစ်နှစ်ပြည့်မြောက်ပြီးနောက် ယင်းတပ်ဖွဲ့ဝင်များနှင့် တာဝန်လဲလှယ်ထမ်းဆောင်ရန် ကမ္ဘောဒီးယားနိုင်ငံမှ တပ်ဖွဲ့ဝင်များကို ဆဋ္ဌမအကြိမ် စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံမှ စေလွှတ်ခဲ့သည့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များအား အုပ်စုနှစ်စုအဖြစ် ခွဲခြားခဲ့ပြီး ပထမအုပ်စုမှာ မာလီနိုင်ငံအတွင်းရှိ လေဆိပ်ပြင်ဆင်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများတွင် တာဝန်ပေးအပ်ပြီး အခြားအုပ်စုတစ်ခုမှာ ဖောက်ခွဲရေးပစ္စည်းများမှ စနက်တံများဖယ်ရှားရေးကို လုပ်ဆောင်ရမည်ဖြစ်သည်။

၂၀၀၆ ခုနှစ်ကတည်းကပင် ကမ္ဘောဒီးယားနိုင်ငံက ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများ၌ တပ်ဖွဲ့ဝင်ဦးရေ ၆၀၅၃ ဦး ဖြန့်ကြက်ခဲ့ပြီး ယင်းတို့အထဲတွင် အမျိုးသမီးတပ်ဖွဲ့ဝင်ဦးရေ ၂၉၅ ဦးပါရှိကြောင်း၊ ကုလသမဂ္ဂမှလုပ်ဆောင်နေသည့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်များတွင် ဆူဒန်၊ တောင်ဆူဒန်၊ ဗဟိုအာဖရိကသမ္မတနိုင်ငံ၊ ချဒ်၊ ဆီးရီးယား၊ ဆိုက်ပရပ်၊ လက်ဘနွန်နှင့် မာလီတို့ပါဝင်ကြောင်း ကုလသမဂ္ဂဌာနေညှိနှိုင်းဆောင်ရွက်ရေးမှူး ပေါလင်းတာမီဆစ်က ပြောကြားသည်။

အာဆီယံနိုင်ငံများအထဲတွင် ကမ္ဘောဒီးယားနိုင်ငံသည် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ထဲတွင် တပ်ဖွဲ့ဝင်ဦးရေ အများဆုံးဖြန့်ကြက်ထားသည့် နိုင်ငံဖြစ်ပြီး အမျိုးသမီးတပ်ဖွဲ့ဝင် ၅၄ ဦးအပါအဝင် ၇၉၇ ဦးသော ကမ္ဘောဒီးယားငြိမ်းချမ်းမှုတပ်ဖွဲ့ဝင်များမှာ လတ်တလောတွင် အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံအချို့တွင် တာဝန်ထမ်းဆောင်နေကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**

# ပြုံယမ်းအား ကန်ဒေါ်လာ ရှစ်သန်းတန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းမည်

**ဆိုးလ် မေ ၁၇**
ကိုရီးယားနှစ်နိုင်ငံပေါင်းစည်းရေး တောင်ကိုရီးယားဝန်ကြီးဌာနက မြောက်ကိုရီးယားနိုင်ငံအား လူသားချင်းစာနာထောက်ထားမှုအဖြစ် အမေရိကန်ဒေါ်လာ ရှစ်သန်းတန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကို နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါလှူဒါန်းမှုနှင့်ပတ်သက်ပြီး မေ ၁၇ ရက်တွင် ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ကိုရီးယားနှစ်နိုင်ငံပေါင်းစည်းရေး တောင်ကိုရီးယားဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ လီဆန်းမင်က မီဒီယာသို့ ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရတိုက်ကျွေးမှုအစီအစဉ်များအတွက် ထောက်ပံ့ရေးပစ္စည်းများကို အဓိကရည်ရွယ်ပြီး ၎င်းတို့ကို ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ ကုလသမဂ္ဂ နိုင်ငံတကာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့ (ယူနီဆက်) စသည့် အဖွဲ့အစည်းများမှတစ်ဆင့် ပေးအပ်လှူဒါန်းသွားမည်ဖြစ်သည်ဟု လီဆန်းမင်က ဆက်လက်ပြောကြားခဲ့သည်။

နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများနှင့်ပတ်သက်ပြီး ကြန့်ကြာမှုများရှိနေစဉ် မြောက်ကိုရီးယားပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲအကျပ်အတည်းများကို သိရှိနားလည် သဘောပေါက်သည့်အတွက် ယခု ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းခြင်းဖြစ်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် လွန်ခဲ့သောနှစ်က ရေခန်းခြောက်မှုနှင့် အခြားသောသဘာဝဘေးများကြောင့် စားနပ်ရိက္ခာအခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ယခုလအစောပိုင်းတွင် အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ကြောင့် ပြုံယမ်းအား ကူညီထောက်ပံ့မှုများပေးရန် နိုင်ငံတကာသို့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အိုင်အက်စ်နှင့် ဆက်နွယ်မှုရှိသည့် စစ်သွေးကြွများတိုက်ခိုက် ကင်းလှည့်တာဝန်များ ထမ်းဆောင်နေသည့် နိုင်ဂျာစစ်သည် ၂၈ ဦး သေဆုံး

**အဘူဂျာ မေ ၁၇**
အနောက်အာဖရိက ဒေသတွင်း၌ တည်ရှိသည့် နိုင်ဂျာနိုင်ငံတွင် အစိုးရတပ်ဖွဲ့မှ စစ်သည် ၂၈ ဦးတို့သည် ကင်းလှည့်တာဝန်များ ထမ်းဆောင်နေစဉ်အတွင်း အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့တစ်ဖွဲ့က တိုက်ခိုက်မှုတစ်ခုပြုလုပ်ခဲ့ရာတွင် သေဆုံးခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုသည် ၎င်းတို့၌ တာဝန်ရှိကြောင်း အစ္စလာမ္မစ် စစ်သွေးကြွအဖွဲ့တစ်ဖွဲ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

နိုင်ဂျာနိုင်ငံ၏ အနောက်ဘက်နယ်နိမိတ်အနီးရှိ တယ်လာဆာရီဒေသအနီးရှိနေရာတွင် နိုင်ဂျာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများအကြား အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)နှင့် ဆက်နွယ်မှုရှိသည့် သတင်းဌာနတစ်ခု၏ ပြောကြားမှုအရ အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)မှ တိုက်ခိုက်ရေးသမားများသည် နိုင်ဂျာအစိုးရတပ်ဖွဲ့ဝင်များအား ချုံခိုတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သတင်းတစ်ခုတွင် ဖော်ပြသည်။

ဆာဟာရ သဲကန္တာရဒေသခွဲ ဆာဟဲဒေသတွင် ဝင်ရောက်လှုပ်ရှားနေသည့် အယ်လ်ခိုင်ဒါနှင့် အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့တို့ ဆက်စပ်လှုပ်ရှားနေသည့်အဖွဲ့များသည် ယခုနောက်ဆုံးဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများအတွင်း ပါဝင်ဖွယ်ရှိသည်။

ပြီးခဲ့သည့် တနင်္ဂနွေနေ့က နိုင်ဂျာနိုင်ငံနှင့် အိမ်နီးချင်း ဘူကီနာဖာဆိုနိုင်ငံတွင် ကက်သလစ်ဘာသာဝင်များ၏ ဘုရားရှိခိုးကျောင်းမှာ တိုက်ခိုက်ခံရပြီး လူခြောက်ဦးထက်မနည်း သေဆုံးခဲ့ရသည်။

အခြားသော ဘာသာရေးဆိုင်ရာ အခမ်းအနားတစ်ခုတွင် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ခရစ်ယာန်ဘာသာဝင်လေးဦး ဒဏ်ရာရခဲ့သည်။

ဆာဟဲဒေသတွင် လွန်ခဲ့သည့်လအတွင်းက ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများအတွင်း လူပေါင်း ၃၀၀ ကျော် သေဆုံးခဲ့ပြီး ၁၅၀ ကျော် သေဆုံးခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

# နယူးဇီလန်နှင့် စင်ကာပူ ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှု ထပ်ဆင့်တိုးမြှင့်

**ဝယ်လင်တန် မေ ၁၇**

စင်ကာပူနှင့် နယူးဇီလန်နိုင်ငံတို့သည် ကုန်သွယ်ရေး၊ ကာကွယ်ရေး၊ ဆိုက်ဘာလုံခြုံရေး၊ ပညာရေး၊ အနုပညာနှင့် ယဉ်ကျေးမှု အစရှိသည့်နယ်ပယ်များတွင် ဆက်ဆံရေး ပိုမိုခိုင်မာတောင့်တင်းစေရေးအတွက် မေ ၁၇ ရက်က နှစ်နိုင်ငံအကြား ပိုမိုနီးစပ်သော ဆက်ဆံရေးကို စတင်ခဲ့ကြောင်း နယူးဇီလန်အစိုးရ၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

နယူးဇီလန်ဝန်ကြီးချုပ် ဂျာဆင်ဒါအာဒန်နှင့် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းတို့က လက်မှတ်ရေးထိုးထားသည့် နှစ်နိုင်ငံအကြားဆက်ဆံရေး ထပ်ဆင့်တိုးမြှင့်ရေးဆိုင်ရာ အဆိုပါ သဘောတူစာချုပ်သည် နှစ်နိုင်ငံပြည်သူများအတွက် အသီးအပွင့်များ ဆောင်ကြဉ်းပေးမည်ဖြစ်သလို နှစ်နိုင်ငံ၏ဆက်ဆံရေးကိုလည်း ထိထိရောက်ရောက် မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ သဘောတူချက်၏ အဓိက အင်္ဂါရပ်များထဲတွင် လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူချက် အဆင့်တိုးမြှင့်ရေး၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုအစီအစဉ်၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ဆိုက်ဘာလုံခြုံရေး၊ အနုပညာ၊ ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ ပါဝင်သည်။

"ကုန်စည်တွေတင်ပို့ရေးအတွက် နယူးဇီလန်ရဲ့ စီးပွားရေးလုပ်ငန်း ချောမွေ့ရေးသည် အစိုးရရဲ့စီးပွားရေးဆိုင်ရာစီမံကိန်းရဲ့ အဓိကအချက်ပါပဲ၊ ယခုလို နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ခြင်းကနေ စင်ကာပူနိုင်ငံနဲ့ စီးပွားရေးတိုက်ရိုက်လုပ်ဆောင်တဲ့အခါ လုပ်ငန်းတွေ လွယ်ကူချောမွေ့စေမှာပါ၊ အစိုးရအနေနဲ့လည်း နယူးဇီလန်ကုန်စည်နှင့် ဝန်ဆောင်မှုတွေကို အာရှဈေးကွက်နှင့် ချိတ်ဆက်နိုင်ရန်အတွက် ဆောင်ရွက်ပေးသွားမှာပါ"ဟု နယူးဇီလန်ဝန်ကြီးချုပ် အာဒန်က ပြောကြားသည်။

စင်ကာပူနိုင်ငံသည် အရှေ့တောင်အာရှတွင် နယူးဇီလန်နိုင်ငံ၏ အနီးစပ်ဆုံးနှင့် အရေးပါဆုံး နိုင်ငံဖြစ်သလို ကမ္ဘာ့အတိုင်းအတာဖြင့်ကြည့်ပါက နယူးဇီလန်နိုင်ငံ၏ သတ္တမအကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ်က ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- ဂျေတီ**


နယူးဇီလန်ဝန်ကြီးချုပ် ဂျာဆင်ဒါအာဒန်နှင့် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းတို့ကို တွေ့ရစဉ်။

# တောင်ကိုရီးယား တရားရေးဒုတိယဝန်ကြီးဟောင်းကို လာဘ်ယူမှုဖြင့် ဖမ်းဆီး

**ဆိုးလ် မေ ၁၇**

ဆောက်လုပ်ရေး ကန်ထရိုက်တာတစ်ဦးက ပြည့်တန်ဆာများနှင့် ပျော်ပါးရန် စီစဉ်ပေးမှုအပါအဝင် လာဘ်ပေးလာဘ်ယူမှု စွပ်စွဲချက်များဖြင့် တောင်ကိုရီးယား တရားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်းတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

သမ္မတဟောင်း ပတ်ဂွမ်ဟီး လက်ထက် ၂၀၁၃ ခုနှစ်တွင် တရားရေးဝန်ကြီးဌာန၌ ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ကင်ဟတ်ခ်အူမှာ အစိုးရရှေ့နေဟောင်းတစ်ဦးဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင် ယွန်းဂျန်ချွန်ထံမှ ဝမ်သန်း ၁၃၀(အမေရိကန်ဒေါ်လာ ၁၁၀၀၀၀)နှင့် လိင်ပိုင်းဆိုင်ရာ ဖျော်ဖြေမှု အကြိမ် ၁၀၀ ကျော်ကို တံစိုးလက်ဆောင်များအဖြစ် လက်ခံခဲ့သည်ဟု ၎င်းကို စွပ်စွဲထားသည်။

ဆိုးလ်ခရိုင်တရားရုံးက ဖမ်းဆီးဝရမ်းတစ်စောင် ထုတ်ပြန်ပြီး ကင်ကို ယမန်နေ့နှောင်းပိုင်းက ထိန်းသိမ်းခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံပိုင် ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။




လိင်ပိုင်းဆိုင်ရာကိစ္စရပ်ကြောင့် ကင်နှင့်ပတ်သက်သော အရုပ်တော်ပုံမှာ တောင်ကိုရီးယားနိုင်ငံ၌ အမည်ဆိုးဖြင့် ကျော်ကြားလာခဲ့သည်။ ကင်ကို သမ္မတဟောင်း ပတ်ဂွမ်ဟီးက ၂၀၁၃ ခုနှစ် မတ်လအတွင်း တရားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သော်လည်း တစ်ပတ်အကြာတွင် ရာထူးမှ နုတ်ထွက်ခဲ့သည်။

ယခုနှစ်အစောပိုင်းတွင် အစိုးရရှေ့နေများက စုံစမ်းစစ်ဆေးမှုသစ်တစ်ခု စတင်လုပ်ဆောင်ခဲ့ပြီး မျက်နှာကို မျက်နှာဖုံးအုပ်ကာ ဘန်ကောက်မြို့တော်သို့ သွားရောက်ရန် ကြိုးပမ်းခဲ့သည့် ကင်အား မတ်လအတွင်းက အင်ချွန်းလေဆိပ်၌ တားမြစ်ခဲ့သည်။ ဘန်ကောက်မြို့တော်သို့ ထွက်ပြေးရန် ကြိုးစားနေသည်ဆိုသော သံသယများဖြစ်ပေါ်ခဲ့သော်လည်း စွပ်စွဲချက်များကို ကင်က ငြင်းဆန်ခဲ့သည်။

**ကိုးကား- ပီတီအိုင်**
**ဘာသာပြန်- ကျော်ထိုက်စိုး**

# တရုတ်နိုင်ငံမှ တတိယအသုတ် ဆေးဝါးအကူအညီများ ဗင်နီဇွဲလား လက်ခံရရှိ

**ကရာကတ်စ် မေ ၁၇**

ဗင်နီဇွဲလားနိုင်ငံသည် တရုတ်နိုင်ငံထံမှ ၆၄ တန်ရှိ ဆေးဝါးများ၊ ဆေးဘက်ဆိုင်ရာ ထောက်ပံ့မှုများဖြစ်သည့် တတိယအသုတ် ဆေးဝါးအကူအညီများကို ယမန်နေ့က လက်ခံရရှိခဲ့ကြောင်း ဗင်နီဇွဲလား တာဝန်ရှိသူတစ်ဦးက ပြောသည်။

တရုတ်နိုင်ငံကပေးပို့သည့် အကူအညီမှာ ပြည်သူ့ကျန်းမာရေးစနစ်အတွက် အခြေခံကျပြီး မရှိမဖြစ်လိုအပ်ကြောင်း ဗင်နီဇွဲလား ကျန်းမာရေးဝန်ကြီး ကားလို့စ်အယ်ဗာရာဒိုက ဆိုင်မွန်ဘိုလီဗာ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြောကြားသည်။ ဆေးဝါးအကူအညီများ ဂိုဒေါင်များသို့ရောက်ရှိချိန်တွင် အမျိုးသားကျန်းမာရေးစနစ်မှတစ်ဆင့် ဆေးဝါးများကို ဖြန့်ဖြူးပေးမည်ဟု ၎င်းက ပြောသည်။

တရုတ်နိုင်ငံနှင့် လက်မှတ်ရေးထိုးထားသည့် သဘောတူညီမှုများဆိုင်ရာ မူဘောင်အရ ဆေးဝါးအကူအညီများတင်ဆောင်လာသည့် စတုတ္ထမြောက်လေယာဉ်မှာ လာမည့် ၁၅ ရက်အတွင်း ဗင်နီဇွဲလားနိုင်ငံသို့ ရောက်ရှိမည်ဟုလည်း ၎င်းက ပြောသည်။ တရုတ်နိုင်ငံမှ ၆၅ တန်ရှိ ပထမအသုတ် ဆေးဝါးအကူအညီမှာ မတ်လအတွင်းက ဗင်နီဇွဲလားနိုင်ငံသို့ ရောက်ရှိခဲ့သည်။

တရုတ်နိုင်ငံမှ ၇၁ တန်ချိန်ရှိ ဒုတိယအကြိမ်မြောက် ဆေးဝါးအကူအညီများကို မေ ၁၂ ရက်တွင် ဗင်နီဇွဲလားနိုင်ငံက လက်ခံရရှိခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- ကျော်ထိုက်စိုး**



# AA အဖွဲ့နှင့် ပတ်သက်ဆက်နွှယ်နေသူ ကျေးရွာတာဝန်ခံတစ်ဦးအား တရားဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၇**

တပ်မတော် စစ်ကြောင်းများအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ AA အဖွဲ့က ရခိုင်ပြည်နယ်အတွင်း တိုက်ခိုက်မှုများနှင့် ကျေးရွာများအတွင်း ပုံဖျက်စိမ့်ဝင်လှုပ်ရှားမှုများမရှိစေရေးအတွက် သတင်းများရယူဖော်ထုတ်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် ကျောက်တော်မြို့နယ် ရွှေပြည်ကျေးရွာအတွင်း AA အဖွဲ့ဝင်များ အရပ်သားအသွင်ဖြင့် ပုံဖျက်စိမ့်ဝင်လှုပ်ရှားလျက်ရှိကြောင်း သတင်းရရှိသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တပ်မတော်စစ်ကြောင်းများ လုံခြုံရေးလိုက်ပါလျက် မေ ၁၆ ရက် နံနက်ပိုင်းတွင် ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ကြောင်း။



AA အဖွဲ့နှင့်ပတ်သက်ဆက်နွှယ်နေသူ ဦးသိန်းစိုးအောင်၏ နေအိမ်အတွင်းမှ သိမ်းဆည်းရမိ စားသောက်ကုန်များအား တွေ့ရစဉ်။

ထိုသို့စစ်ဆေးစဉ် ကျေးရွာတာဝန်ခံ ဦးသိန်းစိုးအောင်သည် ၎င်း၏နေအိမ်ပေါ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဓာတ်ပုံရိုက်ယူနေသည်ကို တွေ့ရှိသဖြင့် ဖုန်းအားစစ်ဆေးခဲ့ရာ ဖုန်းအတွင်းမှ AA အဖွဲ့နှင့်ပတ်သက်ဆက်နွှယ်နေသည့် ဓာတ်ပုံအထောက်အထားအချို့နှင့် နေအိမ်အတွင်းမှ ထုပ်ပိုးထားသော ထမင်းခြောက်အိတ်၊ ခေါက်ဆွဲခြောက်ဖာများ၊ ဓာတ်ဆားထုပ်များနှင့် အခြားစားသောက်ကုန်ပစ္စည်းများအား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ AA အဖွဲ့နှင့် ပတ်သက်ဆက်နွှယ်နေသူ ဦးသိန်းစိုးအောင်အား တရားဥပဒေအရ အရေးယူနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



# မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်း ဆောင်ရွက်

**နေပြည်တော် မေ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေ(၅) အမှတ်(၂)နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့ခွဲ(ရွက်ညိုတောင်)ရဲကင်းစခန်းမှ ရဲမှူး တင်လှိုင် ဦးစီးသည့် တပ်ဖွဲ့ဝင်များက မေ ၁၆ ရက် နံနက်ပိုင်းက ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေး ရေယာဉ်အမှတ်(၀၀၃)ပါ နှစ်စင်းဖြင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂)နယ်ခြားစောင့်တပ် Domdomia BOP ကင်းစခန်းမှ Subedar MD, Najrul Islam ဦးဆောင်သည့်အဖွဲ့က တပ်ရေယာဉ် နှစ်စင်းဖြင့်လည်းကောင်း မင်္ဂလာကြီးချောင်းဝထိပ် ရေမိုင်အမှတ် (၈)အနီးမှ ဦးရှည်ကျချောင်းဝထိပ် ရေမိုင်အမှတ်(၁၁)အနီးထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်ခဲ့ပြီး ရေယာဉ်အမှတ်(၀၀၃)ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# အောင်မြေသာစံ၊ ဖယ်ခုံ၊ နောင်ချိုမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၇**

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၇ ရက်က အောင်မြေသာစံမြို့နယ် အမှတ်(၁၂)လမ်း၊ ၇၉ × ၈၀ လမ်းကြားရှိ စားသောက်ဆိုင်တွင် ဝေမျိုးအောင်(ခ)ဆံရှည်၊ စိုးစံနှင့် ထွန်းအောင်တို့သုံးဦးအား စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၁၃၄၀၊ ဘိန်းဖြူ သုည ဒသမ ၀၁ ဂရမ်၊ ဆိုင်ကယ်နှစ်စီးနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက် ၉ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖယ်ခုံမြို့နယ် နားဟီးကျေးရွာအုပ်စု ဘန်းခူးကျေးရွာနေ မအေးမွန်(ခ) နန်းမွန်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၃၀၀၀ ကိုလည်းကောင်း။

ထို့အတူ ညနေ ၆ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး၊ မူဆယ်-မန္တလေးသွား ပြည်ထောင်စုကားလမ်းမပေါ်တွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည် လဂမ်၏ လွယ်အိတ်အတွင်းမှ စိတ်ကြွဆေးပြား ၁၂၀၀၀၊ ငွေကျပ် ၂၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



နေပြည်တော် ဇေယျာသီရိမြို့နယ် သာစည်ကျေးရွာတွင် မေ ၁၄ ရက် မွန်းလွဲပိုင်းက ရွှေတွင်းကုန်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးစိုးနိုင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သော မှုခင်းများနှင့်မုဒိမ်းမှုများမဖြစ်ပွားစေရေးအတွက် ပညာပေးဟောပြောစဉ်။ ခွန်းဆက်နေ



# ဂုဏ်ယူဖွယ်ရာ ကဆုန်လပြည့် ကမ္ဘာ့ဗုဒ္ဓနေ့

ဒေါက်တာမြတ်မိုး

**ကမ္ဘာ့ဗုဒ္ဓနေ့အဖြစ် ကုလသမဂ္ဂက ဆုံးဖြတ်ရခြင်းမှာ ဂေါတမမြတ်စွာဘုရား၏ ဗုဒ္ဓသာသနာသည် နှစ်ပေါင်း ၂၅၀၀ ကျော်ကာလတိုင်အောင် သက်တမ်းရှည်ကြာသော ဘာသာတရားတစ်ခုဖြစ်ခြင်း၊ မကောင်းသောတရားများကို ဖယ်ရှားပေးပြီး စစ်မှန်သော ကာယ၊ စိတ္တ သုခနှစ်ဖြာကို ပေးစွမ်းကာ လူတစ်ဦးချင်းစီ၏ ငြိမ်းချမ်းမှုမှတစ်ဆင့် ကမ္ဘာ့လူသားအားလုံး၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည့် အဆုံးအမတရားတော်များကို ဟောပြောပြသနိုင်ခြင်း စသည့်အချက်များကြောင့်ဖြစ်**

ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ကဆုန်လပြည့်နေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ထင်ရှားသော ဘာသာရေးပွဲတော်များအနက် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ဤကဆုန်လသည် နေအပူရှိန် အပြင်းထန်ဆုံးကာလတစ်ခုဖြစ်၍ ဘုရားပွင့်တော်မူသော ဗောဓိပင်ကိုရည်မှန်းပြီး ရေစင်သွန်းလောင်းကြရာမှ ကဆုန်လညောင်ရေသွန်းပွဲတော်များ ဖြစ်ပေါ်လာရသည်ဟူ၍လည်း ဆိုစမှတ်ပြုကြပါသည်။

ကဆုန်၏အရင်းခံဖြစ်သော ကုဆုန်ဟူသော စကားရပ်တွင် “ကု”ကို ရေဟုဟောထားသလို “ဆုန်”ကိုလည်း စုန်ဆင်းခြင်း၊ စီးဆင်းခြင်း၊ သွန်းလောင်းခြင်းဟူ၍ ဟောပြထားသည်ကို လေ့လာမိပါသည်။ သီဟိုဠ် အသံထွက် “ဝေဆတ်ခ်” ကိုအမှီပြု၍ အနောက်နိုင်ငံသားများက Vesak ဟု ခေါ်ဝေါ်သမုတ်ရာမှ ကဆုန်လပြည့်နေ့ကို Vesak Day ဟူ၍ ရေးသားဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

**ကမ္ဘာ့ဗုဒ္ဓနေ့ပေါ်ပေါက်လာပုံ**

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားထားသော အဆုံးအမတရားတော်များအတိုင်း လိုက်နာကျင့်သုံးနေထိုင်သော ဗုဒ္ဓဘာသာဝင်တိုင်းသည် ကဆုန်လပြည့်ဗုဒ္ဓနေ့ကို အချက်အလက်စုံလင်စွာဖြင့် သိရှိထားသင့်သလို ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၅၄/၁၁၅ ဖြင့် ၁၉၉၉ ခုနှစ်ကပင် ကဆုန်လပြည့်နေ့ကို ကုလသမဂ္ဂဗုဒ္ဓနေ့အဖြစ် သတ်မှတ်ထားသည်ကို ဂုဏ်ယူဖွယ်ရာ သိရှိထားသင့်ပါသည်။ ကမ္ဘာ့ဗုဒ္ဓနေ့အဖြစ် ကုလသမဂ္ဂက ဆုံးဖြတ်ရခြင်းမှာလည်း အကြောင်းရှိပါသည်။ ဂေါတမမြတ်စွာဘုရား၏ ဗုဒ္ဓသာသနာသည် နှစ်ပေါင်း ၂၅၀၀ ကျော်ကာလတိုင်အောင် သက်တမ်းရှည်ကြာသော ဘာသာတရားတစ်ခုဖြစ်ခြင်း၊ မကောင်းသောတရားများကိုဖယ်ရှားပေးပြီး စစ်မှန်သော ကာယ၊ စိတ္တ သုခနှစ်ဖြာကို ပေးစွမ်းကာ လူတစ်ဦးချင်းစီ၏ ငြိမ်းချမ်းမှုမှတစ်ဆင့် ကမ္ဘာ့လူသားအားလုံး၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည့် အဆုံးအမတရားတော်များကို ဟောပြောပြသနိုင်ခြင်း စသည့်အချက်များကြောင့် ဖြစ်ပါသည်။

ထိုမှတစ်ဆင့် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားများကို ၂၀၀၀ ပြည့်နှစ်တွင် နယူးယောက် ကုလသမဂ္ဂရုံးချုပ်၌ စတင်ကျင်းပရာမှ အစပြု၍ နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိရာမှ ၂၀၁၉ ခုနှစ် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားကို ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပခဲ့သည်မှာ မြန်မာနိုင်ငံဗုဒ္ဓဘာသာဝင်များအတွက်သာမက ကမ္ဘာ့ဗုဒ္ဓဘာသာဝင်များအတွက်ပါ ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။ ထိုကဲ့သို့ ကုလသမဂ္ဂအဖွဲ့ကြီး၏ အသိအမှတ်ပြုခဲ့သည့် ကမ္ဘာ့ဗုဒ္ဓဘာသာနေ့ဖြစ်ပေါ်ရေးတွင် စွမ်းဆောင်ကြိုးပမ်းအဆိုတင်သွင်း ဦးဆောင်ပါဝင်ခဲ့ပြီး ၁၉၉၄ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီးဟောင်း ရှေ့နေနှင့် လူ့အခွင့်အရေးဆိုင်ရာပုဂ္ဂိုလ်တစ်ဦးဖြစ်သူ မစ္စတာ လက်ရှ်မန်ကာဒီဂါမာ Lakshman kadigamar ကို အထူးကျေးဇူးတင် အသိအမှတ်ပြုရပါမည်။

**နေ့ထူးနေ့မြတ်တစ်ခု**

ကဆုန်လပြည့်နေ့ နေ့ထူးနေ့မြတ်နေ့နှင့်ပတ်သက်ပြီး သမိုင်းတွင်စာတင်ထားရာ အချက်လေးချက် မှတ်သားထားမိပါသည်။ (၁) ဘဒ္ဒကမ္ဘာတွင် လေးဆူမြောက် ဘုရားစင်စစ်ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရားထံတွင် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံယူသောနေ့၊ (၂) မဟာသက္ကရာဇ် ၆၈ ခုနှစ်တွင် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောနေ့၊ (၃) မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် ဗောဓိပင်အောက်၌ ဂေါတမဘုရားအလောင်း ဘုရားဖြစ်တော်မူသောနေ့၊ (၄) မဟာသက္ကရာဇ် ၁၄၈ ခုနှစ်တွင် ဂေါတမဘုရား ပရိနိဗ္ဗာန်စံသောနေ့၊ ယင်းနေ့များအားလုံးသည် ကဆုန်လပြည့်နေ့များတွင်သာဖြစ်သော ဗုဒ္ဓမှတ်တမ်းများဖြစ်၍ အလွန်ထူးမြတ်သော နေ့တစ်နေ့လည်း ဖြစ်ပါသည်။ ထို့အပြင် ဗုဒ္ဓဝင်အကျဉ်းဟောသည့်နေ့ မဟာသက္ကရာဇ် ၁၀၄ ခုနှစ်နှင့် ဆဋ္ဌသင်္ဂါယနာတင်သောနေ့များသည်လည်း ကဆုန်လပြည့်နေ့များတွင်ဖြစ်၍ ဗုဒ္ဓနေ့များအဖြစ် သတ်မှတ်ထိုက်ပါသည်။ ဗုဒ္ဓဘာသာဝင် သူတော်ကောင်းများသည် ဗောဓိပင်ကိုဘုရားရှင်၏ ပရိဘောဂစေတီအဖြစ် ရည်မှန်းပြီး သာသနာတော် အဓွန့်ရှည်သန်ရေးအတွက် မျှော်မှန်းကာ ရေစင်သွန်းလောင်းကြပါသည်။ ထို့အပြင် ကမ္ဘာ့ဗုဒ္ဓဘာသာနိုင်ငံအတွင်းရှိ ဘာသာဝင်များသည် ကဆုန်လပြည့်နေ့တွင် မိမိတို့ရိုးရာအစဉ်အလာအလိုက် သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်ခြင်း၊ သီလခံယူဆောက်တည်ပြီး ပရိတ်တရားတော်များ နာကြားကာ ဘာဝနာတရားများ ပွားများအားထုတ်ခြင်း၊ ဇီဝိတဒါန ငါးလွှတ်၊ ငှက်လွှတ်ပွဲများ ကျင်းပခြင်းဖြင့် ကုသိုလ်ပြုကြသည်မှာ နှစ်စဉ် အစဉ်အလာတစ်ခု ဖြစ်ပါသည်။ ယခုလို ကုသိုလ်များကို မဂ်ဖိုလ်သို့ကျေးဇူးပြုပြီး နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ရန် ရည်သန်ပြုကြမှသာ အကျိုးကျေးဇူးများမည်လည်း ဖြစ်ပါသည်။

**နှလုံးသား၌တည်ရမည့်ဓမ္မ**

ယနေ့ မိမိတို့နေထိုင်ရာ လူ့အဖွဲ့အစည်းနှင့် ကမ္ဘာကြီးတွင် စစ်ပွဲများ၊ အကြမ်းဖက်သတ်ဖြတ်မှုများ၊ အပြန်အလှန်အငြင်းပွား ရန်လိုတိုက်ခိုက်မှုများ တစ်စထက် တစ်စ များပြားလာသည်ကို သတိပြုမိပါသည်။ မတူကွဲပြားသည့် ဘာသာတရားအသီးသီးရှိနေသော်လည်း လောဘ၊ ဒေါသတရားများကို ထိန်းချုပ်သည့် ဒါန၊ သီလ၊ သမာဓိနှင့် မေတ္တာတရားများ ထူထောင်ကြရာတွင်မူ ဘာသာဝင်အားလုံးတို့က အလေးအနက်ထား လိုက်နာကြရန် လမ်းညွှန်ဟောပြောဆုံးမချက်များ အသီးသီးရှိကြသည်ပင် ဖြစ်ပါသည်။ လူမျိုးစွဲ၊ ဘာသာစွဲ၊ အယူစွဲ၊ ဝါဒစွဲ အဖွဲ့စွဲ အစွဲအမျိုးမျိုးတို့ကြောင့်သာ ဘာသာတရားများ၏ အဆုံးအမသြဝါဒများ၊ လမ်းစဉ်များကို လိုက်နာရန်ခက်ခဲပြီး အမုန်တရားမှသွေဖည်ကာ အချို့အစွန်းရောက်သည်အထိ ဖြစ်တည်သွားကြရခြင်း ဖြစ်ပါသည်။ အတ္တ၊ မာန၊ ဒိဋ္ဌိနှင့် လောဘ၊ ဒေါသ၊ မောဟတရားများ နေရာယူလာသော ဤကမ္ဘာကြီးတွင် ကောင်းချီးသြဘာ ကျက်သရေမင်္ဂလာ အဖြာဖြာနှင့်ပြည့်စုံသော မြတ်ဗုဒ္ဓ၏ အဆုံးအမတရားဓမ္မများကို နှလုံးသား၌တည်ပြီး လူသားအားလုံးအတွက် ငြိမ်းငြိမ်းချမ်းချမ်းနှင့် သဟဇာတမျှမျှတတနေထိုင်ရေးအတွက် ဦးတည်ရမည့်အခြေအနေနှင့် အချိန်ကာလလည်း ဖြစ်ပါသည်။

**အတ္တနှင့် အနတ္တ**

မြတ်ဗုဒ္ဓက လူသားတိုင်းအား သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေရန် တိတိကျကျ ဟောကြားထားသော တရားများအနက် သိမ်မွေ့သော ကိုယ်ကျင့်တရားများထားရှိရန်နှင့် ချစ်ခြင်းမေတ္တာတရားများ ပွားများရန် အနတ္တသဘောက ပြသနေပါသည်။ အတ္တများနေသရွေ့ တစ်ကိုယ်ကောင်းဆန်မှုများ ပြည့်လျက်နေပါမည်။ “ငါ” ဟူ၍ မှတ်နေသမျှ ကိုယ်ကျင့်သီလမမြဲဟူ၍ မှတ်ယူကာ “ငါ” ဟူသောအစွဲကို ဖယ်ထုတ်နိုင်မှသာ အများအတွက် လုပ်ပေးလိုသောသဘော၊ ကိုယ်ကျိုးစွန့်လိုသောသဘောများဖြင့် အမှန်သို့ရောက်နိုင်ပါမည်။ စိတ်၏သဘော၊ စိတ်ဖြူစင်သန့်ရှင်းမှု၊ ညစ်နွမ်းပျက်စီးမှုဟူသည် မိမိအပေါ်တွင်သာ မူတည်ပါသည်။ သဘောထားကွဲလွဲမှုများ၊ အတွေးအခေါ် တိမ်းစောင်းမှုများအကြားတွင် မိမိစိတ်ကို အစိတ်စိတ်အမွှာမွှာအဖြစ်မခံဘဲ မိမိစိတ်ကိုဖြူစင်သန့်ရှင်းအောင် အစဉ်စောင့်ထိန်းကျင့်သုံးခြင်းဖြင့် မိမိကိုယ်ကိုသာ မိမိအားထားရာ ပြုနိုင်ပါသည်။ သင်္ခါရတရားအားလုံးသည် ဘယ်အခါမျှ မတည်မြဲပါ။ ဇာတိ၊ ဇရာ၊ မရဏအားဖြင့် ဆက်နေသော ဘဝအစုံစုံတွင် ရခဲလှစွာသော လူ့ဘဝ၌ နောင်သံသရာ ကောင်းစေမည့် ကိုယ်ကျင့်တရားမျိုး၊ ဒဿနိကမျိုး ထားရှိရန် မြတ်စွာဘုရားက အလေးအနက်ထား ဆုံးမတော်မူထားပါသည်။

**မဂ္ဂင်တရားကိုယ်**

ရှင်တော်ဂေါတမသည် လူသားများအပေါ် တစ်ဦးနှင့်တစ်ဦး မေတ္တာဓာတ်ဖြင့် သည်းခံနိုင်မှုစွမ်းအား မြှင့်တင်ပေးပြီး ငြိမ်းချမ်းစေသကဲ့သို့ ကိလေသာကိုပယ်သတ်ပြီး နိဗ္ဗာန်ကိုမျက်မှောက်ပြုသည့် မဂ္ဂင်ရှစ်ပါး တရားအစုံကိုလည်း ဟောပြောပြသပေးတော်မူခဲ့ပါသည်။ မဂ္ဂင်ရှစ်ပါးအနက် မှန်ကန်သော အယူ၊ အမြင် “သမ္မာဒိဋ္ဌိ” ဟူသည် အရေးကြီးသော မဂ္ဂင်တစ်ပါးဖြစ်သည်။ မှန်ကန်သောအမြင်ရှိပါမှ မှန်ကန်သောအကြံ၊ မှန်သော စကား၊ မှန်သောအလုပ်၊ မှန်သောအသက်မွေးမှုကို ကောင်းစွာပြုနိုင်ပါသည်။ အမှန်ကိုသိမြင်ခြင်းဟူသည် ဘာဆို ဘာမျှမမြဲ၊ ရထားသည့်ခန္ဓာသည် ဆင်းရဲခြင်းအမှန်ပဲ၊ မိမိကအစိုးရတာလည်းမရှိ၊ အတ္တမရှိ အနတ္တပဲ၊ ဆင်းရဲခြင်းကိုပဲ မှန်စွာသိနေတာ၊ ဆင်းရဲခြင်းရဲ့မူလ၊ ဆင်းရဲခြင်းရဲ့အချုပ်၊ ဆင်းရဲခြင်းချုပ်ငြိမ်းရာ ကျင့်စဉ် စသည့်တရားများကို မှန်ကန်စွာသိမြင်နေခြင်းပင်ဖြစ်ပါသည်။ အသိကို အသိတွင်မထားဘဲ လက်တွေ့လည်း ကျင့်ကြံအားထုတ်သည့်အခါ လောကီကာမဂုဏ်အာရုံများတွင် တွယ်တာမက်မောခြင်းကင်းပြီး မကောင်းသော အာရုံများမှ လွတ်ကင်းလိုခြင်း၊ မကောင်းသော အကြံအစည်များကြံစည်မိပြီး အမျက်ဒေါသထွက် နှလုံးမသာမယာဖြစ်ခြင်း၊ ကိုယ့်လိုဘ မပြည့်သည့်အတွက် ဒေါသရှေ့ထားမိပြီး အနိုင်ယူ၊ နှိပ်စက်၊ ညှဉ်းဆဲလိုခြင်း စသည်များ ပြုလုပ်လိုခြင်းမရှိတော့ဘဲ အမှန်ကိုသာ ကြံစည်လုပ်ကိုင်လိုခြင်း စသည်များဖြစ်ပေါ်လာပါသည်။ ယခုလို မှန်ကန်စွာသိမြင်၊ မှန်ကန်စွာကြံစည်ခြင်းဖြင့်သာ အချင်းချင်းနားလည်မှုလွဲခြင်းကြောင့် ဖြစ်နေရသည့် နိုင်ငံရေးပြဿနာ၊ စီးပွားရေးပြဿနာ၊ လူမှုရေးပြဿနာ၊ လူမျိုးရေး၊ ဘာသာရေးပြဿနာများကိုလည်း တရားမျှတစွာ ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။ အတွေးမှန်မှသာ နားလည်မှုအမှန်ပေးနိုင်မည် ဖြစ်ပါသည်။ အပြန်အလှန်နားလည်မှုအပေါ်တွင်အခြေခံသည့် မှန်ကန်ကောင်းမွန်သော အကြံအစည်၊ အလုပ်အကိုင်ဖြင့်သာ မြတ်သော ချမ်းသာသုခကို ရရှိနိုင်မည် ဖြစ်ပါသည်။

**နိဂုံးချုပ်**

အပြန်အလှန်နားလည်မှုသည် အပြန်အလှန် လေးစားမှုကို ဖြစ်ထွန်းစေပါသည်။ လူမျိုးစွဲ၊ ဘာသာစွဲ၊ အယူအဆများကို အပြန်အလှန်လေးစားမှုက တားဆီးပေးပါသည်။ တရားဥပဒေအရရော မြတ်ဗုဒ္ဓ၏ ဘာသာတရားအဆုံးအမများကိုပါနာခံ၍ အပြန်အလှန် လေးစားတတ်အောင် သင်ကြားလေ့ကျင့် ဆောက်တည်ကြခြင်းဖြင့်သာ မုန်းတီးမှုရန်မီးများကို ထိထိရောက်ရောက် တားဆီးနိုင်ပါမည်။ လက်ရှိဆောင်ရွက်နေသော ဘာသာပေါင်းစုံ တွေ့ဆုံနှီးနှောဖလှယ်ပွဲများကို ထိထိရောက်ရောက် ဆောင်ရွက်ပြီး ဘာသာပေါင်းစုံငြိမ်းချမ်းရေးမှတစ်ဆင့် နိုင်ငံတော် ရေရှည်ငြိမ်းချမ်းတည်ငြိမ်ရေး၊ ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းသာယာရေးကို တိုးမြှင့်ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါသည်။ ကမ္ဘာ့ဗုဒ္ဓဘာသာနေ့တစ်နေ့အဖြစ် သတ်မှတ်ထားသော ကဆုန်လပြည့် ဗုဒ္ဓနေ့ဝယ် ဗုဒ္ဓ၏ အဆုံးအမဒေသနာများကို ထပ်မံနာကြားကြခြင်းဖြင့် လောဘ၊ ဒေါသ၊ မောဟ၊ မသိတွေဝေမှုများ၊ ကိလေသာတရားများဖြင့် အိပ်မောကျနေသူများ နိုးထလာနိုင်ပါစေ၊ ထူးမြတ်လှသည့် ဓမ္မဒေသနာများဖြင့် မိသားစုတစ်စုမှသည် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းတည်ငြိမ်ပြီး လုံလုံခြုံခြုံဖြင့် အေးချမ်းသာယာရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်နိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်းလျက် ဘုရားကျေးဇူး၊ တရားကျေးဇူး၊ သံဃာကျေးဇူးများကို ဆပ်လှူရေးသားလိုက်ရပါသည်။ ။

## လပြည့်ကဆုန် ထူးလှပုံ ဗောဓိပင်စုံ ဖူးကြကုန်

♠ တန်ခူးရေကုန် ကဆုန်ရေခန်း
အပူကြမ်းဘိ စမ်းပျောက်သည့်နွေ
နွမ်းခြောက်လေရှာ ညှိုးရော်ရှာမည့်
ဗောဓိရွှေညောင် မပူအောင်ပ
ရေသွန်းကြပေ ပူဇော်လေကြ
ကဆုန်လပြည့် လွန်ထူးဘိ။

♠ ကဆုန်လပြည့် ထူးသည့်နေ့မှာ
ဒီပင်္ကရာ မြတ်ဗုဒ္ဓါမှ
သုမေဓာခေါ် ရသေ့ကျော်အား
ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်
မြွက်ဖော်မိန့်ကြား သုံးဘုံသားတွေ
ဖူးမြင်ပေထ ဗျာဒိတ်ရ။

♠ ဗျာဒိတ်ရကာ ဖြည့်ကျင့်လာပေ
လေးသင်္ချေမှာ ကမ္ဘာတစ်သိန်း
ပေါင်းသည့်ကိန်းရှည် ပြည့်လေပြီတည့်
ထူးသည့်လောင်းလျာ ဤလူ့ရွာသို့
စံမြန်းဖို့ရာ ဖွားမြင်ပါသည့်
လပြည့်ကဆုန် ထူးမြတ်ပုံ။

♠ လူ့ဘုံစံထ သံဝေရလျက်
တောထွက်ကျင့်ကြံ သစ္စာမှန်သိ
ဗောဓိပင်ခြေ ပလ္လင်ဗွေထက်
ငါးမာန်ဖျက်ဆီး အောင်ခြင်းကြီးစွ
မြတ်ဗုဒ္ဓစစ် ဧကန်ဖြစ်သည့်
လပြည့်ရက်ကြံ့ နွေကဆုန်။

♠ ရဂုံသာယာ မလ္လာဥယျာဉ်
စံဝင်လဲလျောင်း ရောက်ကြောင်းနိဗ္ဗူ
ဟောမူနောက်ဆုံး ညှိုးရော်သုံးထွေ
ငိုကြွေးလေရ ကန်တော့ကြလတ်
တို့မြတ်ဘုန်းရှင် နိဗ္ဗာန်ဝင်သည့်
လပြည့်ကဆုန် နွေရဂုံ။

♠ ဤသို့စုံစွာ မြတ်ချိန်ခါတွင်
ကြည်လင်မြင်သိ ထူးလှဘိမို့
ကောင်းမှုလို့ငှာ ပြုခွင့်သာစွ
ဗုဒ္ဓကိုယ်စား ကိုးကွယ်ထားသည့်
ဗောဓိညောင်ပင် အပူစင်ကြောင်း
ရေသွန်းလောင်းကြ သမယတည့်
“လပြည့်ကဆုန် ထူးလှပုံ”
“ဗောဓိပင်စုံ ဖူးကြကုန်”။

မောင်အေးချမ်း(တောင်ကြီး)

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို**
**ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**

( ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄ ။)
၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (စ)၏နောက်တွင် ပုဒ်မခွဲ (ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ) **ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း** ဆိုသည်မှာ နိုင်ငံ့ဝန်ထမ်းဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း ဖြစ်သည်။"

၃။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေ ပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃။ ဤဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၁ နှင့် ၂၉၂ တို့တွင် ဖော်ပြထားသော နိုင်ငံ့ဝန်ထမ်းများမှအပ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးရှိ နိုင်ငံ့ဝန်ထမ်းအားလုံးနှင့် သက်ဆိုင်စေရမည်။"

၄။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ ပုဒ်မ ၈ တွင်-

(က) ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ဝန်ထမ်းရေးရာကိစ္စရပ်များကို သုတေသနပြုလုပ်ခြင်း၊"

(ခ) ပုဒ်မခွဲ(ဃ) ၏နောက်တွင် ပုဒ်မခွဲ (ဃ-၁)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ-၁) ဝန်ထမ်းများ၏ဝန်ဆောင်မှုအပေါ် ပြည်သူများ၏ သဘောထားအမြင်များကို စစ်တမ်းကောက်ယူပြီး သုတေသနပြုလုပ်ခြင်း၊"

(ဂ) ပုဒ်မခွဲ (စ) နှင့် (ဆ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက မေးမြန်းလာသည့် ဝန်ထမ်းရေးရာကိစ္စရပ်များကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြန်ကြားခြင်း၊

(ဆ) ဝန်ထမ်းများအား အရေးယူခြင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းခြင်း၊ နိုင်ငံတော်သမ္မတထံ အစီရင်ခံတင်ပြခြင်း၊"

(ဃ) ပုဒ်မခွဲ(ဆ)၏နောက်တွင် ပုဒ်မခွဲ(ဆ-၁)မှ (ဆ-၃) အထိ အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(ဆ-၁) ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးအား ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့လိုသည့် ကိစ္စရပ်များအတွက် ညှိနှိုင်းလာမှုအပေါ် ထိုအရာရှိ၏ လုပ်ငန်းအတွေ့အကြုံသည် ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့်ဌာန၏ လုပ်ငန်းသဘာဝနှင့် ကိုက်ညီမှုရှိ၊ မရှိ အပါအဝင် အခြားလိုအပ်သည့် စိစစ်မှုများပြုလုပ်၍ ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြခြင်း၊

(ဆ-၂) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ ဝန်ထမ်းဖွဲ့စည်းပုံ ရေးဆွဲတင်ပြခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထောက်ခံအကြံပြု တင်ပြခြင်း၊

(ဆ-၃) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ နိုင်ငံ့ဝန်ထမ်းရာထူး အုပ်စုများအလိုက် ကျွမ်းကျင်မှုမူဘောင်များနှင့် လုပ်ငန်းတာဝန်သတ်မှတ်ချက်များ ရေးဆွဲနိုင်ရေး အထောက်အကူပြု ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊"

(င) ပုဒ်မခွဲ (ဇ)နှင့် (ဈ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဇ) ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ၏ ဝန်ထမ်းရွေးချယ်ရေး၊ လေ့ကျင့်ပျိုးထောင်ရေး၊ စည်းကမ်းထိန်းသိမ်းရေး ကိစ္စများနှင့်စပ်လျဉ်း၍ စိစစ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက မိမိတို့ တာဝန်ယူ အကောင်အထည်ဖော်ရသည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများအား ဖွဲ့စည်းခြင်း၊ လိုအပ်သော နယ်ဘက်ဝန်ထမ်းများအား ခန့်အပ်ခြင်းတို့ပြုရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကြိုတင်ညှိနှိုင်း၍ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဖွဲ့စည်းခန့်အပ်နိုင်ရန်ဆောင်ရွက်ခြင်း၊"

၅။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေတွင်-

(က) ပုဒ်မ ၉ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ ဝန်ထမ်းများအားခန့်ထားရေးနှင့် ရာထူးအဆင့်တိုးမြှင့်ရေးတို့အတွက် ရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ အဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-"

(ခ) ပုဒ်မခွဲ(ခ)မှ (စ) အထိတို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) အဖွဲ့ကသာ ရွေးချယ်ရန် သတ်မှတ်ထားသော ရာထူးအဆင့်မှအပ ကျန်ရာထူးအဆင့်ရှိဝန်ထမ်း များအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ရွေးချယ်ရန်သတ်မှတ်ခြင်း၊

(ဂ) အဖွဲ့ကသာ ရွေးချယ်ရန် သတ်မှတ်ထားသော ရာထူးအဆင့်မှအပ ကျန်ရာထူးအဆင့်ရှိ ဝန်ထမ်းများကိုရွေးချယ်ရန် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း အကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးက အဖွဲ့ဖွဲ့စည်း၍ ဆောင်ရွက်စေရန် လွှဲအပ်ခြင်း၊

(ဃ) ပုဒ်မ ၈၊ ပုဒ်မခွဲ(ဇ)ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဈ) ပါ ဝန်ထမ်းများခန့်အပ်လိုသည့်ကိစ္စများတွင် အဖွဲ့၏ညွှန်ကြားချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ဆောင်ရွက်စေခြင်း၊

(င) ထူးခြားသည့် အခြေအနေတစ်ရပ်ရပ်ကြောင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတစ်ခုခုတွင် မည်သည့် အဆင့်ဝန်ထမ်းကိုမဆို ခန့်အပ်ရန် လိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

(စ) ပြန်တမ်းဝင်အရာရှိအဆင့်သို့ တိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများပါ ရာထူးတိုးမြှင့်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ထောက်ခံလာသော ကိစ္စရပ်များကို စိစစ်ဆောင်ရွက်ခြင်း။"

၆။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၁၀ တွင်-

(က) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအသီးသီးက ယင်းတို့၏ ဝန်ထမ်းများအတွက် ဖွင့်လှစ်သင်ကြားသည့် ဌာနဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများနှင့် စပ်လျဉ်း၍ ချမှတ်ထားသည့် နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေး မူဝါဒနှင့်အညီ ပေါင်းစပ်ညှိနှိုင်းခြင်း၊"

(ခ) ပုဒ်မခွဲ (ဃ) ၏ နောက်တွင် ပုဒ်မခွဲ (င) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င) ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများနှင့် အဆင့်မြင့်အရာရှိကြီးများ၏ ရာထူးနေရာများတွင် စွမ်းဆောင်ရည်ရှိသူများကို ထိုက်တန်စွာရွေးချယ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဝန်ထမ်းအဆင့် အလိုက် ထိရောက်စွာ လေ့ကျင့်ပျိုးထောင်ပေးခြင်း။"

၇။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၂။အဖွဲ့သည် အဖွဲ့၏လုပ်ငန်းများဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုဆိုင်ရာ အကူအညီလိုအပ်ပါက ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများထံမှလည်းကောင်း၊ ကျွမ်းကျင်သူပုဂ္ဂိုလ်များထံမှလည်းကောင်း အကူအညီတောင်းခံခွင့်ရှိသည်။

၁၃။ အဖွဲ့သည် ဝန်ထမ်းများနှင့်ပတ်သက်သည့် လိုအပ်သောအချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများထံမှ တောင်းခံခွင့်ရှိသည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဖင်လန်နိုင်ငံ ကြက်ခြေနီအသင်းက လွိုင်ကော်မြို့နယ် လွယ်ထွဲကျေးရွာတွင် သတင်းမှတ်တမ်းရိုက်ကူး

**လွိုင်ကော် မေ ၁၇**

ဖင်လန်နိုင်ငံ ကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်းသောအဖွဲ့သည် လွိုင်ကော်မြို့နယ် အတွင်းရှိ ကျေးရွာများတွင် "ရပ်ရွာလူထုဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းပိုမိုမြင့်မားရေးစီမံချက်" ပါလုပ်ငန်းများ သတင်းမှတ်တမ်းရိုက်ကူးခြင်း တတိယနေ့ကို ယနေ့ နံနက်ပိုင်းမှစပြီး စီမံချက်ပါကျေးရွာဖြစ်သည့် နွားလပိုးကျေးရွာအုပ်စု လွယ်ထွဲကျေးရွာအတွင်း ရိုက်ကူးရေးဆောင်ရွက်ခဲ့သည်။



အဆိုပါအဖွဲ့သည် လွယ်ထွဲကျေးရွာအတွင်းထောက်ပံ့ပေးထားသောဂါလန် ၅၀၀၀ ဆံ့ ရေကန် နှစ်ကန်၊ ရေငုတ် အခု ၂၀၊ မသန်စွမ်းကလေးများအတွက် ရေချိုးခန်းနှင့် အိမ်သာ တစ်လုံး၊ စာသင်ကျောင်းအတွက် နှစ်ခန်းတွဲအိမ်သာတစ်လုံး၊ ဘောစင်နှင့် လီတာ ၅၀၀ ဆံ့ ရေစင်တစ်ခုနှင့် ဆေးစိမ်ခြင်ထောင် အသုံးပြုမှုများကိုလည်းကောင်း၊ အရင်းမပျောက် မတည်ငွေကျပ် ၁၀ သိန်းဖြင့် စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများတွင် အကျိုးရှိစွာ အသုံးပြုမှုအခြေအနေများကိုလည်းကောင်း၊ မိသားစုတစ်စု၏ တစ်နေ့တာ လှုပ်ရှားဆောင်ရွက်မှုအခြေအနေ၊ တွေ့ကြုံရသော အခက်အခဲစသည်များကို လည်းကောင်း တွေ့ဆုံမေးမြန်းရိုက်ကူးခဲ့ကြောင်းနှင့် စတုတ္ထနေ့အဖြစ် လောပိတကျေးရွာအုပ်စု ကန်နီကျေးရွာသို့ ဆက်လက်ကွင်းဆင်းရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

**လွိုင်ကော်သား**

### ◯ အသင်းကြီးများမှ

ချန်ပီယံဆုရဖူးသည့် အသင်းလေးသင်း၊ ချန်ပီယံမဖြစ်ဖူးသည့်အသင်းလေးသင်း ပါဝင်နေပြီး ချန်ပီယံဆုရဖူးသည့် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသောကြောင့် တစ်သင်းမှာ ဆီမီးဖိုင်နယ်နှင့် လွဲချော်တော့မည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲများတွင် ခြေစွမ်းမကွာသည့် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီ၊ ရခိုင်နှင့် မကွေး၊ ရတနာပုံနှင့် စစ်ကိုင်းအသင်းတို့၏ တွေ့ဆုံမှုများမှာ အကြိတ်အနယ်ရှိနိုင်သည်။ လက်ရှိချန်ပီယံရန်ကုန်အသင်းသည် ယခုရာသီ အမှတ်ပေးပြိုင်ပွဲ ပထမအကျော့တွင် ဂိုးပြတ်အနိုင်ရထားသည့် Southern အသင်းနှင့် တွေ့ဆုံနေပြီး ချန်ပီယံဆုကာကွယ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် မေ ၁၉ ရက်တွင် အောင်ဆန်းကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် မကွေးအသင်း၊ မေ ၂၀ ရက်တွင် အောင်ဆန်းကွင်း၌ ရတနာပုံအသင်းနှင့် စစ်ကိုင်းအသင်း၊ သုဝဏ္ဏကွင်း၌ Southern အသင်းနှင့် လက်ရှိချန်ပီယံရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဘုန်းသော်**

# အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို ဂုဏ်ပြုပါသည်

■ အေးအေးသင်း (အမျိုးသားပြတိုက်၊ နေပြည်တော်)

လူမှုအဖွဲ့အစည်းတွင် ပြတိုက်များ၏ အခန်းကဏ္ဍသည် ပြောင်းလဲလာပြီ ဖြစ်ပါသည်။ ပြတိုက်များသည် လာရောက်လေ့လာသည့် ဧည့်သည်များကို ဗဟိုပြုရန်နှင့် အပြန်အလှန်သက်ရောက်မှုပိုမိုရှိစေရန်၊ လူမှုအဖွဲ့အစည်းကို ရှေးရှုရန်၊ ပြုလွယ် ပြောင်းလွယ်ရှိစေရန်၊ အလိုက်သင့် ပြောင်းလဲနိုင်စေရန် စသည့် လိုအပ်ချက်များအရ ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လာကြသည်။ ပြတိုက်များသည် ဗဟုသုတများနှင့်ပေါင်းစပ်၍ တီထွင်ဆန်းသစ်မှုများကို ဆောင်ရွက်နိုင်သည့် ယဉ်ကျေးမှုအချက်အချာနေရာဖြစ်လာပြီး ဧည့်သည်များကပါ ပါဝင်ဆောင်ရွက်နိုင်ကြ၍ ဗဟုသုတများဝေငှကာ အပြန်အလှန် အကျိုးသက်ရောက်မှု ရရှိစေပါသည်။

ပြတိုက်၏ အဓိကလုပ်ငန်းတာဝန်များဖြစ်ကြသည့် စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ လူထုနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ခင်းကျင်းပြသခြင်းလုပ်ငန်းရပ်များကို ဆောင်ရွက်လျက်ရှိသည့်အပြင် လူမှုအဖွဲ့အစည်းများနှင့် ပိုမိုထိတွေ့ရင်းနှီးမှုရှိစေရန်အတွက် ပြတိုက်များ၏ ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများတွင် ပုံစံပြောင်းလဲလုပ်ကိုင်လာကြသည်။ ယနေ့ခေတ်အခါတွင် ပေါ်ပေါက်လျက်ရှိသည့် လူမှုပြဿနာများ၊ ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက်ကိုလည်း ပြတိုက်များက နည်းလမ်းများ ရှာဖွေလျက်ရှိပါသည်။ ကမ္ဘာပေါ်ရှိပြဿနာများကို ဒေသတွင်း ဆောင်ရွက်မှုများဖြင့် ဖြေလျှော့ရာတွင် ပြတိုက်များက အထောက်အပံ့ဖြစ်စေပြီး ယနေ့လူ့အဖွဲ့အစည်းတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် ကိုက်ညီအောင် ကြိုတင်ဆောင်ရွက်မှုများ ပြုလုပ်လာကြပါသည်။ ပြတိုက်များသည် လူ့အဖွဲ့အစည်း၏ ဗဟိုဌာနများဖြစ်သည်နှင့်အညီ ယဉ်ကျေးမှုနှင့် ပတ်သက်၍ ပြောဆိုဆွေးနွေးနိုင်သည့်၊ စဉ်ဆက်မပြတ်သော အနာဂတ်ကို ဖန်တီးနိုင်သည့်၊ ငြိမ်းချမ်းသောကမ္ဘာကြီးကို ဖော်ဆောင်နိုင်သည့် စွမ်းရည်များ ရှိနေပါသည်။

**နည်းလမ်းသစ်များ ရှာဖွေလျက်ရှိ**

ပြတိုက်များသည် ယဉ်ကျေးမှုဗဟိုဌာနများ ဖြစ်လာကြသဖြင့် အနာဂတ်မျိုးဆက်သစ်များအတွက်နှင့် ခေတ်ပြိုင်ဖြစ်သော်လည်း မိမိတို့၏ ယဉ်ကျေးမှုနှင့် ကွဲပြားခြားနားသော ကမ္ဘာတစ်လွှားရှိ လူထုတို့အတွက် အဓိပ္ပာယ်အသစ်အဆန်းဖြစ်နေမည့် ပြသပစ္စည်းများနှင့် ယင်းတို့၏ သမိုင်းကြောင်းများ၊ လက်ဆင့်ကမ်းအမွေဆက်ခံခဲ့ပုံများ၊ ရိုးရာဓလေ့ထုံးစံများ ဖန်တီးဖြစ်ပေါ်လာပုံများကို တန်ဖိုးထားဂုဏ်ယူတတ်စေရန်အတွက် ဆောင်ရွက်ရန်နည်းလမ်းသစ်များကို ရှာဖွေလျက်ရှိပါသည်။

ပြတိုက်များသည် လူမှုအဖွဲ့အစည်းအတွက် အဓိကဆောင်ရွက်ပေးနေပြီး နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင်လည်း အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိပါသည်။ ထို့အပြင် ပြတိုက်များသည် လူမှုအဖွဲ့အစည်းများ၏ လိုအပ်ချက်များနှင့် ယူဆချက်တို့ကို ကမ္ဘာပေါ်တွင် ဖြစ်ပေါ်နေသော အခြေအနေများနှင့် လိုက်လျောညီထွေမှုဖြစ်စေရန်လည်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် ပြတိုက်များသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာပါသည်။

ထို့ကြောင့်လည်း တစ်ကမ္ဘာလုံးရှိ ပြတိုက်များ တစုတစည်းတည်း ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာပြတိုက်များ ကောင်စီ (International Council of Museums - ICOM)ကို ၁၉၄၆ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ပြီး ICOM အတွင်းရေးမှူးရုံးသည် ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ UNESCO ရုံးတွင် တည်ရှိပါသည်။ ICOM သည် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ကာ ၂၀၁၇ ခုနှစ် မတ်လအထိ အဖွဲ့ဝင်ပေါင်း ၄၀၀၀၀ ကျော်ရှိပြီး အမျိုးသားကော်မတီ (National Committee) များ ကိုယ်စီဖွဲ့စည်းထားသည့်နိုင်ငံပေါင်း ၁၁၉ နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာကော်မတီ ၃၀ ကို ကိုယ်စားပြုသည့် ပြတိုက်ပညာရှင်များအဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းထားပါသည်။

**ပြတိုက်များ၏အနာဂတ် ပိုမိုကောင်းမွန်လာစေမည်**

နိုင်ငံများနှင့် ဒေသများ၊ အပြည်ပြည်ဆိုင်ရာကော်မတီများ စုစုပေါင်း ၁၄၁ ခုမှ ပြတိုက်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံအချင်းချင်း ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာ ဖိုရမ်တစ်ခုကိုလည်း ဖွဲ့စည်းထားပါသည်။ ပြတိုက်ကျင့်ဝတ်ဆိုင်ရာကိစ္စများတွင်လည်း ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုလည်း ဖြစ်သည်။ ပြတိုက်ကျင့်ဝတ်များ (The Code of Ethics for Museums) ကို ဘာသာစကား ၃၉ မျိုးဖြင့် ထုတ်ဝေထားပါသည်။ ICOM သည် အများနှင့်သက်ဆိုင်သော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ရုံးသုံးဘာသာစကားအဖြစ် အင်္ဂလိပ်၊ ပြင်သစ်နှင့် စပိန်ဘာသာစကားများကို အသုံးပြုပါသည်။ ICOM အဖွဲ့ဝင်ခြင်းဖြင့် နိုင်ငံတကာ ပြတိုက်အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ကာ ခေတ်မီနည်းပညာများဖလှယ်နိုင်ပြီး အချင်းချင်းအမြင်ချင်းဖလှယ် ဆွေးနွေးသုံးသပ်ခြင်းဖြင့် ပြတိုက်များ၏အနာဂတ် ပိုမိုကောင်းမွန်လာစေမည် ဖြစ်သည်။

မည်သည့်ပြတိုက်နှင့် ပြတိုက်ပညာရှင်မဆို (Institutional or individual membership) ICOM အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ပြီး အသင်းဝင်ရောက်ရာ၌ အဆင့် သုံးဆင့် ပါဝင်ပါသည်။ ပထမအဆင့်အနေဖြင့် မိမိတို့နိုင်ငံရှိ ICOM National Committee ရှိ၊ မရှိ ရှာဖွေရမည်။ ဒုတိယအဆင့်အနေဖြင့် အဆိုပါ ICOM National Committee ၏ website မှတစ်ဆင့် National membership form ကို တင်ရမည်။ တတိယအဆင့်အနေဖြင့် ICOM National Committee မှတစ်ဆင့် ICOM ရုံးချုပ်သို့ လျှောက်ထားရန် ဖြစ်ပါသည်။ အကယ်၍ ICOM National Committee မရှိပါက International form တွင် ဖြည့်စွက်၍ ICOM ရုံးချုပ်သို့ online မှတစ်ဆင့် တိုက်ရိုက်လျှောက်ထားရမည် ဖြစ်ပါသည်။

ICOM တွင် အသင်းဝင်လျှင် နှစ်စဉ်ကြေးပေးသွင်းရန် လိုအပ်ပြီး Institutional membersip အတွက် (၂၁၆ ယူရို)ပေးသွင်းရပြီး Individual membership အတွက် (၁၅ ယူရို) ပေးသွင်းရပါသည်။ မြန်မာနိုင်ငံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် Institutional membership အဖြစ် ၂၀၁၆ ခုနှစ်တွင် အဖွဲ့ဝင်ခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ICOM National Committee အဖြစ် Myanmar ICOM National Committee ကို ၂၀၁၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပြတိုက်ဆိုင်ရာ ပညာရှင်များနှင့် အခြားဝန်ကြီးဌာနများမှ ပြတိုက်ကိုယ်စားလှယ်များ စုစုပေါင်းအဖွဲ့ဝင် ၁၆ ဦး ပါဝင်ပါသည်။

**အကျိုးကျေးဇူး သုံးချက်**

ICOM အဖွဲ့ဝင်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူး သုံးချက်မှာ အပြည်ပြည်ဆိုင်ရာပြတိုက်အဖွဲ့အစည်း၏ တစ်စိတ်တစ်ပိုင်းဖြစ်လာခြင်း၊ အပြည်ပြည်ဆိုင်ရာပြတိုက်များနှင့်ပတ်သက်၍ လုပ်ငန်းများဆောင်ရွက်ရာ၌ ပါဝင်ဆောင်ရွက်နိုင်ခြင်းနှင့် ICOM ဝန်ဆောင်မှုများမှ မိမိတို့ပြတိုက်များအတွက် အကျိုးအမြတ်များ ရရှိစေနိုင်ခြင်းတို့ ဖြစ်ပါသည်။

ICOM သည် UNESCO၊ INTERPOL နှင့် ကမ္ဘာ့အကောက်ခွန်အဖွဲ့အစည်း (WCO) တို့နှင့်ပူးပေါင်းကာ အပြည်ပြည်ဆိုင်ရာဆောင်ရွက်မှုများအနေဖြင့် ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ တရားမဝင်သယ်ယူပို့ဆောင်ခြင်း၊ ယဉ်ကျေးမှုနှင့် အသိပညာတိုးတက်စေရန် ဆောင်ရွက်ခြင်း၊ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ICOM မှ ပြတိုက်နှင့်ပတ်သက်သည့် News မဂ္ဂဇင်းကို Online မှ ဖြန့်ချိပေးခြင်းဖြင့်လည်း ကမ္ဘာတစ်ဝန်းရှိ ပြတိုက်များအကြောင်းကို မည်သူမဆို လေ့လာနိုင်စေရန် စီစဉ်ထားပါသည်။ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူသားတို့၏ဘေးအန္တရာယ်ကြောင့်ဖြစ်စေ ပျက်စီးဆုံးရှုံးမှုမရှိစေရန်အတွက် ကာကွယ်ပေးရန် The International Committee of the Blue Shield (ICBS) အားဖွဲ့စည်းသည့် အဖွဲ့ဝင်များထဲတွင် ICOM လည်း ပါဝင်ပါသည်။


အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ (International Council of Museums - ICOM)က ယဉ်ကျေးမှုဖလှယ်ခြင်း၊ ပြတိုက်များအချင်းချင်း အပြန်အလှန်နားလည်မှုမြှင့်တင်ခြင်း၊ ပြည်သူလူထုအကြား ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရာတွင် ပြတိုက်၏အခန်းကဏ္ဍ အရေးပါပုံကို သတိပြုမိကြစေရန် ရည်ရွယ်ကာ ၁၉၇၇ ခုနှစ်မှစတင်၍ "အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့" "International Museum Day (IMD)" ကို မေလ ၁၈ ရက်နေ့တွင် သတ်မှတ်ခဲ့ပြီး နှစ်စဉ်အစဉ်အလာမပြတ် ကျင်းပပြုလုပ်လေ့ရှိရာ ကမ္ဘာတစ်ဝန်းလုံးရှိ ပြတိုက်ထောင်ပေါင်းများစွာ ပါဝင်ဆင်နွှဲလေ့ရှိပါသည်။ အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို မေလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်ရန် သတ်မှတ်ထားသော်လည်း ကျင်းပပြုလုပ်သူတို့၏ဆန္ဒအတိုင်း တစ်နာရီဖြစ်စေ၊ တစ်ရက်ဖြစ်စေ၊ တစ်ပတ်ဖြစ်စေ၊ တစ်လဖြစ်စေ ကျင်းပလေ့ရှိပါသည်။

**တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာခဲ့**

အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို ကျင်းပပြုလုပ်ခဲ့သည့် ပြတိုက်များ စာရင်းကောက်ယူခဲ့ရာ ၂၀၁၇ ခုနှစ်တွင် နိုင်ငံပေါင်း ၁၅၆ နိုင်ငံမှ ပြတိုက်ပေါင်း ၃၆၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြပြီး ၂၀၁၈ ခုနှစ်တွင် နိုင်ငံပေါင်း ၁၅၈ နိုင်ငံမှ ပြတိုက်ပေါင်း ၄၀၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြသဖြင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာခဲ့ကြောင်း သိရှိခဲ့ရပါသည်။ မြန်မာနိုင်ငံရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနလက်အောက်ရှိ ပြတိုက်ပေါင်း ၃၃ ခုတွင်လည်း အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့၌ ဝင်ကြေးအခမဲ့ပေးခြင်း၊ အထူးပြပွဲများ ကျင်းပပြုလုပ်ခြင်းများပြုလုပ်၍ ပြတိုက်လာဧည့်သည်များကို ဝန်ဆောင်မှုများ ပေးလျက်ရှိသည့် အပြင် ပြတိုက်များမှ ပညာရှင်များစုပေါင်း၍ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများလည်း ကျင်းပပြုလုပ်ပေးလျက်ရှိပါသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို တစ်ကမ္ဘာလုံး တစ်ချိန်တည်း ကျင်းပပြုလုပ်နိုင်ကြစေရန်အတွက် ရည်ရွယ်၍ ICOM အပါအဝင် အခြားသော ပြတိုက်ဆိုင်ရာအဖွဲ့အစည်းများက နှစ်စဉ် လှုံ့ဆော်ပေးလေ့ရှိပါသည်။ ICOM က အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့အတွက် နှစ်စဉ် ဆောင်ပုဒ်တစ်ခုကို သတ်မှတ်ပေးပြီး ယင်းနှင့်ပတ်သက်သည့် လှုပ်ရှားမှုများ၊ ပြပွဲများကို ကျင်းပပြုလုပ်ကာ ပြတိုက်လာဧည့်သည်များ ပါဝင်ဆင်နွှဲနိုင်စေရန်၊ လူမှုအဖွဲ့အစည်းနှင့် ယင်း၏ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြတိုက်၏အခန်းကဏ္ဍ အရေးပါပုံကို သိရှိနားလည်လာကြစေရန် ဆောင်ရွက်လျက်ရှိပါသည်။ ICOM က ၁၉၉၂ ခုနှစ်မှစတင်၍ နှစ်စဉ် လူမှုအဖွဲ့အစည်းအတွက် အဓိကသက်ဆိုင်သည့်ဆောင်ပုဒ်များ ချမှတ်ပေးခဲ့ရာ ၁၉၉၂ ခုနှစ်က ချမှတ်ခဲ့သည့် ဆောင်ပုဒ်မှာ "Museums and Environment" ဖြစ်ပါသည်။ ယခုနှစ် ၂၀၁၉ ခုနှစ်အတွက် ICOM ၏ International Museum Day (IMD) ဆိုင်ရာ ဆောင်ပုဒ်မှာ "Museums as Cultural Hubs: The future of Tradition" ဖြစ်ပါသည်။ Myanmar ICOM National Committee က "ရိုးရာယဉ်ကျေးမှုများ၏အနာဂတ်အရေး၊ ပြတိုက်များက ဗဟိုပြုဖော်ဆောင်ပေး" ဟု ဘာသာပြန်ဆိုထားပါသည်။

၂၄.၈.၂၀၀၇ ရက်နေ့က ကျင်းပခဲ့သည့် International Council of Museums (ICOM)၏ (၂၂) ကြိမ်မြောက် အထွေထွေညီလာခံတွင် ပြတိုက်ကိုအဓိပ္ပာယ်ဖွင့်ဆိုရာ၌ "ပြတိုက်ဆိုသည်မှာ လူနှင့်လူ့ပတ်ဝန်းကျင်ဆိုင်ရာ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုတေသနပြုခြင်း၊ ခင်းကျင်းပြသခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့်




အများပြည်သူအား ပညာပေးရန်၊ လေ့လာနိုင်စေရန်၊ စိတ်ပျော်ရွှင်ချမ်းမြေ့စေရန်ရည်ရွယ်၍ လူမှုအဖွဲ့အစည်းနှင့် ယင်း၏ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူလူထုအား အမြတ်အစွန်းမယူဘဲ အမြဲဖွင့်လှစ်ပြသထားသည့် နေရာတစ်ခုဖြစ်ပါသည်" ဟု ဆိုပါသည်။

သို့ဖြစ်ရာ ပြတိုက်များတွင် ပြသထားသည့် ပြသပစ္စည်းများသည် လူနှင့်လူ့ပတ်ဝန်းကျင်ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သဖြင့် ပြတိုက်များသည် ယဉ်ကျေးမှု၏အချက်အချာ နေရာတစ်နေရာပင် ဖြစ်ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်ဟုဆိုရာတွင် အတိတ်ကာလက မိမိတို့၏ ဘိုးဘေးဘီဘင်များက အမွေပေးခဲ့ပြီး လက်ရှိလည်းထိန်းသိမ်းထားဆဲ အနာဂတ်မျိုးဆက်သစ်များကိုလည်း ဆက်လက်လက်ဆင့်ကမ်းပေးသွားမည့် ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် နှစ်မျိုးစလုံး ပါဝင်ပါသည်။

ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်ဟုဆိုရာတွင် လူမှုအဖွဲ့အစည်းမှ ပြုလုပ်ခဲ့ပြီး မျိုးရိုးစဉ်ဆက်ထိန်းသိမ်းစောင့်ရှောက်ကာ မျိုးဆက်သစ်များကို ဆက်လက်၍ လက်ဆင့်ကမ်းပေးလျက်ရှိသည့် ထိတွေ့ကိုင်တွယ်၍ရသော မည်သည့်ပစ္စည်းမဆို ပါဝင်ပါသည်။ ထိုဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များသည် အနုပညာလက်ရာမြောက်သည့် ပစ္စည်းများ၊ အဆောက်အဦများ၊ လူမှုအဖွဲ့အစည်းအတွက် ယဉ်ကျေးမှုအရ အရေးပါသည့် လူတို့ဖန်တီးပြုလုပ်ထားသော ဒြပ်ရှိပစ္စည်းများ ပါဝင်ပါသည်။

**အမျိုးအစား ငါးမျိုးခွဲခြားထား**

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းတို့သည် လူမှုအဖွဲ့အစည်းများ၊ လူမျိုးစုများနှင့် တစ်ခါတစ်ရံ လူတစ်ဦးချင်းစီနှင့် သက်ဆိုင်နေတတ်ပါသည်။ ဒြပ်မဲ့ယဉ်ကျေးမှုတွင် (၁) ပါးစပ်ရာဇဝင်နှင့် ဖော်ပြချက်များ၊ ဘာသာစကားများ၊ (၂)ဖျော်ဖြေတင်ဆက်မှုအနုပညာများ၊ (၃) လူမှုရေးအစဉ်အလာအလေ့အထများ၊ ရိုးရာဓလေ့များနှင့် ပွဲတော်များ၊ (၄) သဘာဝနှင့် စကြဝဠာဆိုင်ရာ ဗဟုသုတနှင့် ရိုးရာအစဉ်အလာ အလေ့အထများ၊ (၅) ရိုးရာလက်မှုပညာရပ်များဟူ၍ အခြေခံအားဖြင့် အမျိုးအစားငါးမျိုး ခွဲခြားထားပါသည်။

ပြတိုက်အမျိုးအစား အမျိုးမျိုးရှိသော်လည်း ပြတိုက်များအားလုံးနီးပါးတွင် ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို တွေ့နိုင်ပါသည်။ အမျိုးသားပြတိုက်များ၊ ယဉ်ကျေးမှုပြတိုက်များ၊ သမိုင်းပြတိုက်များ၊ အနုပညာပြတိုက်များစသည့် ပြတိုက်များတွင် အထူးသဖြင့် တွေ့ရှိရပါသည်။

ယနေ့ခေတ်အခါသည် Globalization ခေတ်ဖြစ်သဖြင့် တစ်ကမ္ဘာလုံးရှိ ယဉ်ကျေးမှုများသည် တစ်နေရာမှတစ်နေရာသို့ ကူးလူးဆက်နွှယ်လျက်ရှိကြသဖြင့် မိမိတို့၏ လူမှုအဖွဲ့အစည်းဆိုင်ရာ ကိုယ်ပိုင်ယဉ်ကျေးမှုများ ပျောက်ပျက်မသွားစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြမှသာ ရေရှည်တည်တံ့နိုင်မည်ဖြစ်ပါသည်။ ယင်းသို့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရာတွင် ယဉ်ကျေးမှုအမွေအနှစ်များ အများဆုံး စုဆောင်းထိန်းသိမ်းထားရာ ပြတိုက်များသည် အလွန်အရေးပါသော ဗဟိုဌာနများ ဖြစ်လာကြပါသည်။ ထို့ကြောင့်လည်း ယခုနှစ် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "ရိုးရာယဉ်ကျေးမှုများ၏ အနာဂတ်အရေး၊ ပြတိုက်များက ဗဟိုပြုဖော်ဆောင်ပေး" ဟူသည့်အတိုင်း ပြတိုက်များက ဦးဆောင်ဦးရွက်ပြုကာ မိမိတို့၏ ရိုးရာယဉ်ကျေးမှုများ ထာဝစဉ်တည်တံ့နေစေရန်အတွက် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းရင်း မေလ ၁၈ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

**စာကိုးစာရင်း**

International Council of Museums website.
network.icom.museum/international-museum-day.

# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တတိယတစ်နှစ်တာ ဆောင်ရွက်ချက်များ သတင်းစာရှင်းလင်းပွဲပြုလုပ်



**မကွေး မေ ၁၇**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တတိယတစ်နှစ်တာ ဆောင်ရွက်ချက်များအား မီဒီယာများမှတစ်ဆင့် အများပြည်သူများသိရှိနိုင်ရန် ရည်ရွယ်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မေ ၁၄ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက တရားဥပဒေစိုးမိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စက်မှုလယ်ယာကဏ္ဍ၊ ဆည်မြောင်းနှင့်ရေအသုံးချမှု၊ လျှပ်စစ်၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံ့ဝန်ထမ်းအိမ်ရာ၊ မြို့ရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းမှု၊ မူးယစ်ဆေးဝါးသိမ်းဆည်းရမိမှုနှင့် ဖျက်ဆီးနိုင်မှု၊ မြေဂရမ်ထုတ်ပေးနိုင်မှု၊ သဘာဝဘေးနှင့် ကမ်းပြိုကာကွယ်ရေး၊ သိမ်းဆည်းခံလယ်ယာမြေကိစ္စ၊ တိုင်းရင်းသားစာပေဖွံ့ဖြိုးရေး၊ လူထုအခြေပြု ခရီးသွားလုပ်ငန်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှု စသည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

"မကွေးတိုင်းဒေသကြီးဟာ မိုးခေါင်ရေရှား ဒေသဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း ရှားပါးတဲ့အတွက် တတိယတစ်နှစ်တာကာလအတွင်း ကျေးလက်နဲ့မြို့ပြ အချိုးညီဖွံ့ဖြိုးစေပြီး ပြည်သူတွေရဲ့ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေဖို့၊ တည်ဆဲဥပဒေများအရ ရရှိနိုင်တဲ့ အခွင့်အလမ်းတွေကို အပြည့်အဝရရှိစေဖို့ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင် သက်ဆိုင်ရာဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်"ဟု ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြောသည်။

ဒေသခံမီဒီယာများက လျှပ်စစ်မီးလုံလောက်စွာ ရရှိရေး ဆောင်ရွက်နေသည့် အစီအမံများ၊ လယ်ယာမြေကို အခြားနည်း အသုံးပြုမှုနှင့် ပုံစံ(၇)ထုတ်ပေးမှုအခြေအနေ၊ ရေနံလက်ယက်တွင်းတိမ် တူးဖော်ရေးလုပ်ငန်းများကိစ္စ၊ ဆေးရုံတက်လူနာများအပြင် ခုတင်ခွဲခန်းများ၌ သွေးစစ်ရန် ငွေကြေးကုန်ကျမှုများနေခြင်းအား ကူညီဖြေရှင်းပေးနိုင်ရေးကိစ္စ၊ တရားရုံးများတွင် အမှုရင်ဆိုင်ရသူ ပြည်သူများ၏ အခက်အခဲဆိုင်ရာကိစ္စ၊ ရှေးဟောင်းပစ္စည်းများ ရှာဖွေနေခြင်းကိစ္စ၊ အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်နိုင်မှုနှင့် အစိုးရအဖွဲ့အတွက် အဓိကစိန်ခေါ်မှုဖြစ်နေသည့် အရာများ စသည်တို့ကို မေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။ **ဇေယျတု(မကွေး)**

# မြေနုကျေးရွာများရှိ အုတ်ဖိုများ အုတ်ဖုတ်နိုင်မည့်နေရာဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ပြင်ဆင်



**မန္တလေး မေ ၁၇**

မန္တလေးမြို့ဆောက်လုပ်ရေးဈေးကွက်အတွင်းသို့ အဓိကတင်ပို့ရောင်းချနေသည့် မန္တလေးအနောက်မြောက်ထောင့်ရှိ ဧရာဝတီမြစ်ရေတက် မြေနုကျေးရွာများတွင် ဆောင်ရွက်လျက်ရှိသော အုတ်ဖိုများ ယခုနှစ်ရေတက်ချိန်တွင် လုပ်ငန်းများ ရပ်နားထားခြင်းမရှိစေရန် အုတ်ဖုတ်နိုင်မည့် အခြားနေရာဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ပြင်ဆင်လာကြကြောင်း သိရသည်။

ဧရာဝတီမြစ်ဘေး မြေနုကျေးရွာများတွင် အုတ်ဖုတ်ရန် မြေသားကောင်းမွန်ခြင်း၊ ခဲ၊ ခရုအစရှိသည်များ ကင်းစင်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများသို့ ပို့ဆောင်ရန် နီးစပ်လွယ်ကူခြင်းများကြောင့် အုတ်လုပ်ငန်းလုပ်ကိုင်သူအများအပြား လာရောက်လုပ်ကိုင်နိုင်သော နေရာဖြစ်သည်။

"အုတ်ဖိုထောင်ထားတဲ့ အုတ်သူကြီးတွေအနေနဲ့ အလုပ်ရပ်နားရတဲ့ကာလမှာ အုတ်ရောင်းနိုင်ဖို့ သိုလှောင်ထားရတဲ့အတွက် အရင်းအနှီးစိုက်ထုတ်ထားရတယ်။ အလုပ်ရပ်ထားတဲ့ရက်တွေမှာ ရာနဲ့ချီတဲ့လုပ်သားနဲ့ မိသားစုတွေ စားဝတ်နေရေးအတွက် ကြိုတင်သုံးငွေထုတ်ပေးရတယ်။ ဒါကြောင့် အုတ်ဖိုနားထားရတဲ့အခါ အုတ်သူကြီးတွေအပြင်က ငွေတိုးယူရတာမျိုးအထိ ရှိကြတယ်။ ဒါကြောင့် လုပ်ငန်းမနားရအောင် အခြားလုပ်ကိုင်လို့ရတဲ့ နေရာကို ပြောင်းလဲလုပ်ကိုင်ရတာပါ။ အုတ်ကို ယခင်က မြို့ကြီးပြကြီးတွေမှာသာ အသုံးများပေမယ့် ယခုအခါမှာ ကျေးလက်တောရွာတွေအထိ သုံးစွဲမှုများလာတာကြောင့် ဘယ်နေရာမှာ သွားဖုတ်ဖုတ် ဝယ်ယူမယ့်သူရှိပါတယ် "ဟု အုတ်သူကြီးတစ်ဦးက ပြောသည်။

ဧရာဝတီမြစ်ရေမှာ ကဆုန်လဆန်းတွင် စတင်၍ အတက်အကျရှိလာပြီး ဝါဆို၊ ဝါခေါင်လများတွင် အမြင့်ဆုံးရေအမှတ်အထိ တက်လေ့ရှိသည်။ ယင်းကာလများတွင် ရာသီဥတုအခြေအနေကြောင့် ပျက်စီးဆုံးရှုံးမှုများ လေ့ရှိပြီး ကျန်ကာလများတွင် အားစိုက်လုပ်ကိုင်လေ့ရှိကြသည်။

**အေးမြ(မန္တလေး)**



All Branches

# Back To School

1 May To 9 June

Special Sale

- ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာများ
- ထမင်းဘူး၊ရေဘူးနှင့်ထမင်းချိုင့်များ
- ကျောင်းစိမ်းဝတ်စုံ (အဖြူ / အစိမ်း)
- ကျောပိုးအိတ်၊မိုးကာနှင့်ထီးများ
  အထူးဈေးနှုန်းဖြင့်ရောင်းချပေးသွားပါမည်
- Back to school အစီစဉ်တွင်ပါဝင်သောပစ္စည်းများ
  ကိုကျပ် (၃၀,၀၀၀) ဖိုးနှင့်အထက်ဝယ်ယူသူတိုင်းလက်ဆောင်ရရှိပါမည်



အမေရိကန် နှင့် ကနေဒါ ထိပ်တန်းတက္ကသိုလ်ကြီးများကို တပြိုင်တည်း လေ့လာ ရွေးချယ် လျှောက်ထားနိုင်မည့်

## U.S.A + CANADA EDUCATION EXHIBITION 2019

၁၈.၅.၂၀၁၉ (စနေနေ့)
နေ့လယ် (၁) နာရီမှ ညနေ (၄) နာရီ

Eureka Room, Novotel Hotel

SAT / ACT မလိုဘဲ တက်ရောက်နိုင်မည့် အမေရိကန်တက္ကသိုလ်များ၊ မြန်မာအများစုနေထိုင်ရာ မြို့ကြီးများရှိ တက္ကသိုလ်များ၊ U.S. TOP 100 တက္ကသိုလ်ကြီးများကို လျှောက်ထားနိုင်သည့် ကောလိပ်များ၊ Guaranteed Admission ရရှိနိုင်မည့် Pathway များ၊ MBA တက်ရောက်ပြီး PGWP ရရှိနိုင်မည့် ကနေဒါတက္ကသိုလ်များ

**ကယ်လီဖိုးနီးယားပြည်နယ်ရှိ**
Marymount California University (LA)
University of the Pacific (Stockton)
American Collegiate (UCLA Extension)

**မက်ဆာချူးဆက်ပြည်နယ်ရှိ**
University of Massachusetts (Boston)
UMass (Lowell - Dartmouth)
Pine Manor College (Boston)

**ဖလော်ရီဒါပြည်နယ်ရှိ**
Florida Atlantic University (Boca Raton)
University of Central Florida (Orlando)
Florida International University (Miami)

**ဗာဂျီးနီးယားပြည်နယ်ရှိ**
American University (Washington DC)
James Madison University
Richard Bland College (Petersburg)

**နယူးယောက်မြို့ရှိ**
LIU Brooklyn
Adelphi University
Concordia College

**ကနေဒါနိုင်ငံရှိ**
University Canada West (Vancouver)
Simon Fraser University (BC)
Royal Roads University (BC)

AT&S International Education Services

☎ ၀၁ ၆၅၂၃၂၂ ၀၉ ၅၀၆၂၀၆၀ ၀၉ ၇၉၉ ၅၉၅၉၄၉ f /eduGlobalVillage


## သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်တက္ကသိုလ်၏ အစီအစဉ်ဖြင့် ရန်ကုန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံပညာဌာနတွင် အောက်ပါဘွဲ့လွန်သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ သင်တန်းအမည် - ဘွဲ့လွန်အသုံးချကွန်ပျူတာဒီပလိုမာသင်တန်း
၂။ သင်တန်းအောင်လက်မှတ် - ဘွဲ့လွန်အသုံးချကွန်ပျူတာဒီပလိုမာ (Post- Graduate Diploma in Computer Application-PGDCA)
၃။ သင်တန်းဝင်ခွင့်အရည်အချင်း- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ ဖြစ်ရမည်။
၄။ သင်တန်းကာလ - 2 Semester+Project
၅။ သင်တန်းချိန် - စနေ၊ တနင်္ဂနွေ၊ နံနက် ၇း၀၀ မှ ညနေ ၅း၀၀ နာရီထိ
၆။ လက်ခံမည့်သင်တန်းသားဦးရေ- (၁၀၀) ဦး ကန့်သတ်
၇။ လျှောက်လွှာစတင်လက်ခံမည့်ရက်- ၂၃-၅-၂၀၁၉ရက် (ကြာသပတေးနေ့)
၈။ လျှောက်လွှာပိတ်မည့်ရက်- ၇-၆-၂၀၁၉ရက်(သောကြာနေ့)
၉။ သင်တန်းစတင်ဖွင့်မည့်ရက်- ၈-၆-၂၀၁၉ရက် (စနေနေ့)
၁၀။ ဆက်သွယ်ရမည့်လိပ်စာ- အခန်းအမှတ်- U 308 (ULB)၊ ရန်ကုန်တက္ကသိုလ်

မှတ်ချက်-အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ရန်ကုန်တက္ကသိုလ် ကျောင်းသားရေးရာ (ဖုန်း-၅၃၄၃၉၀) နှင့် (ဖုန်း-၇၀၃၂၃၀၊ ၅၀၃၅၉၉၊ ၀၉-၇၃၀၀၆၄၀၄) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။


ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
မော်ဘီတိုးဂိတ်နီး၊ဦးဖိုးကျွင်လမ်း၊ခြံမြေ
(20'x60')=၇၅သိန်း၊(40'x60')=၁၅၀သိန်း
ph:09-448012251,09-252278945




# FUSHENG AIR COMPRESSORS

Taiwan Since 1953

( ECO2020 standard )

Made in Japan




Premium Efficiency
Screw Type 15 ~ 280 KW

Piston Type
0.37 ~ 15 KW

FAC Portable Series
10.5 ~ 364 KW

**Also supply Accessory items :**
R134a & R407C coolants dryer, 304L ~ 5000L air tank, air filter, etc.

**Authorized Distributor**
Provide high quality On-site service with professional engineers.

KHIN MAUNG NYUNT MANUFACTURING CO., LTD.
ELECTRICAL PRODUCTS AND MACHINERY

**Head Office & Showroom:**
No. 43, Shwe Tharaphi Yeikmon, Bayint Naung Road, Kamayut Township, Yangon
Hotline :(+95-1) 531100, Tel :(+95-1) 538230, 513987, 503303, 502271
Fax :(+95-1) 539156 sales@kmngroupmm.com www.kmngroupmm.com

**South Dagon Showroom**
NO(18), Pyidaungsu Road, (24) Ward,
South Dagon Township, Yangon, Myanmar
Phone: (+95) 9429339730 ~ 31,
(+95) 9421180818, (+95) 9795890980.

**Mandalay Office**
Phone: (+95-9) 91029788 ~9, (+95-2) 4068422
Fax : (+95-2) 4068423

**Nay Pyi Taw Office**
Phone: (+95-67) 3420877, 3421877, 3421899, 3421400, 3421411


**အမည်မှန်**

ရွှေပြည်သာမြို့နယ်၊ ၂၃-ဝါးတရာ၊ စက်မှုဇုန်ကွက်သစ်၊ မြေအမှတ်(၃၀၁)၊ စက်မှုပတ်လမ်းနေ ဦးစိန်ထွန်းအောင်၏ သမီး မအေးငြိမ်းအောင်အမည်မှန်မှာ မအိသန္တာဖြိုး ဖြစ်ပါသည်။

မအိသန္တာဖြိုး


ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
လှည်းကူးမြို့၊ရန်ကုန် -ပဲခူးလမ်းမဘေး
မြေ(၄၀×၆၀)၊ရောမ်းအစုံ
(၅၈)သိန်း(ညှိနှိုင်း)
09-771408547



ရောင်ခြည်သစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773



SEVEN
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
09 - 33 333 511
09 - 33 333 514
09 - 33 333 644





09 515 7160
09 96 515 7160
09 76 515 7160
New World Office Page
4RC 85' x 47'
(Sq-ft 14000)
တစ်လွှာချင်း ငှားမည်


နိုင် ငံ တစ် ဝန်း စိမ်း လန်း ဖို့ သစ် ပင် စိုက် ပျိုး ထိန်း သိမ်း စို့





## လန်ဒန်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အလှူရှင်များအား ဖိတ်ခေါ်ခြင်း

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့အရှေ့ပိုင်း၊ သုဝဏ္ဏသိဂီမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ တိုးချဲ့တည်ဆောက်ရာတွင် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ အနေဖြင့် ရခဲလှသော နိုင်ငံရပ်ခြား ဝိပဿနာတရားများဖြင့် သာသနာပြုရာတွင်ပါဝင်၍ ရိပ်သာ ဒါယကာ၊ ဒါယိကာမအဖြစ် ခံယူနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။ **ဆက်သွယ်လှူဒါန်းရန်**

**Ph:09-777231122,09-797000010,09-797006374**

**ဘဏ်(YOMA)-သုဝဏ္ဏသိဂီ 00574415, 2000793**






## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့ အထက(သန္ဒေပင်) (၂၀၁၈-၂၀၁၉)ပညာသင်နှစ် (ခုံနံပါတ် ပ-၁၃၉)မှ ပဉ္စမတန်းဖြေဆိုအောင်မြင်ထားသော မောင်ကျော်ဆုသွေး၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ဝင်း[၁၂/မဘန(နိုင်) ၁၈၅၂၄၁]ဖြစ်ပါသည်။

**ဦးတင်မောင်ဝင်း**





**မင်္ဂလာပါ**

အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း

မြို့တွင်း/နယ်ဝေးများအတွက်

ဈေးနှုန်းချိုသာစွာဖြင့်

Box ကားများဖြင့်

အလုပ်သမားစီစဉ်ပေးသည်။

09-450042704

09-250095116

09-420096296


## ဝန်ထမ်းအမြန်အလိုရှိသည်

၁။ ယာဉ်မောင်း - ကျား (၅)ဦး၊ မ (၃)ဦး

၂။ ရောင်းမောင်း - ကျား (၅)ဦး၊ မ (၃)ဦး

အသက် (၂၅) မှ (၅၅)နှစ်အထိရှိပြီး

လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃) နှစ် ရှိရမည်။

ဖုန်း-09-775122233, 09-787878558












## အများသိစေရန်

ကျွန်မ ကမ္ဘာလှည့် တင်တင်စိန် မဟာသဒ္ဓမ္မဇောတိကဓဇ၊၁၂/မရက(နိုင်)၀၅၆၉၀၀၊ အသက်(၈၄) နှစ်သည် သီလရှင်ဘဝသို့ ၂၀၁၉ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ အကျွတ်အလွတ် စွန်းလွန်းကျောင်းရောက်ပင်တောရတွင် ပါနပေတံအသက်ထက်ဆုံး သာသနာဘောင်ဝင်တော့မည်ဖြစ်ပါ၍ ကျွန်မ တစ်ဦးတည်းပိုင် ဟိုတယ်နှင့်တကွ မြေကွက်ကြီး(၆)ကွက်ပါဝင်သောနေရာကို ဈေးပြိုင်စနစ်ဖြင့် မေလ ၂၉ ရက်၊ ၃၀ ရက်၊ ၃၁ရက်တွင် စတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ ချိုပိတ်၍ပေးနိုင်သော ဈေးကို လိပ်စာအပြည့်အစုံနှင့်တကွ အမြန်ဆုံးပေးပို့ကြပါ။

စိတ်ပါဝင်စားသူများ လာရောက်ဆက်သွယ်ပါရန်-

ဖုန်း -၀၉-၅၁၂၃၁၈၆၊ ၀၉-၄၀၁၉၉၉၅၆၅

ခန်းလောင်းရပ်၊ စပါယ်လမ်း၊ ယုဇနလမ်းနှင့် ကန့်ကော်လမ်းကြား၊ ပုဂံမြို့သစ်

**ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ**

**အောင်သမာဓိ** က ရွှေဝယ်ယူသူ မိဘပြည်သူများအတွက် ဒုတိယအကြိမ် ကံစမ်းမဲကြီး စတင်နေပြီနော်။ အောင်သမာဓိရွှေဆိုင်တိုင်းတွင် ဝယ်ယူအားပေးသော ရွှေချစ်သူများအတွက်

ကျပ်သိန်းပေါင်း **၁၅၀၀** ကျော်တန်ဖိုးရှိ

**ရွှေတစ်ပိဿာ နှင့် ရွှေလက်စွပ် အကွင်း (၆၀)**

ကံစမ်းမဲပေးနေပါပြီ


Reg: 219/99





(၁၁.၁၁.၂၀၁၈)မှစ၍ကံစမ်းမဲစတင်ပေးနေပါပြီ။ ရန်ကုန်မြို့ နှင့် မန္တလေးမြို့ရှိ အောင်သမာဓိ ရွှေဆိုင်တိုင်းတွင် အမြန်ဆုံးလာရောက် ဝယ်ယူအားပေးကြပါရန် ဖိတ်ခေါ်အပ်ပါတယ်နော်။







**ဦးနေအုပ် (စိန့်ပေါလ်)** ပြုစုထားသည့်

**တက္ကသိုလ်ဝင်တန်း ■ အင်္ဂလိပ်စာ**

**အခန်းဆုံးလေ့ကျင့်ခန်း မေးခွန်းပေါင်းချုပ်**

**အခန်း(၁)မှ(၁၄)အထိ မေးခွန်းပေါင်း ၁၁၂ စုံ**

**မေးခွန်းသီးသန့်(၁)အုပ်၊ အဖြေသီးသန့်(၁) အုပ်**




၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်
ပုံစံသစ်မွမ်းမံပြင်ဆင်ဖြည့်စွက်ပြီး
**တက္ကသိုလ်ဝင်တန်း**
သင်ရိုးသစ်သင်ရိုးကုန်ဘာသာစုံစာအုပ်များ (တစ်ဘာသာတစ်အုပ်)

**ရွှေလက်**

၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်
ပုံစံသစ်မွမ်းမံပြင်ဆင်ဖြည့်စွက်ပြီး
**နဝမတန်း**
သင်ရိုးသစ်သင်ရိုးကုန်ဘာသာစုံစာအုပ်များ (တစ်ဘာသာတစ်အုပ်)

**ဖြန့်ချိရေး** ရွှေလက်စာပေ၊ ဖုန်း- ၀၉ ၂၆၀ ၄၁၁ ၆၁၂   အမြို့မြို့အနယ်နယ် ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။



**T.KATE**
**Dip in Eng (UFL)**
English 4 Skills
(Special Class)
အိမ်လိုက်သင်သည်။
Ph:-09-765050167, 09-5155324



**ရောင်းမည်**
သဃ်န်းကျွန်း၊ နှင်းဥယျာဉ်အိမ်ရာ၊ 3255Sqft, ထောင့်ကွက်၊ 2RC, 4MB, YIS,ILBC ကျောင်းအနီး။ Ph:09-797932654



**အမြန်ရောင်းမည်**
ပေ(၁၀×၆၀)၊ RC ၁-ထပ် အိမ်အမှတ်(၁၇)၊ သုနန္ဒာ(၆)လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (အကျိုးဆောင်များလည်း ဆက်သွယ်နိုင်သည်) ဖုန်း-၀၉-၅၀၁၂၁၆၂ ၀၉-၉၆၅၀၁၂၁၆၂



**"ရွှေစည်"**
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
09-73122029
09-795669534



**ရောဂါဗေဒ ရှုကွမ်ဗစ် ဆေးရုံကြီး**
SUKUMVIT HOSPITAL

အသည်းစစ်ဆေးခြင်း - အသည်းခြောက်နှုန်း စစ်ဆေးခြင်း (Fibroscan)





**ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ထားသူများနှင့် ပူးပေါင်းလုပ်ကိုင်လိုပါသည်**

ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ထားသူများ ကျောင်းလုပ်ငန်းရောင်းချလိုသူများနှင့် မိမိ၏ကိုယ်ပိုင်ကျောင်းလုပ်ငန်းတိုးချဲ့ရန်နှင့် ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ရန် စိတ်ဝင်စားသူများနှင့် ပူးပေါင်းလုပ်ကိုင်လိုပါသည်။ Management ရော၊ Investment ပါ ထည့်ဝင်နိုင်ပါသည်။

**ကျေးဇူးပြု၍ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရှင့်**
**အမည်- မကေသီဝင်း၊ ဖုန်းနံပါတ် ၀၉-၆၉၆၆၇၆၈၉၆**



**GW** 0973226006 0973133528 0973077569
**အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း**
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559



**သိန်းသန်းဆက်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116



သင့် သွေး ဖြင့် အ သက် ကယ် ပါ



အဆီများ၍ဗိုက်ချပ်လိုသူများ၊ ဝမ်းပျော့ ဝမ်းမှန်လိုသူများအတွက်...

**သတ္တိမောင်**
အမှတ်တံဆိပ်



**ရှားစောင်းလက်ပပ်ဝမ်းပျော့ဝမ်းမှန်ဆေး**

အမြို့မြို့ဆေးဆိုင်တိုင်းတွင် လက်လီလက်ကားရရှိနိုင်ပါသည်။

## အသိပေးကြေညာချက်

- အရက်/ စီးကရက်/ ဝိုင်/ ဆေးပေါ့လိပ်များသည် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် သတ်မှတ်ထားသည့် အထူးကုန်စည်များဖြစ်ပါသည်။ ယင်းကုန်စည်များအား အခွန်အမှတ်တံဆိပ်ကပ်နှိပ် ထားမှုမရှိခြင်းသည် အထူးကုန်စည်ခွန်ထမ်းဆောင်ရန် ပျက်ကွက်ခြင်း ဖြစ်ပါသည်။
- အထက်ပါကုန်စည်များအား အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်း မရှိဘဲ ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် သိုလှောင်ထားရှိခြင်းတို့ကို တွေ့ရှိရပါက အောက်ပါဖုန်းနံပါတ်များ၊ viber နှင့် e-mail များသို့ သတင်းပေးတိုင်ကြားနိုင်ပါသည်-

  (က) ဝ၆၇-၄၃၀၄၀၉ (ခ) ဝ၆၇-၄၃၀၀၁၄

  (ဂ) ဝ၉-၅ဝ၆၁၈၆၇ (viber)

  Email Address- ird.trainingnpt@gmail.com
- သတင်းပေးတိုင်ကြားချက်အရ စစ်ဆေးတွေ့ရှိရပါက လက်ဝယ်တွေ့ရှိသူအား ဥပဒေနှင့်အညီ ဒဏ်ငွေတပ်ရိုက်မည်ဖြစ်ပြီး ကောက်ခံရရှိသည့် ဒဏ်ငွေ၏ ၂၀% ကို သတင်းပေးတင်ပြသူအား ဆုကြေးအဖြစ် ပြန်လည်ချီးမြှင့်မည်ဖြစ်ပါသည်။
- သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို ဖော်ထုတ်ကြေညာခြင်း မပြုပါ။
- ရသင့်ရထိုက်သော အထူးကုန်စည်ခွန်များ အပြည့်အဝကောက်ခံရရှိနိုင်စေရေးအတွက် အရက်၊ စီးကရက်၊ ဝိုင်၊ ဆေးပေါ့လိပ်များတွင် အခွန်အမှတ်တံဆိပ်များကပ်နှိပ်ထားခြင်း မရှိပါက အထောက်အထားပြည့်စုံစွာဖြင့် သတင်းပေးတိုင်ကြား ကူညီမှုပြုနိုင်ပါရန်နှင့် ဆုကြေးငွေများ ထုတ်ယူနိုင်ကြပါရန် အသိပေးအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

### အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်ဆီများအပေါ် သတင်းပေးသူရရှိမည့် အခွင့်အရေး

- အရက်ဆီ တစ်ပေပါ (၂၂၇ လီတာ) ၏ ဈေးကွက်ပေါက်ဈေး = ၂၃၀,၀၀၀ ကျပ် (ခန့်မှန်း)
- အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိပါက ယင်းအရက်ဆီ
  တစ်ပေပါအတွက် လက်ဝယ်ထားရှိသူက ပေးဆောင်ရမည့် ဒဏ်ကြေး = ၂၃၀,၀၀၀ ကျပ် x ၁၀၀ % = ၂၃၀,၀၀၀ ကျပ် (ခန့်မှန်း)
- ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ယင်းအရက်ဆီတစ်ပေပါ
  အတွက် သတင်းပေးတိုင်ကြားသူ ရရှိမည့် ဆုကြေး = ဒဏ်ကြေးရငွေ၏ ၂၀%
  = ၂၃၀,၀၀၀ ကျပ် x ၂၀ % = ၄၆,၀၀၀ ကျပ် (ခန့်မှန်း)
- အရက်ဆီ ၁၀ ပေပါအတွက် ရရှိမည့် ဆုကြေး = ၄၆,၀၀၀ ကျပ် (ခန့်မှန်း)
- အရက်ဆီ ၁၀၀ ပေပါအတွက် ရရှိမည့် ဆုကြေး = ၄,၆၀၀,၀၀၀ ကျပ် (ခန့်မှန်း)
- သတင်းပေးသူတိုင်ကြားသူရရှိမည့် ဆုကြေးအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုထားပါသည်။
- သတင်းပေးသူ မည်သူဖြစ်ကြောင်း ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လျှို့ဝှက်ထားရှိမည်ဖြစ်ပြီး ထုတ်ဖော်ကြေညာခြင်းမပြုပါ။
- သတင်းပေးတိုင်ကြားရန်- (က) ဝ၆၇-၄၃၀၄၀၉ (ခ) ဝ၆၇-၄၃၀၀၁၄
  (ဂ) ဝ၉-၅ဝ၆၁၈၆၇ (viber)
  Email Address- ird.trainingnpt@gmail.com
- (အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို သတင်းပေးတင်ပြခြင်းသည် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေရရှိရေးအတွက် တာဝန်သိပြည်သူတစ်ဦး ပီသစွာ ကူညီဆောင်ရွက်ခြင်းဖြစ်ပါသည်။)

ပြည်တွင်းအခွန်များဦးစီးဌာန

### အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်ပုလင်းအမျိုးမျိုးအပေါ် သတင်းပေးသူရရှိမည့် အခွင့်အရေး

- အရက် တစ်ပုလင်း (၁ လီတာ) ၏ ဈေးကွက်ပေါက်ဈေး = ၅,၀၀၀ ကျပ် (ခန့်မှန်း)
- အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိပါက ယင်းအရက်
  တစ်ပုလင်းအတွက် လက်ဝယ်ထားရှိသူက ပေးဆောင်ရမည့် ဒဏ်ကြေး = ၅,၀၀၀ ကျပ် x ၁၀၀ % = ၅,၀၀၀ ကျပ် (ခန့်မှန်း)
- ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ယင်းအရက်တစ်ပုလင်း
  အတွက် သတင်းပေးတိုင်ကြားသူ ရရှိမည့် ဆုကြေး = ဒဏ်ကြေးရငွေ၏ ၂၀%
  = ၅,၀၀၀ ကျပ် x ၂၀ % = ၁,၀၀၀ ကျပ် (ခန့်မှန်း)
- အရက်ပုလင်း ၂၄ လုံးပါ 1 Box အတွက်ရရှိမည့် ဆုကြေး = ၁,၀၀၀ x ၂၄ = ၂၄,၀၀၀ကျပ် (ခန့်မှန်း)
- ခန့်မှန်း ၆ ဘီးကား ၁ စီးပါ (200 Boxes) အတွက် ရရှိမည့်ဆုကြေး = ၂၄,၀၀၀ x ၂၀၀ = ၄,၈၀၀,၀၀၀ကျပ် (ခန့်မှန်း)
- သတင်းပေးသူတိုင်ကြားသူရရှိမည့် ဆုကြေးအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုထားပါသည်။
- သတင်းပေးသူ မည်သူဖြစ်ကြောင်း ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လျှို့ဝှက်ထားရှိမည်ဖြစ်ပြီး ထုတ်ဖော်ကြေညာခြင်းမပြုပါ။
- သတင်းပေးတိုင်ကြားရန်- (က) ဝ၆၇-၄၃၀၄၀၉ (ခ) ဝ၆၇-၄၃၀၀၁၄
  (ဂ) ဝ၉-၅ဝ၆၁၈၆၇ (viber)
  Email Address- ird.trainingnpt@gmail.com
- (အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို သတင်းပေးတင်ပြခြင်းသည် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေရရှိရေးအတွက် တာဝန်သိပြည်သူတစ်ဦး ပီသစွာ ကူညီဆောင်ရွက်ခြင်းဖြစ်ပါသည်။)

ပြည်တွင်းအခွန်များဦးစီးဌာန




MIXAGRIP
Peppermint LOZENGES
မစ်ဆာဂရစ် ငုံဆေးပြား
သင့်လည်ချောင်းကိုရှင်းသွားစေမှာပါ aaahhhhh.....
ကဆုန်လပြည့်နေ့
ညောင်ရေသွန်းပွဲတော်ကို
မစ်ဆာဂရစ် မှ
ဆုမွန်ကောင်း
တောင်းအပ်ပါသည်။

# ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနတို့၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်


ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနတို့၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

**နေပြည်တော် မေ ၁၇**

ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်တွင် အဆောက်အဦ ဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများရှိပါကြောင်း။

အဆောက်အဦဦးစီးဌာန၏ ပြုပြင်ပြောင်းလဲတိုးတက်မှု ဆောင်ရွက်ချက်များအနေဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများက ၂၀၁၈ ခုနှစ်ခြောက်လဘတ်ဂျက်တွင် ရန်ပုံငွေလွှဲပြောင်းခြင်းဆိုင်ရာ **စာမျက်နှာ ၈ ကော်လံ ၁ သို့ »»**

## VUC အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၉ အာရှကလပ် ဖူဆယ်ပြိုင်ပွဲ

**ရန်ကုန် မေ ၁၇**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၉ အာရှကလပ် ဖူဆယ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် VUC အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၁၉ အာရှကလပ် ဖူဆယ်ပြိုင်ပွဲကို ဩဂုတ် ၇ ရက်မှ ၁၇ ရက်အထိ ဗန်ကောက်မြို့ရှိ Futsal Arena Indoor Stadium ၌ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အသင်းပေါင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ VUC FC နှင့်အတူ အီရတ်ကလပ် Naft Al Wasat FC၊ ဂျပန်ကလပ် Nagoya Oceans FC၊ အင်ဒိုနီးရှားကလပ် Vamos FC၊ ကာဂျစ္စတန်ကလပ် FCErem၊ ယူအေအီးကလပ် Al-Dhafra Sport & Cultural Club၊ တရုတ်ကလပ် Shenzhen Nanling Tielang FC၊ ထိုင်းကလပ် Port Futsal Club၊ **စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❖**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၁၇**

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

## အသင်းကြီးများအားပြိုင်မည့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ်

ရန်ကုန် မေ ၁၇

**၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များမှာ မေ ၁၅ ရက်က ပြီးဆုံးခဲ့ပြီး ကွာတားဖိုင်နယ်ရောက်အသင်းများ စုံလင်စွာထွက်ပေါ်လာပြီဖြစ်သည်။ ဒုတိယအဆင့်ပွဲစဉ်များအပြီးတွင် အသင်းကြီးများဖြစ်သည့် ရတနာပုံ၊ ရှမ်းယူနိုက်တက်၊ ဟံသာဝတီ၊ ရခိုင်၊ မကွေး၊ စစ်ကိုင်းနှင့် Southern အသင်းတို့ တက်ရောက်လာပြီး လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရမည်ဖြစ်ရာ ပြိုင်ဆိုင်မှုပြင်းထန်သောပွဲကောင်းများကို တွေ့မြင်ရမည်ဖြစ်သည်။**


မေ ၁၅ ရက်က ကျင်းပသည့် ရှုံးထွက်ဒုတိယအဆင့်တွင် စစ်ကိုင်းနှင့် ဒဂုံအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ဒုတိယအဆင့်ပွဲစဉ်များကို မေ ၁၊ ၈၊ ၁၅ ရက်က ကျင်းပခဲ့ပြီး စစ်ကိုင်းအသင်းက ဒဂုံအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ Southern အသင်းက ငွေကြယ်ပွင့်အသင်းကို လေးဂိုး-ဂိုးမရှိ၊ မကွေးအသင်းက အား/ကာသိပွဲအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ရတနာပုံအသင်းက ဧရာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဟံသာဝတီအသင်းက တက္ကသိုလ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ကြသည်။

ရခိုင်နှင့် ဇွဲကပင်အသင်းပွဲတွင် နှစ်ဂိုးစီသရေကျနေ၍ ပင်နယ်တီဖြင့်ဆုံးဖြတ်ရာ ရခိုင်အသင်းက လေးဂိုး-သုံးဂိုး၊ စုစုပေါင်းခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့သည်။ ကွာတားဖိုင်နယ်ရောက်ရှိလာသည့် အသင်းများတွင် **စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ❍**

MTB MYANMA TOURISM BANK
မြန်မာ့ခရီးသွားဘဏ်
“သင့်အနာဂတ်ဖန်တီးဖို့ MTB နဲ့လက်တွဲစို့”
Address: No.437(Ka), Pyay Road, 8 Ward, Kamayut Township, Yangon, Myanmar. Tel: 09 682 682 682
Email : info@mtb-bank.com, Facebook : www.facebook.com/MyanmaTourismBank, Website : www.mmtourismbank.com